ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန









## ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး

## ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၂၅ - ၂၀၂၆ ခုနှစ်အထိ

## စီမံကိန်း အပိုင်း(၁)

ပြုစုသူ
ဦးဘခင် B.Sc(Forestry)
လက်ထောက်ညွှန်ကြားရေးမှူး

မတ်လ၊ ၂၀၁၆ ခုနှစ်

ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန

# ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး
# (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ)

## အတွဲ ( ၁ )

ပြုစုသူ
လက်ထောက်ညွှန်ကြားရေးမှူး
ဦးဘခင်

ဖေဖော်ဝါရီလ၊ ၂၀၁၆ ခုနှစ်

## သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | စီမံကိန်းအကျဉ်းချုပ် | ၁ | ၄ |
| | အပိုင်း (၁) လက်ရှိအခြေအနေ | ၄ | ၅ |
| ၁ | **နိဒါန်း** | ၅ | ၆ |
| ၂ | **အခြေခံအချက်အလက်များ** | ၇ | - |
| | ၂.၁ ဇီဝဆိုင်ရာအချက်အလက်များ | ၇ | ၁၆ |
| | ၂.၂ မြေအသုံးချမှု | ၁၆ | ၂၁ |
| | ၂.၃ သစ်တောသယံဇာတအရင်းအမြစ် | ၂၁ | - |
| | ၂.၃.၁ သစ်တောအမျိုးအစားများနှင့်ဧရိယာအကျယ်အဝန်း | ၂၁ | ၂၅ |
| | ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ | ၂၅ | - |
| | ၂.၃.၂.၁ ကြိုးဝိုင်းတောများ | ၂၅ | ၃၉ |
| | ၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ | ၃၉ | ၄၄ |
| | ၂.၃.၂.၃ ကြိုးပြင်တောများ(သစ်တောဖုံးလွှမ်းလျှက်ရှိသည့် အစိုးရမြေ) | ၄၄ | ၅၃ |
| | ၂.၃.၃ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ | ၅၃ | ၅၅ |
| | ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ | ၅၅ | ၅၆ |
| ၃ | **လူဦးရေဆိုင်ရာအချက်အလက်များ** | ၅၆ | ၅၈ |
| ၄ | **ယခင်အုပ်ချုပ်လုပ်ကိုင်ခြင်း** | ၅၈ | - |
| | ၄.၁ ထုတ်လုပ်ခြင်း | ၅၈ | ၅၉ |
| | ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့်အုပ်ချုပ်လုပ်ကိုင်ခြင်း | ၅၉ | ၆၁ |
| | ၄.၃ လုပ်ငန်းဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲခြင်း | ၆၂ | ၆၄ |
| | ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး | ၆၅ | - |
| | ၄.၅ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၆၅ | - |
| ၅ | **ယခင်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ခြင်း** | ၆၅ | - |
| | ၅.၁ ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်မှု | ၆၅ | - |
| | ၅.၂ လူမှုရေးနှင့်လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများ | ၆၆ | - |
| | ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ | ၆၆ | - |
| | ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၆၆ | - |
| | ၅.၅ ပြင်ပအကြောင်းရင်းများမှ အကျိုးသက်ရောက်မှု | ၆၇ | - |
| | ၅.၆ လိုအပ်ချက်နှင့်ဖြည့်ဆည်းပေးနိုင်မှု | ၆၇ | - |
| | ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၆၇ | - |
| | ၅.၈ လုပ်ငန်းဆိုင်ရာအခက်အခဲအတားအဆီးများ | ၆၇ | - |
| | ၅.၉ အထွေထွေ | ၆၈ | - |
| ၆ | **နိဂုံး** | ၆၈ | - |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | **အပိုင်း(၂) အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု** | ၆၉ | - |
| ၇ | **သစ်တောမူဝါဒ** | ၆၉ | ၇၀ |
| ၈ | **အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ** | ၇၀ | - |
| | ၈-၁ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များ (၁၀)နှစ်ကာလအတွက် | ၇၀ | ၇၁ |
| | ၈-၂ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၇၁ | ၇၂ |
| ၉ | **အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်း** | ၇၂ | - |
| | ၉-၁ ထုတ်လုပ်ရေးသဘာဝသစ်တောများ | ၇၂ | - |
| | ၉-၁-၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၇၂ | - |
| | ၉-၁-၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၇၃ | - |
| | ၉-၁-၂-၁ ထုတ်လုပ်ရေး အလုပ်တိုက်နယ် | ၇၃ | - |
| | ၉-၂ ထုတ်လုပ်ရေး သစ်တောစိုက်ခင်းများ | ၇၃ | ၉၂ |
| | ၉-၂-၁ အုပ်ချုပ်ရေးလုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၉၂ | ၉၃ |
| | ၉-၂-၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၉၃ | - |
| | ၉-၂-၂-၁ စိုက်ခင်းအလုပ်တိုက်နယ် | ၉၃ | ၁၀၅ |
| | ၉-၂-၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၁၀၅ | - |
| | ၉-၂-၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၁၀၅ | - |
| | ၉-၃ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ | ၁၀၆ | - |
| | ၉-၃-၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၀၆ | - |
| | ၉-၃-၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၁၀၆ | - |
| | ၉-၃-၂-၁ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ် | ၁၀၇ | ၁၂၀ |
| | ၉-၄ ရေဝေရေလဲသစ်တောများ | ၁၂၀ | - |
| | ၉-၄-၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၂၀ | ၁၂၁ |
| | ၉-၄-၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၁၂၁ | - |
| | ၉-၄-၂-၁ ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ် | ၁၂၁ | ၁၂၆ |
| | ၉-၅ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ | ၁၂၆ | - |
| | ၉-၅-၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၂၆ | - |
| | ၉-၅-၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၁၂၆ | - |
| | ၉-၅-၂-၁ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ် | ၁၂၆ | ၁၂၉ |
| | ၉-၅-၃ ငှက်သိုက်များ | ၁၂၉ | - |
| | ၉-၅-၃-၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၂၉ | - |
| | ၉-၅-၃-၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၁၂၉ | ၁၃၀ |
| | ၉-၅-၃-၂-၁ ငှက်သိုက်အလုပ်တိုက်နယ် | ၁၃၀ | ၁၃၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၉-၅-၄ ဒီရေတောများ | ၁၃၅ | - |
| | ၉-၅-၄-၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၃၅ | - |
| | ၉-၅-၄-၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၁၃၆ | - |
| | ၉-၅-၄-၂-၁ ဒီရေတောများအလုပ်တိုက်နယ် | ၁၃၆ | ၁၄၂ |
| | ၉-၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ | ၁၄၂ | - |
| | ၉-၇ သစ်တောကာကွယ်ခြင်း | ၁၄၂ | - |
| | ၉-၇-၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း | ၁၄၂ | ၁၄၄ |
| | ၉-၇-၂ မီးကာကွယ်ခြင်း | ၁၄၄ | ၁၄၅ |
| | ၉-၇-၃ ပိုးမွှားနှင့်ရောဂါအန္တရာယ်ကာကွယ်ခြင်း | ၁၄၅ | - |
| | ၉-၇-၄ လှည့်လည်စစ်ဆေးခြင်း | ၁၄၅ | - |
| | ၉-၇-၅ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း | ၁၄၆ | - |
| | ၉-၈ လေ့ကျင့်ရေးသုတေသနနှင့်ဖွံ့ဖြိုးရေး | ၁၄၇ | - |
| | ၉-၈-၁ လေ့ကျင့်ရေး | ၁၄၇ | - |
| | ၉-၈-၂ သုတေသန | ၁၄၇ | - |
| | ၉-၈-၃ ဖွံ့ဖြိုးရေး | ၁၄၇ | ၁၄၈ |
| | ၉-၈-၄ အဏ္ဏဝါအမျိုးသားဥယျာဉ် | ၁၄၈ | - |
| | ၉-၉ သစ်တောအခြေခံလုပ်ငန်း | ၁၄၈ | - |
| | ၉-၉-၁ ပြည်သူပိုင်ကဏ္ဍ | ၁၄၈ | ၁၄၉ |
| | ၉-၉-၂ သမဝါယမကဏ္ဍ | ၁၄၉ | - |
| | ၉-၉-၃ ဖက်စပ်ပိုင် ကဏ္ဍ | ၁၄၉ | - |
| | ၉-၉-၄ ပုဂ္ဂလိကကဏ္ဍ | ၁၄၉ | ၁၅၀ |
| | ၉-၁၀ သဘာဝဝန်းကျင်နှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့်အချက်များ | ၁၅၀ | ၁၅၂ |
| | ၉-၁၁ အခြေခံအဆောက်အဦ | ၁၅၃ | ၁၅၄ |
| | ၉-၁၂ ဝန်ထမ်းအင်အားနှင့်ဘတ်ဂျက် | ၁၅၄ | ၁၅၈ |
| | ၉-၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း | ၁၅၈ | ၁၆၀ |
| | ၉-၁၄ အထွေထွေ | ၁၆၀ | - |
| ၁၀ | မြေပုံနှင့် နောက်ဆက်တွဲများ | ၁၆၀ | - |

# စီမံကိန်းအကျဉ်းချုပ်

## စီမံကိန်းအမည်

၁။ ဤစီမံကိန်းသည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွက် ရေးဆွဲထားသော မြိတ်ခရိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းဖြစ်ပါသည်။

## စီမံကိန်းကာလ

၂။ စီမံကိန်းကာလမှာ(၁၀)နှစ် ( ၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၀၂၆) ခုနှစ်ထိ ဖြစ်ပါသည်။

## အခွင့်အာဏာ

၃။ ၁၉၉၂ခုနှစ် သစ်တောဥပဒေပုဒ်မ၊ ၁၀ အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ဤသစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဝန်ကြီး၏ သဘောတူခွင့်ပြုချက်ဖြင့် စီမံခန့်ခွဲမှု အခွင့်အာဏာများကို ကျင့်သုံးပြီး အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

## စီမံကိန်းရည်ရွယ်ချက်

၄။ မြိတ်ခရိုင်အတွင်းရှိ သစ်တောသယံဇာတများကို လုပ်ငန်းစီမံကိန်း အစီအစဉ် များချမှတ် လျက် ထိန်းသိမ်းပြုစုပြီး စနစ်တကျထုတ်ယူသုံးစွဲခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြင့် သစ်တောများ ထာဝစဉ်တည်တံ့ဖွံ့ဖြိုးနိုင်စေရန် ရည်ရွယ်ပါသည်။

## အကျယ်အဝန်းနှင့် လူဦးရေ

၅။ မြိတ်ခရိုင်တွင် မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် ပုလောမြို့နယ်တို့ ပါဝင်ပြီး အကျယ်အဝန်း ဧရိယာ (၄၉၈၁၁၁၈) ဧက ကျယ်ဝန်းပါသည်။ မြိတ်ခရိုင်၏ ၂၀၁၄ ခုနှစ် မြန်မာ နိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြို့နေလူဦးရေ (၁၅၁၃၁၅)ဦး၊ တောနေ လူဦးရေ (၅၄၁၇၇၂) ဦး၊ စုစုပေါင်း လူဦးရေ (၆၉၃၀၈၇) ဦး ရှိပါသည်။

## မြေမျက်နှာသွင်ပြင်

၆။ မြိတ်ခရိုင်အရှေ့ဘက်ခြမ်းတွင် မတ်စောက်သည့် တနင်္သာရီတောင်တန်းရှိပြီး၊ အနောက်ဘက် ခြမ်းတွင် အများအားဖြင့် ပြန့်ပြူးသည့် ပင်လယ်ကမ်းစပ်များရှိပါသည်။ ခရိုင်၏ မြေမျက်နှာ သွင်ပြင်ကိုအကြမ်းအားဖြင့် တောင်ကုန်းဒေသနှင့် ကမ်းရိုးတန်းဒေသဟု ခွဲခြားနိုင်ပြီး တနင်္သာရီ တောင်တန်းသည် မြောက်ဘက်ပိုင်းတွင်ပိုမိုမြင့်ပြီး တောင်ဘက်ပိုင်းတွင် အနည်းငယ် နိမ့်ဆင်း သွားပါသည်။

## ရာသီဥတု

၇။ မြိတ်ခရိုင်သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ပြီး အီကွေတာနှင့် အလွန်နီးကပ်သည့် ဒေသဖြစ်သည့်အလျောက် အပူအအေးကွာခြားမှု အလွန်နည်းပါသည်။ နွေ၊ မိုး၊ ဆောင်း ရာသီဥတု သုံးပါးရှိသည့်အနက် နွေရာသီနှင့်မိုးရာသီ(၂)ခုသာရှည်ကြာပြီး ဆောင်းရာသီမှာအလွန်တိုတောင်းပါသည်။ ၂၀၀၆-၂၀၁၅ ခုနှစ်အထိ ကာလအတွင်း ပျမ်းမျှအပူချိန်မှာ အပူဆုံးလတွင် (၃၀)ဒီဂရီစင်တီဂရိတ် ရှိပြီး အအေးဆုံးလမှာ (၂၅.၀)ဒီဂရီစင်တီဂရိတ် ရှိပါသည်။ ၂၀၀၆-၂၀၁၅ ခုနှစ်အထိ ကာလအတွင်း အပူဆုံးလ အမြင့်ဆုံးအပူချိန်မှာ (၃၄.၇)ဒီဂရီစင်တီဂရိတ် အအေးဆုံးလ အနိမ့်ဆုံးအပူချိန်(၁၆.၉) ဒီဂရီစင်တီဂရိတ်နှင့် ပျှမ်းမျှအပူချိန် (၂၀.၄၆)ဒီဂရီ စင်တီဂရိတ်ရှိပါသည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း နှစ်စဉ် ပျှမ်းမျှ မိုးရေချိန်မှာ ၂၄၉.၈၂ လက်မ ရှိပါသည်။

## သစ်တောမြေအသုံးချမှု

၈။ မြိတ်ခရိုင်အတွင်း ဖွဲ့စည်းပြီး ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော(၁၈)ခုရှိပြီး ဧရိယာအားဖြင့် (၁၅၆၉၈၀၆)ဧက ရှိပြီး မြေအသုံးချမှု အနေဖြင့်ကျူးကျော် လယ်(၂၀၂)ဧက၊ယာ(၃၄၆)ဧက အခြားမြေ(၅၅)ဧက စုစုပေါင်း (၆၀၃) ဧကရှိပါသည်။

## တောအမျိုးအစားနှင့် သစ်၊ ကြိမ်၊ ဝါးများ

၉။ မြိတ်ခရိုင်အတွင်းအဓိက ပေါက်ရောက်သည့် တောအမျိုးအစားမှာ အမြဲစိမ်းတောနှင့် ဒီရေတောများဖြစ်ပါသည်။ အမြဲစိမ်းတောတွင် ပေါက်ရောက်နေသည့်အပင်များမှာ ဝေန်ကြိုးဝိုင်း၊ ဝေန်ချောင်းဘေးတွင် ပျဉ်းကတိုးအနည်းငယ်ပေါက်ရောက်ပြီး အခြားပေါက်ရောက်ပင်များမှာ သင်္ကန်းကျောက်၊ ကညင်(ဆီ)၊ စံကား (စံကားဝါ၊ စကား)၊ ကဒွတ်၊ ကံ့ကော်၊ သပြေ၊ သပြေနီ၊ အနန်း(အညင်း)၊ တောင်ပရုံး သစ်ရှိ၊ သစ်ခါး(ရှစ်ခါး)၊ ပျဉ်းမ(ခမောင်း)၊ ကရဝေး၊ မှန်သင်း၊ အောက်ချင်းစာ၊ တောင်သရက်၊ အကျော်၊ ကရမက်၊ တောင်သံကြီး အစရှိသည့် အပင်များ ပေါက်ရောက်လျက်ရှိပါသည်။သို့ရာတွင် ယခုအချိန်၌ အောက်ချင်းစာ၊ အကျော်နှင့် ကရမက်များ သည် ရှားပါးလာပြီဖြစ်ပါသည်။ ဒီရေတောတွင် ကနစို၊ မဓမ(ပန်းလုံး)၊ ဗြူး(ပရုန်း)၊ ဗြူးချေးတောက်၊ ဗြူးဥတလုံး၊ လမု၊ လမဲ့၊ ဆောင်း (သို့မဟုတ်) ၄က်၊ ကျုံ့နန် (ကျုန)၊ ပင်လယ်အုန်း၊ အမရာ(ကန့်ဗလာ) အစရှိသောအပင်များပေါက်ရောက်ပြီး ကျုံ့နန်း(ကျုန)၊ ပင်လယ်အုန်းများသည် လူသုံးများမှုကြောင့် မျိုးသုန်းလုနီးပါးဖြစ်ပါသည်။ ဝါးများမှာ ဝါးပါး၊ ဝါးနွယ်၊ ဝါးသပွတ်၊ ဝါးယား၊ ဝါးဘိုးဝါးကြီးများ ပေါက်ရောက်ပြီး၊ ကြိမ်များမှာ ခပေါင်းကြိမ်၊ တောတန်းလန်း၊ ယမထာ (ကလာကြိမ်)၊ ရေသွန်းကြိမ်၊ ကြိမ်ဖြူ၊ ကြိမ်ပုတ်၊ ဝမ်သွပ်ကြိမ်များ ပေါက်ရောက်ပြီး တောတန်းလန်း၊ ဝမ်သွပ်နှင့်ခပေါင်းကြိမ် အများဆုံးပေါက်ရောက်လျက်ရှိပါသည်။

## သစ်ပင်ပေါက်ရောက်မှုနှင့်သစ်ထုတည်

၁၀။ မြိတ်ခရိုင်အတွင်း ဒေသလုံခြုံရေးအခြေအနေအရ နယ်မြေအကန့်အသတ်ရှိသည့် အတွက် ယခင်စီမံကိန်းကာလ ၂၀၀၆-၂၀၀၇ ခုနှစ် မှ ၂၀၁၅-၂၀၁၆ ခုနှစ် အထိ သစ်တောသယံဇာတစာရင်း ကောက်ယူနိုင်ရေးမရှိပါ။ ၂၀၁၅ခုနှစ် (One Shot Inventory) စာရင်းကောက်ယူခြင်း ကိန်းဂဏန်း များကို အခြေခံ၍ ပင်ထောင်ဇယား၊ထုတည် ဇယားနှင့် နှစ်စဉ်တောထွက်တို့ကို တွက်ချက်ထားမှု အရ သစ်မာနှစ်စဉ်တောထွက် (၃၃၁၁၀)ပင်ရှိပါသည်။ အုပ်စု(၁) ၁၃၁ ပင်၊ အုပ်စု(၂) ၆၂၀၈ ပင်၊ အုပ်စု(၃) ၁၀၂၂၉ ပင်၊ အုပ်စု(၄) ၆၀၈ ပင်နှင့် အုပ်စု(၅) ၁၅၉၃၈ ပင်ရှိပါသည်။

## လွန်ခဲ့သည့် (၁၀)နှစ်တာကာလအတွင်း သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

၁၁။ မြိတ်ခရိုင်အတွင်း လွန်ခဲ့သော(၁၀)နှစ်ကာလအတွင်း ကျွန်းသစ်ထုတ်လုပ်မှု မရှိခဲ့ပါ။ ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ (၉)နှစ် ကာလအတွင်း စုစုပေါင်း သစ်လုံး (၂၆၀၁၄၀)လုံး၊ သစ်မာတန် (၄၃၈၀၄၈.၆၅၂)တန် ထုတ်လုပ်ခဲ့ပါသည်။ အခြားသစ်တောထွက်ပစ္စည်းအနေဖြင့် ကြိမ်၊ ငှက်သိုက်၊ မီးသွေး၊ ဝါး၊ တောင်တန်ကြီး/ကရမက်နှင့် ထင်း/မီးသွေးတို့ကို အဓိကထား ထုတ်လုပ်ခဲ့ပါသည်။

## သစ်အခြေခံစက်မှုလုပ်ငန်းများ

၁၂။ မြိတ်ခရိုင်တွင် သစ်စက်(ပုဂ္ဂလိကစက်ကြီး) (၂)လုံး၊ (စက်သေး)(၄၀)လုံး၊ အချောထည် စက်(၃)လုံး၊ လျှာထိုးစက်(၂၂)လုံး၊ အိမ်တွင်းစက်မှုလက်မှုစက်(၃၀)လုံး၊ စုစုပေါင်း (၉၇)လုံးရှိပါ သည်။

## အလုပ်တိုက်နယ်များ

၁၃။ မြိတ်သစ်တောခရိုင်ကို ထုတ်လုပ်ရေးအလုပ်တိုက်နယ်၊ စိုက်ခင်းများ အလုပ်တိုက်နယ်ဒေသ ထောက်ပံ့ရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအလုပ်တိုက်နယ် သစ်မဟုတ်သည့် သစ်တော ထွက်ပစ္စည်းအလုပ်တိုက်နယ်၊ ဒီရေတောအလုပ်တိုက်နယ် ရေဝေရေလဲသစ်တောများ အလုပ်တိုက် နယ်နှင့် သဘာဝနယ်မြေထိန်းသိမ်းရေးအလုပ်တိုက်နယ်(၇)ခုဖြင့် ဖွဲ့စည်း၍ စီမံအုပ်ချုပ်သွားမည် ဖြစ်ပါသည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအလုပ်တိုက်နယ်တွင် ငှက်သိုက်အလုပ် တိုက်နယ်ကို သီးခြားဖွဲ့စည်းထိန်းသိမ်းသွားမည် ဖြစ်ပါသည်။

## တည်ထောင်ပြီးစိုက်ခင်းများ

မြိတ်ခရိုင်အတွင်း သစ်တောဦးစီးဌာနမှ တည်ထောင်ပြီး စီးပွားရေးစိုက်ခင်း (၁၈၀၀)ဧက၊ ကျေးရွာထင်းစိုက်ခင်း (၄၁၀)ဧက၊ ကျေးရွာသုံး(ဒီရေတော) စိုက်ခင်း(၁၅၀)ဧက ရှိပါသည်။

မြိတ်ခရိုင်အတွင်း တည်ထောင်ပြီး ပုဂ္ဂလိက သစ်မာမျိုးစုံစိုက်ခင်း (၂၁၁၅)ဧကနှင့် ပုဂ္ဂလိက ရာဘာ၊ ဆီအုန်း၊ ကြံနှင့်အခြား စိုက်ခင်း(၂၁၃၉၆.၅၄)ဧက ရှိပါသည်။

မြိတ်ခရိုင် ကြိုးပြင်တောများအတွင်း ကျေးလက်အိမ်ယာထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်း အနေဖြင့် တစ်ရွာ(၁)ဧကစိုက်ခင်း (၂၈)ဧက၊ တစ်အိမ်ထောင် သစ်မာယူကလစ် (၂၀)ပင် စုစုပေါင်း (၁၈၉၁၃၀)ပင်၊ တစ်အိမ်ထောင် ပျဉ်းကတိုး(၃)ပင် စုစုပေါင်း(၄၃၁၆၀၀)ပင် နှင့် လူ(၁)ဦးကျွန်း တစ်ပင် စုစုပေါင်း(၉၈၄၀၀)ပင် စိုက်ပျိုးပြီးဖြစ်ပါသည်။

## သဘာဝထိန်းသိမ်းရေးနယ်မြေများ

မြိတ်ခရိုင်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် တနင်္သာရီအမျိုးသားဥယျာဉ် (၆၄၀,၀၀၀)ဧကနှင့် လေညာ အမျိုးသားဥယျာဉ်(တိုးချဲ့) (၃၄၅,၆၀၀)ဧကတို့ကို အပြီးသတ်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်သွား ပါမည်။ သိန်ခွန်းကြိုးဝိုင်းနှင့် သကျက်ကြိုးဝိုင်းတစ်စိတ်တစ်ဒေသ (၃၂၁,၀၀၀)ဧကအား သားရိုင်း တိရစ္ဆာန်ဖြတ်ကူးလမ်း (Wildlife Corridor)အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## သစ်တောခရိုင်ဖွဲ့စည်းပုံ

၁၄။ မြိတ်ခရိုင်တွင် (က)အဆင့်မြို့နယ် မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်၊ (ခ)အဆင့်မြို့နယ် ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ် စုစုပေါင်း (၄)မြို့နယ်ရှိပြီး လက်ထောက်ညွှန်ကြားရေးမှူး (၁)ဦး၊ ဦးစီးအရာရှိ(၃) ဦးအပါအဝင် ဝန်ထမ်းစုစုပေါင်း (၁၆၀)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ လက်ရှိ ကာလ တွင် လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦး၊ ဦးစီးအရာရှိ (၃)ဦး အပါအဝင် (၈၉)ဦး ရှိပါသည်။ စီမံကိန်းကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း၊ ဒီရေတော ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ရှိသည့်အတွက် လက်ရှိဝန်ထမ်းအင်အားနှင့် လုံလောက်မှု မရှိသည့်အတွက် ဝန်ထမ်း ထပ်မံဖြည့်စွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

# အပိုင်း(၁)

# လက်ရှိအခြေအနေ

**၁။ နိဒါန်း**

တနင်္သာရီတိုင်းကို ၁၈၇၆ ခုနှစ်တွင် တောင်တနင်္သာရီသစ်တောတိုင်းအဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၉၂၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ထားဝယ်သစ်တောခရိုင်နှင့် မြိတ်သစ်တောခရိုင်ဟူ၍ သစ်တော ခရိုင်(၂)ခု သီးခြားခွဲခြားဖွဲ့စည်းခဲ့သည်။ တဖန် ၁၉၃၂ ခုနှစ် မတ်လ (၁)ရက် နေ့တွင် ခရိုင်(၂)ခု ပြန်လည်ပေါင်းစည်းပြီး ထားဝယ်သစ်တောခရိုင်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ထိုမှတဖန် ၁၉၉၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်ဟူ၍ ခရိုင်(၃) ခု ပိုင်းခြားဖွဲ့စည်းခဲ့ပါသည်။ သစ်တောဝန် ဦးစိန်ဖေနှင့် ဦးမော်ဒင်တို့မှ ထားဝယ်သစ်တော အုပ်ချုပ် လုပ်ကိုင်မှု စီမံကိန်းများကို ၁၉၅၉-၆၀ မှ ၁၉၇၀-၇၁ ခုနှစ်အထိ (၁၂)နှစ်တာကာလအတွက် နောက်ဆုံးရေးဆွဲခဲ့ပြီး မြိတ်ခရိုင်ကို သစ်မာထုတ်လုပ်ရေးအလုပ်တိုက်နယ်၊ ထင်းနှင့် သစ်ခေါက် အလုပ်တိုက်နယ်၊ ငှက်သိုက် အလုပ်တိုက်နယ်ဟူ၍ (၄)မျိုး (၄)စားခွဲခြား အုပ်ချုပ်ခဲ့ကြောင်း တွေ့ရှိရ ပါသည်။ ၁၉၉၆-၉၇ မှ ၂၀၀၅-၀၆ ခုနှစ်အထိ (၁၀)နှစ်အတွက် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအား မြိတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးပီတင်မောင်ဆွေမှ ဦးဆောင်ရေးဆွဲခဲ့ပြီး ထုတ်လုပ်ရေး အလုပ်တိုက်နယ်၊ စိုက်ခင်းအလုပ်တိုက်နယ်၊ ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေ၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ရေး အလုပ်တိုက်နယ် ဟူ၍ (၅)မျိုး ဖွဲ့စည်းရေးဆွဲခဲ့ပါသည်။ ၂၀၀၆-၀၇ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ (၁၀)နှစ်အတွက် စီမံကိန်းကို မြိတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းမှ ဦးဆောင်၍ ရေးဆွဲခဲ့ပါသည်။ ၂၀၁၀ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့တွင် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်၌ ကျင်းပ ပြုလုပ်သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ပြန်လည်ပြုစုရေးဆွဲရေးဆိုင်ရာ အစည်းအဝေး တွင် သစ်တောဦးစီးဌာန၏ သစ်တောခရိုင်များအလိုက် ရေးဆွဲခဲ့ပြီးသော သစ်တောအုပ်ချုပ် လုပ်ကိုင်မှု စီမံကိန်းများကို ပြန်လည်သုံးသပ်ရာတွင် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေ ရှိစေရန်အတွက် ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်လျက်ရှိပါကြောင်းနှင့် စီမံကိန်းများကို လက်ရှိ အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် သစ်တောများ ထာဝစဉ်တည်တံ့စေသော အုပ်ချုပ်လုပ်ကိုင် မှု နည်းစနစ်များနှင့်အညီ ပြန်လည်ပြုစုရေးဆွဲနိုင်ရေးအတွက် အားလုံးကအလေးထားဆောင်ရွက် သွားရန် လိုအပ်ကြောင်း လမ်းညွှန်ချက်အရ ပြည်နယ်သစ်တောဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစိုင်းမြင့်သိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမောင်ညွန့်နှင့် သစ်တောအရာရှိ များမှ ရေးဆွဲခဲ့ကြပြီး ၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၀၂၆ ခုနှစ်ထိ ညွှန်ကြားရေးမှူး ဦးတင်သိန်းမှ ဦးဆောင်၍ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးမျိုးဝင်း-၂ နှင့် အောက်ပါ သစ်တောအရာရှိများမှ ၂၀၁၅ ခုနှစ်

နိုဝင်ဘာလအထိ ပါဝင်ရေးဆွဲ၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဘခင်မှ ပြန်လည်ပြင်ဆင် ရေးဆွဲခြင်းဖြစ်ပါသည်။

| | | |
|---|---|---|
| (၁) | ဦးအောင်ဇော်ထူး | ဦးစီးအရာရှိ |
| (၂) | ဦးမင်းလင်းနိုင် | ဦးစီးအရာရှိ |
| (၃) | ဦးအောင်ကျော်စိုး | မြို့နယ်ဦးစီးဌာနမှူး |
| (၄) | ဦးနိုင်လင်းထွန်း | မြို့နယ်ဦးစီးဌာနမှူး |
| (၅) | ဦးတင်ထူးနိုင် | တောအုပ်ကြီး |
| (၆) | ဦးခင်မောင်ဦး | တောအုပ်ကြီး |
| (၇) | ဦးဆန်းဦး | တောအုပ် |
| (၈) | ဒေါ်ချိုချိုလွင် | ရုံးအုပ် |

ယခု ပြန်လည်ရေးဆွဲသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ (၁၀)နှစ်အတွက် ရေးဆွဲခြင်းဖြစ်ပြီး ထုတ်လုပ်ရေးအလုပ်တိုက်နယ်၊ စိုက်ခင်းများအလုပ်တိုက်နယ်၊ ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ်၊ ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ်နှင့် ဒီရေတောများအလုပ်တိုက်နယ်ဟူ၍ အလုပ်တိုက်နယ်(၆)ခုဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ အလုပ်တိုက်နယ်များ ပြန်လည်ဖွဲ့စည်းရာတွင် ခရိုင်အတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ ကြိုးပြင်တောများအတွင်း နမူနာကွက်များ ချမှတ်၍ သစ်တောသယံဇာတစာရင်းကောက်ခြင်းမှ ရရှိလာသည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ ပိုမိုပြည့်စုံသည့် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ရေးဆွဲပါသည်။

# ၂။ အခြေခံအချက်အလက်များ

## ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ

### ၂.၁.၁ တည်နေရာ၊ ဧရိယာအကျယ်အဝန်းနှင့် ဥပဒေအကျိုးသက်ရောက်မှု

(က) မြိတ်ခရိုင်တွင် မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့် တနင်္သာရီမြို့များ ပါဝင်ပါသည်။ မြိတ်ခရိုင်နှင့် နယ်နိမိတ် ဆက်စပ်လျက်ရှိသော ခရိုင်များမှာ မြောက်ဘက်တွင် ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်နှင့် အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်လျက်ရှိပါသည်။ မြိတ်ခရိုင်သည် မြောက်လတ္တီတွဒ် ၁၀· ၀၂' မှ ၁၃· ၃၂'အကြားနှင့် အရှေ့လောင် ဂျီတွဒ် ၉၇·၃၀' မှ ၉၉· ၃၅' အတွင်း တည်ရှိပါသည်။

(ခ) မြိတ်ခရိုင်၏ နယ်နိမိတ်အလားအလာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(၁)မြောက်ဘက်။** မြောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ ရှင်မော်ကျွန်း တောင်ဘက် (၃၅) မိုင်ခန့်အကွာ မလိကျွန်းမကြီး မြောက်ဘက် (၂)မိုင် ခန့်အကွာပင်လယ်ကို ဖြတ်၍ ကမ်းခြေသို့ ရောက်သောအခါ အရှေ့မြောက်ဘက် (၄၅·)ခန့် ထောင်တက်ပြီး၊ မြိတ်-ထားဝယ် မော်တော်ကားလမ်းကို ဆင်သိုရွာ မြောက်ဘက် (၆)မိုင်ခန့်အကွာတွင်ဖြတ်၍ ယင်းမှ အရှေ့မြောက်ဘက်သို့ ဆက်လက်ထောင်တက်ပြီး လမ်းမြောက်ဖက် မိုင်(၂၀)ခန့်အကွာ လောင်းစိန်ချောင်းဖျား၊ ထားဝယ်၊ သရက်ချောင်းနှင့် ပုလောမြို့နယ် သုံးပွင့်ဆိုင် နယ်နိမိတ်သို့ ရောက်သော အခါ အရှေ့တောင်ဖက် (၂၅·)ခန့်စုန် ဆင်းပြီး မြင့်မိုရ်လက်ခတ် တောင်ကိုဖြတ်ပြီး၊ ယင်းမှ ထားဝယ်နှင့် ပုလောမြို့နယ်၊ နယ်နိမိတ်တောင်ကြောအတိုင်း စုန်ဆင်းပြီး ထားဝယ်၊ ပုလောနှင့် တနင်္သာရီမြို့ သုံးပွင့်ဆိုင် နယ်နိမိတ်ဆုံရာ နေရာကိုဖြတ်၍ ထားဝယ်နှင့် တနင်္သာရီမြို့နယ် နယ်နိမိတ်ကြောအတိုင်း ဆက်လက် စုန်ဆင်းပြီး တနင်္သာရီမြစ်ကို ပြင်သာချောင်း မြောက်ဘက် (၂)မိုင်ခန့်အကွာတွင် ဖြတ်ပြီးလျှင် ထားဝယ်နှင့် ပုလောမြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ နယ်နိမိတ်အထိ။

**(၂)အရှေ့ဘက်။** အရှေ့ဘက်တွင် ထိုင်းနှင့်မြန်မာနိုင်ငံနယ်နိမိတ် တောင်ကြော အတိုင်း မြောက်မှ အရှေ့တောင်ဖက် ယွန်းယွန်းသို့ မိုင်(၂၀၀) ခန့် စုန်ဆင်းပြီး မောတောင် တောင်ကြားလမ်းသို့ ရောက် သောအခါ ထိုင်းနိုင်ငံနယ်နိမိတ် တောင်ကြောအတိုင်း အနောက်တောင် ယွန်းယွန်း (၆၅)မိုင်ခန့်၊ ဝေန်တောင်ထိပ် အနောက်တောင်ဘက် (၈)မိုင်အကွာအထိ။

**(၃) တောင်ဘက်။** တောင်ဘက်တွင် တနင်္သာရီမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ် နယ်နိမိတ်၊ ဝေန်ကြိုးဝိုင်းနှင့် လေညာကြိုးဝိုင်း နယ်နိမိတ် ကြောအတိုင်း ယင်းမှ ဝေန်ချောင်းနှင့် လေညာမြစ် ရေဝေ အတိုင်း၊ မြောက်ဘက်ယွန်းယွန်းသို့ ဆန်တက်ပြီး တနင်္သာရီ မြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်သုံးပွင့်ဆိုင် မြေ နယ်နိမိတ်အထိ၊ ထိုမှတဖန် ကျွန်းစုမြို့နယ်နှင့် ဘုတ်ပြင်း မြို့နယ်နိမိတ်အတိုင်း အနောက်တောင်ယွန်းယွန်းသို့ ထေပင်လယ် အော်ကိုဖြတ်၍ ရေအေးကြီးကျွန်း၊ မော်ယူအင့ူစွန်းဘေးမှ ဖြတ်၍ ယင်းမှပန်းတောင်းကျွန်းတောင်ဘက်အစွန်း (၃)မိုင် ခန့်အကွာသို့ဖြတ်ပြီး၊ မာရီယာကျွန်းနှင့် အယ်လီဇာကျွန်းကြားသို့ ဖြတ်ပြီး အပြည်ပြည်ဆိုင်ရာရေကြောင်း နယ်နိမိတ်အထိ။

**(၄)အနောက်ဘက်။** အနောက်ဘက်တွင် လောင်ဂျီတွဒ် ၉၇˚ ၄၅' မျဉ်းကြောင်း အတိုင်းဖြစ်ပါသည်။ အလျားမိုင်(၂၀၀)ခန့်ရှိပါသည်။ မြိတ်ခရိုင် သည်အကျယ်အဝန်းအားဖြင့် (၄၉၈၁၁၁၈)ဧကရှိပါသည်။ ခရိုင်အတွင်း ကြိုးဝိုင်း(၁၃)ခု ဧရိယာ(၁၃၃၁၀၂၉)ဧက၊ တနင်္သာရီအမျိုးသားဥယျာဉ်အဖြစ် အဆိုပြုထားသည့်သဘာ ဝထိန်းသိမ်းရေးနယ်မြေ(၁)ခု ဧရိယာ (၆၄၀၀၀၀)ဧက၊ လေညာအမျိုးသားဥယျာဉ်အဖြစ် အဆိုပြုထားသည့် သဘာဝ ထိန်းသိမ်းရေးနယ်မြေ(၁)ခု ဧရိယာ (၃၄၅၆၀၀)ဧကနှင့် ကြိုးပြင်ကာကွယ်တော(၅)ခု ဧရိယာ (၂၃၈၇၇၇)ဧကရှိပြီး သစ်တောနယ်မြေအနေဖြင့် ခရိုင်ဧရိယာ၏ (၆၄.၃၂%) ရှိပါသည်။ မြိတ်ခရိုင်အတွင်းရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ် တောနှင့် အဆိုပြုသဘာဝထိန်းသိမ်းရေး နယ်မြေများ၏ အမည်၊ ဧရိယာ၊ အမိန့်ကြော်ငြာစာအမှတ်နှင့် ရက်စွဲတို့ကို ဇယား(၂-၁-၁) ဖြင့် ဖော်ပြအပ်ပါသည်။

## မြိတ်ခရိုင်အတွင်း ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းနယ်မြေများစာရင်းဇယား

ဇယား(၂.၁.၁)

| စဉ် | ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းနယ်မြေအမည် | ဧရိယာ (ဧက) | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | **ကြိုးဝိုင်းတော** | | | |
| ၁ | ဝေန် | ၂၉၇၄၀၅ | ၃၇(၂၈-၇-၁၈၈၇) | |
| ၂ | ဝေန်(တိုးချဲ့) | ၁၆၁၆၈၂ | ၁၀၂(၅-၅-၁၉၄၁) | |
| ၃ | အောက္ကလန်ကွေ့ | ၄၄၉၃၃ | ၆၂(၃၀-၄-၁၉၀၈) | |
| ၄ | ပနာတောင် | ၅၉၂၂ | ၇၈(၂၇-၅-၁၉၀၈) | |
| ၅ | ဘိုတောင် | ၂၈၂ | ၃၄၅(၁၈.၁၀.၁၉၂၀) | |
| ၆ | ရွာသစ် | ၉၃၇ | ၂၆၄(၁၂-၂-၁၉၂၃) | |
| ၇ | နတ္တလင်းတောင် | ၆၅၈၇ | ၃၀၇(၂၀-၁၀-၁၉၃၀) | |
| ၈ | တောင်ဖရူး | ၄၄၄၁၈ | ၃၀၇(၂၀-၁၀-၁၉၃၀) | |
| ၉ | သကျက် | ၄၁၀၆၀၆ | ၁၃၁(၁၄-၅-၁၉၃၁) | |
| ၁၀ | သိန်ခွန်း | ၂၄၃၁၁၆ | (၂၆.၉.၁၉၇၀) | |
| ၁၁ | မရင်းကြီး | ၁၂၈၉၇ | ၉၀(၇-၉-၁၉၃၁) | |
| ၁၂ | (က)ငှက်သိုက်ကျွန်း(ပိုင်း) | ၉၁၈ | ၃၄၄(၁-၁-၁၉၄၆) | |
| | (ခ)ငှက်သိုက်ကျွန်း(ပိုင်း) | ၄၉၁ | ၃၄၄(၁-၁-၁၉၄၆) | ပုလော |
| ၁၃ | ပုလောကြိုးဝိုင်း | ၁၀၀၈၃၅ | ၃၂(၁၂-၆-၂၀၁၃) | ကျွန်းစု |
| | **ပေါင်း** | **၁၃၃၁၀၂၉** | | |
| | **ကြိုးပြင်ကာကွယ်တော** | | | |
| ၁ | မြိတ်ဒီရေတော | ၆၁၃၆၄ | ၃(၂၆-၁-၂၀၀၁) | |
| ၂ | ကျွန်းစုဒီရေတော | ၆၁၉၆၄ | ၁(၂၆-၁-၂၀၀၁) | |
| ၃ | ကတန်ကျွန်း | ၈၅၄၉၉ | ၄၉(၆-၇-၂၀၀၁) | |
| ၄ | ပန်းတောင်းဒီရေတာ | ၇၄၅၀ | ၃၅(၁၂.၆.၂၀၁၃) | |
| ၅ | မလိ | ၂၂၅၀၀ | ၃၃(၁၂.၆.၂၀၁၃) | |
| | **ပေါင်း** | **၂၃၈၇၇၇** | | |
| | **သစ်တောမြေပေါင်း** | **၁၅၆၉၈၀၆** | | |
| | **အဆိုပြုသဘာဝထိန်းသိမ်းရေးနယ်မြေ** | | | ရည်ရွယ်ကြောင်းအမိန့်ကြော်ငြာစာထုတ်ပြန်ပြီး |
| ၁ | တနင်္သာရီအမျိုးသားဥယျာဉ် | ၆၄၀၀၀၀ | ၁၉(၁၈- ၃-၂၀၀၂) | |
| ၂ | လေညာအမျိုးသားဥယျာဉ်(တိုးချဲ့) | ၃၄၅၆၀၀ | ၄၃(၁၄ -၁၀-၂၀၀၄) | |
| | **ပေါင်း** | **၉၈၅၆၀၀** | | |

ဇစ်မြစ်- မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## ၂.၁.၂ မြေမျက်နှာသွင်ပြင်

မြိတ်ခရိုင်သည် အရှေ့ဘက်ခြမ်းတွင် မတ်စောက်သည့် တနင်္သာရီတောင်တန်း ရှိပြီး၊ အနောက်ဘက်ခြမ်းတွင် အများအားဖြင့်ပြန့်ပြူးသည့် ပင်လယ်ကမ်းစပ် များရှိပါသည်။ တနင်္သာရီတောင်တန်းသည် မြောက်ဘက်ပိုင်းတွင် ပိုမိုမြင့်ပြီး၊ တောင်ဘက်ပိုင်းတွင် အနည်းငယ်နိမ့်ဆင်းသွားပါသည်။ မြောက်ဘက် ပုလော နှင့် ထားဝယ်နယ်စပ်တွင် ပင်လယ်ပြင်မှ အမြင့်ပေ (၆၈၀၀)ကျော်၊ မြင့်မိုရ်လက်ခတ်တောင်၊ ယင်းနောက် အမြင့်ပေ(၄၃၂၅)ရှိ သကျက်တောင်၊ အမြင့်ပေ (၈၁၅)ပေရှိ ကျောက်ဖျာတောင်နှင့် အမြင့်ပေ (၂၃၉၀)ရှိ ငဝန်တောင်များ ပါဝင်ပြီး ကျွန်းများတွင် အမြင့်ပေ (၁၀၁၀) လောက် သာရှိကြပါသည်။

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်တစ်ခုတည်းတွင်ပင် ကျွန်းပေါင်း (၂၀၁)ခန့်ရှိပြီး၊ အများအားဖြင့် ဒီရေတောများဖြစ်၍ မြေမျက်နှာပြန့်ဖြူးလျက်ရှိပါသည်။ အချို့ ကျွန်းကြီးများ၌သာ အမြင့်ပေ (၁၀၀၀)အောက်တောင်ကုန်းများရှိပါသည်။ ကျွန်းများ အနက် အထင်ရှားဆုံးကျွန်းမှာ ကတန်ကျွန်း (KING ISLAND) ဖြစ်ပြီး စတုရန်းမိုင် (၁၇၀)ခန့်ရှိပါသည်။ အတွင်းပိုင်းတွင် မတ်စောက်သည့် တောင်ကုန်း၊ တောင်တန်း ရှိပြီး ဘေးပတ်ပတ်လည်တွင် ဒီရေရောက် ဧရိယာများ ဖြစ်ပါသည်။ ကတန်ကျွန်း အပြင် ထင်ရှားသည့် အခြားကျွန်းများမှာ လင်းလုကျွန်း (ELPHINSTONE)၊ ဒုံးကျွန်း (ROSS ISLAND)၊ စခန်းသစ်ကျွန်း (SELLORE ISLAND)၊ ပြင်စဘုကျွန်း (BENTICK ISLAND)၊ ပန်းတောင်း ကျွန်း(DOMEL ISLAND) တို့ဖြစ်ပါသည်။

## ၂.၁.၃ ဘူမိဗေဒနှင့် မြေဆီလွှာ

မြိတ်ခရိုင်၏ ဘူမိဗေဒနှင့် ပတ်သက်၍ အနည်ကျကျောက်၊ အသွင်ပြောင်း ကျောက်၊ နှန်းကျောက်နှင့် ကျွန်းပေါ်များတွင် မီးသင့်ကျောက်များ တွေ့ရှိပြီး ခဲမဖြူ၊ အဖြိုက် နက်နှင့် ကျောက်မီးသွေးထွက်ရှိပါသည်။ ကမ်းခြေနှင့် ဒီရေရောက် ဧရိယာများ တွင် သဲနုံးမြေများရှိပြီး၊ ကုန်းပိုင်းတွင် အညိုရောင်နှင့်နီဝါရောင်မြေများ ရှိပါသည်။

# မြိတ်ခရိုင်အတွင်း မြို့နယ်၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအလိုက် တွေ့ရှိရသော မြေအမျိုးအစားများ

ဇယား(၂.၁.၃)

| စဉ် | မြို့နယ် အမည် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော အမည် | မြေအမျိုးအစား | | |
|---|---|---|---|---|---|
| | | | မြန်မာအမည် | FAO အမည် | Landuse အမည် |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | **ကြိုးဝိုင်းတော** | | | |
| ၁ | မြိတ် | ပနာတောင် | တောင်မြင့်နီညိုတောမြေ | Cambisois (Chromic) | Mountainous Red Brown Forest |
| ၂ | မြိတ် | ဘိုတောင် | ...။.... | ...။.... | ...။.... |
| ၃ | မြိတ် | ရွာသစ်ရွာ | ...။.... | ...။.... | ...။.... |
| ၄ | မြိတ် | နတ္တလင်းတောင် | ...။.... | ...။.... | ...။.... |
| ၅ | တနင်္သာရီ | တောင်ဖရူး | တောင်မြင့်ညိုရောင်တောမြေ | Cambisois (Humic) | Mountainous Brown Forest |
| ၆ | တနင်္သာရီ | မရင်းကြီး | ...။.... | ...။.... | ...။.... |
| ၇ | တနင်္သာရီ | သကျက်ကြိုး | ...။.... | ...။.... | ...။.... |
| ၈ | တနင်္သာရီ | သိန်ခွန်း | ...။.... | ...။.... | ...။.... |
| ၉ | တနင်္သာရီ | ဝေန် | ...။.... | ...။.... | ...။.... |
| ၁၀ | တနင်္သာရီ | ဝေန်တိုးချဲ့ | ...။.... | ...။.... | ...။.... |
| ၁၁ | ကျွန်းစု | အောက္ကလန်ကွေ့ | ကနစိုတောမြေ | Solonchaks | Mangrove Forest |
| ၁၂ | ကျွန်းစု | ငှက်သိုက်ကျွန်း | တောင်မြင့်နီညိုတောမြေ | Cambisois (Chromic) | Mountainous Red Brown Forest |
| ၁၃ | ပုလော | မလိငှက်သိုက်ကျွန်း | တောင်မြင့်နီညိုတောမြေ | Cambisois (Chromic) | Mountainous Red Brown Forest |
| ၁၄ | ပုလော | ပုလော | တောင်မြင့်ညိုရောင်တောမြေ | Cambisois (Humic) | Mountainous Brown Forest |
| | | **ကြိုးပြင်ကာကွယ်တော** | | | |
| ၁ | မြိတ် | မြိတ်ဒီရေတော | ကနစိုတောမြေ | Solonchaks | Mangrove Forest |
| ၂ | ကျွန်းစု | ကျွန်းစုဒီရေတော | ကနစိုတောမြေ | Solonchaks | Mangrove Forest |
| ၃ | ကျွန်းစု | ကတန်ကျွန်း | ကနစိုတောမြေ | Solonchaks | Mangrove Forest |
| ၄ | ကျွန်းစု | ပန်းတောင်းဒီရေတော | ကနစိုတောမြေ | Solonchaks | Mangrove Forest |
| ၅ | ပုလော | မလိ | တောင်မြင့်နီညိုတောမြေ | Cambisois (Chromic) | Mountainous Red Brown Forest |

ဇစ်မြစ်- မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## ၂.၁.၄ ရာသီဥတု

မြိတ်ခရိုင်သည် အီကွေတာနှင့် အလွန်နီးကပ်သည့် ဒေသတစ်ခုဖြစ်သည့် အလျောက် မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးရှိသည့်အနက် နွေရာ သီနှင့် မိုးရာသီ(၂) ပါးသာ ရှည်ကြာပြီး ဆောင်းရာသီသည် အလွန်တိုတောင်း ပါသည်။ထို့အပြင် အထက် မြန်မာနိုင်ငံကဲ့သို့ အပူအအေးကွာခြားမှုများစွာ မရှိပါ။ ၂၀၀၆ မှ ၂၀၁၅ ခုနှစ် အထိ (၁၀)နှစ်တာကာလအတွင်းအပူဆုံးလတွင် (၃၄.၇)ဒီဂရီစင်တီဂရိတ်ရှိပြီး၊ အအေးဆုံး လမှာ (၁၆.၉)ဒီဂရီစင်တီ ဂရိတ်ရှိ ပါသည်။ မိုးရွာသွန်းမှုမှာလည်း မတ်လ မကုန်မှီက

စတင်ရွာသွန်းပြီး မေလဒုတိယအပတ်တွင် ဆက်လက်၍ မိုးရွာသွန်းပြီး စက်တင်ဘာလကုန် သို့မဟုတ် အောက်တိုဘာလဆန်းအထိ ရွာသွန်းတတ်ပါသဖြင့် မိုးကာလမှာ (၅)လ (၆)လ အထိရှိပါသည်။ မိုးရွာသွန်းမှုမှာလည်း အထက် မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်လျှင် အလွန်များပြားကြောင်း တွေ့ရှိရပါသည်။၂၀၀၆ မှ ၂၀၁၅ခုနှစ် အထိ(၁၀)နှစ်တာ ကာလအတွင်း ပျမ်းမျှမိုးရေချိန်မှာ (၂၄၉.၈၂)လက်မ ရှိခဲ့ကြောင်း တွေ့ရှိရ ပါသည်။ ဇယား(၂.၁.၄)တွင် ဖြည့်စွက် ဖော်ပြအပ်ပါသည်-

**မြိတ်ခရိုင်အတွင်း လအလိုက် ရာသီဥတုဆိုင်ရာ ကိန်းဂဏန်းများ(၂၀၀၆- ၂၀၁၅ ခုနှစ် အထိ)**

**ဇယား(၂-၁-၄)**

| လအမည် | ပျှမ်းမျှမိုးရေချိန် (လက္မ) | ပျှမ်းမျှအပူချိန် (စင်တီဂရိတ်) | အမြင့်ဆုံးပျှမ်းမျှ (စင်တီဂရိတ်) | အနိမ့်ဆုံးအပူချိန် (စင်တီဂရိတ်) |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ဇန်နဝါရီ | ၂.၅၅ | ၂၄.၅၀ | ၃၂.၉၀ | ၁၆.၉ |
| ဖေဖော်ဝါရီ | ၁.၈၅ | ၂၂.၈၀ | ၃၄.၅၀ | ၁၇.၁၅ |
| မတ် | ၁.၇၇ | ၂၉.၄၅ | ၃၃.၅၀ | ၁၈.၃၅ |
| ဧပြီ | ၃.၃၇ | ၂၇.၆၅ | ၃၄.၇၀ | ၂၀.၆ |
| မေ | ၂၈.၁၀ | ၂၅.၇၀ | ၃၀.၅၀ | ၂၃.၆ |
| ဇွန် | ၃၈.၂၁ | ၂၆.၁၀ | ၂၉.၈၀ | ၂၁.၀၀ |
| ဇူလိုင် | ၄၄.၃၀ | ၂၇.၄၀ | ၂၉.၇၅ | ၂၁.၇၀ |
| ဩဂုတ် | ၃၉.၉၆ | ၂၄.၉၀ | ၃၁.၃၀ | ၂၁.၈ |
| စက်တင်ဘာ | ၃၉.၉၆ | ၂၄.၅၀ | ၂၈.၆၅ | ၂၂.၂ |
| အောက်တိုဘာ | ၃၃.၈၉ | ၂၉.၆၃ | ၃၂.၈၈ | ၂၂.၃၈ |
| နိုဝင်ဘာ | ၁၃.၇၇ | ၂၆.၆၉ | ၃၃.၂၅ | ၂၁.၂၅ |
| ဒီဇင်ဘာ | ၂.၀၉ | ၂၇.၃၁ | ၂၅.၂၅ | ၁၈.၆၃ |
| | ၂၄၉.၈၂ | ၂၆.၃၉ | ၃၂.၂၅ | ၂၀.၄ |

ဇစ်မြစ် - မြိတ်ခရိုင်ဇလဗေဒနှင့်မိုးလေဝသဦးစီးဌာန

**မြိတ်ခရိုင်တွင် (၁၀)နှစ်အတွင်း နှစ်အလိုက်ရွာသွန်းသည့် မိုးရေချိန်**

**လက်မ**

| ခုနှစ် | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|---|---|---|---|---|
| မိုးရေချိန် | ၂၅၂.၃၂ | ၂၅၅.၁၆ | ၂၄၆.၈၁ | ၂၆၅.၈၃ | ၂၇၃.၅၁ | ၂၆၆.၇၃ | ၂၄၄.၀၇ | ၂၅၁.၈၅ | ၂၄၂.၅၅ | ၂၃၇.၆၁ |

ဇစ်မြစ် - မြိတ်ခရိုင်ဇလဗေဒနှင့်မိုးလေဝသဦးစီးဌာန

## မြိတ်ခရိုင်အတွင်း လအလိုက် ပျမ်းမျှမိုးရေချိန်
## (၂၀၀၆ - ၂၀၁၅ ခုနှစ် အထိ)




ဇစ်မြစ် - မြိတ်ခရိုင်ဇလဗေဒနှင့်မိုးလေဝသဦးစီးဌာန

## မြိတ်ခရိုင်အတွင်း လအလိုက် အမြင့်ဆုံးနှင့်အနိမ့်ဆုံးအပူချိန်
## (၂၀၀၆ - ၂၀၁၅ ခုနှစ် အထိ)




ဇစ်မြစ် - မြိတ်ခရိုင်ဇလဗေဒနှင့်မိုးလေဝသဦးစီးဌာန

## ၂.၁.၅ ဇလဗေဒ ရေစီးရေလာနှင့်ရေရရှိမှု

မြိတ်ခရိုင်အတွင်းရှိ မြစ်ချောင်းများအနက် တနင်္သာရီမြစ်သည် အထင်ရှားဆုံး ဖြစ်ပြီး ထားဝယ်ခရိုင်မှ မြစ်ဖျားခံပြီး မြောက်မှတောင်သို့ တနင်္သာရီမြို့အလယ် တည့်တည့် မကျတကျလောက်တွင် စီးဆင်း၍ မြိတ်ခရိုင်အတွင်းမိုင် (၂၀၀)ခန့် ဖြတ်သန်းပြီး၊ မြိတ်အရှေ့တောင်ဘက်မှ အနောက်သို့ပတ်ပြီး မြိတ်မြို့ အနောက်ဘက်တွင် ပင်လယ်သို့ စီးဝင်ပါသည်။ တနင်္သာရီမြစ်သည် တစ်နှစ်ပတ်လုံးရေစီးဆင်းပြီး မိုးတွင်း၌ မြစ်တစ်လျှောက်လုံး သစ်ဖောင်၊ ဝါးဖောင်၊ ကြိမ်ဖောင်များစီးမျောချနိုင်ပါသော်လည်း၊ နွေရာသီတွင် ရေထုနည်းပါးမှုကြောင့် တနင်္သာရီမြို့အထက်ပိုင်းတွင် ဖောင်များမျောနိုင်ခြင်း မရှိဘဲ တနင်္သာရီမြို့ အောက်ပိုင်းတွင် သစ်ဖောင်များမျောချနိုင်ပါသည်။ တနင်္သာရီမြစ်လက်တက်များဖြစ်သော သကျက်ချောင်း၊ သိန်းခွန်းချောင်းနှင့် ငဝန် ချောင်းသည် အရှည်လျားဆုံးဖြစ်ပါသည်။ အဆိုပါချောင်းများသည် တစ်နှစ်ပတ်လုံး ရေစီးဆင်းပါသော်လည်း နွေရာသီတွင် ရေနည်းပါးမှုကြောင့် သစ်ဖောင်၊ ဝါးဖောင်၊ ကြိမ်ဖောင်များမျောချနိုင်ခြင်းမရှိပါ။ အဆိုပါ မြစ်လက်တက်ချောင်း များအပြင် ပလောက်ချောင်း၊ ပုလောချောင်းနှင့် သမုတ်ချောင်း တို့မှာလည်း မိုးတွင်းသာ ချောင်းအထက်ပိုင်းတွင် သစ်ဖောင်များ မျောချနိုင်ပြီး နွေရာသီတွင် ဒီရေတက်ရောက်သည့် ချောင်းအောက်ပိုင်း၌သာ သစ်ဖောင်များမျောချနိုင်ပါသည်။ ကျွန်းများပေါ်တွင် ရေချိုရရှိမှု နည်းပါးသဖြင့် ကျွန်းများတွင် သောက်သုံးရေ ရှားပါးမှု ရှိပါသည်။

## ၂.၁.၆ အပင်များ

မြိတ်ခရိုင်သည် တနင်္သာရီပင်လယ်ကမ်းရိုးတန်းနှင့် တနင်္သာရီတောင်တန်း အကြားတွင် တည်ရှိနေပါသောကြောင့် အဓိကပါဝင်သော တောအမျိုးအစားမှာ အမြဲစိမ်းတောနှင့် ဒီရေတောသာပါဝင်နေပါသည်။ အမြဲစိမ်းတောတွင် ပေါက်ရောက်သော အပင်များမှာ ငဝန်ကြိုးဝိုင်း၊ ငဝန်ချောင်းဘေးတွင် ပျဉ်းကတိုး အနည်းငယ်ပေါက်ရောက်ပြီး၊ အခြားပေါက်ရောက်ပင်များမှာ သင်္ကန်း၊ ကညင်(ဆီ)၊ စံကား (စံကားဝါ၊ စကား)၊ ကဒွတ်၊ ကံ့ကော်၊ သပြေ၊ သပြေနီ၊ အနန်း(အညင်း)၊ တောင်ပရုံးသစ်ရှို၊ သစ်ခါး (ရှစ်ခါး)၊ ပျဉ်းမ(ခပေါင်း)၊ ကရဝေး၊ မှန်သင်း၊ အောက်ချင်းစာ၊ တောင်သရက်၊ အကျော်၊ ကရမက်၊ တောင်သံကြီး အစရှိသည့် အပင်များပေါက်ရောက်လျက်ရှိပါသည်။ သို့ရာတွင် ယခုအချိန်၌ အောက်ချင်းစာ၊ အကျော်နှင့် ကရမက်များသည် မျိုးသုန်းလုနီးပါးဖြစ်ပါသည်။ဒီရေတောတွင်ကနစို၊မဓမ(ပန်လုံး)၊ဗြူး(ပရုန်း)၊ ဗြူးချေထောက်၊ ဗြူးဥတစ်လုံး၊ လမု၊ လမဲ့၊ ဆောင်း (သို့မဟုတ်) ငှက်၊ ကျုံ့နန် (ကျန)၊ ပင်လယ်အုန်း၊ အမရာ(ကန့်ဇလာ)အစရှိသော အပင်များပေါက်ရောက်ပြီး ကျုံ့နန်(ကျန)၊ ပင်လယ်အုန်း

များသည် လူသုံးများမှုကြောင့် မျိုးသုန်းလုနီးပါးဖြစ်ပါသည်။ ဝါးများမှာ ဝါးပါး၊ ဝါးနွယ်၊ ဝါးသပွတ်၊ ဝါးယား၊ ဝါးဘိုး ကြီးများ ပေါက်ရောက်ပြီး ကြိမ်များမှာ ခပေါင်းကြိမ်၊ တောတန်းလန်း၊ ယမထာ (ကလာကြိမ်)၊ ရေသွန်းကြိမ်၊ ကြိမ်ဖြူ၊ ကြိမ်ပုတ်၊ ဝမ်သွတ်ကြိမ်များ ပေါက်ရောက်ပြီး တောတန်းလန်း၊ ဝမ်သွတ်နှင့် ခပေါင်း ကြိမ် အများဆုံးပေါက်ရောက်လျက် ရှိပါသည်။

## ၂.၁.၇ သားငှက်တိရစ္ဆာန်များ

မြိတ်ခရိုင်သည် ယခင်က ဆင်၊ ကြံ့၊ ကြံ့သူတော်၊ ပြောင်၊ စိုင်၊ ဆတ်၊ ဂျီ(ချေ)၊ ဂျီလောင်၊ ကျား၊ ကျားသစ်၊ ကျားနက်၊သစ်ကျား၊ တောဝက်၊ တောကြောင်အမျိုးမျိုး၊ ဝက်ဝံမဲ၊ ဝက်ဝံညို၊တောနွား၊သစ်ခက်ကြား၊ယုန်၊တောခွေး၊ကုန်းလိပ်၊ဒေါင်းစုပ်၊ဥဒေါင်း၊လင်းနို့၊ တောကျိုးကန်း၊မြွေပွေး၊မြွေဟောက်၊ငန်းတော်ကြား၊ငန်းမြွေဟောက်၊စပါးကြီး၊ စပါးအုံး အစရှိသော မြွေများရှိပြီး ဒီရေတောပိုင်းတွင် ရေငန်ငါး မျိုးစုံနှင့်ပုဇွန်များ၊ ပင်လယ် ဂဏန်းများ ရှိပါသည်။ ငှက်များမှာ တနင်္သာရီမြို့နယ် ဝေန်ကြိုးဝိုင်း၊ ဝေန် တိုးချဲ့ ကြိုးဝိုင်းတွင် ရှားပါးငှက်မျိုးစိတ် ဖြစ်သည့် တောင်ငုံးရင်မဲငှက်(*Gurney pitta*) ရှိပြီး ရစ်၊ တောကြက်၊ ဗျိုင်း၊ စစ္စလီ၊ ရေဘဲ၊ ကြက်တူရွေး၊ သာလိကာ အစရှိသော ငှက်များ အပြင် ကမ္ဘာပေါ်တွင် အဖိုးတန်ဆုံးဟု ပြောနိုင်သော ဇီဝဖိုးငှက် (ငှက်သိုက်ငှက်)သည် လည်း ပုလောမြို့နယ်၊ မလိငှက်သိုက် ကျွန်းနှင့် ကျွန်းစုမြို့နယ်၊ ရေအေးကျွန်းတွင် ရှိပါသည်။

## ၂.၁.၈ အခြေခံအဆောက်အဦ

### ၂.၁.၈.၁ အဆောက်အအုံ၊ လမ်းနှင့် တံတားများ

အဆောက်အဦများ၊ လမ်းနှင့်တံတားများ စာရင်းကို အတွဲ(၂) ဇယား (၂.၁.၈.၁) (က)(ခ)(ဂ) တို့တွင် ဖော်ပြထားပါ သည်။

### ၂.၁.၈.၂ ဆက်သွယ်ရေး

မြိတ်ခရိုင်အတွင်းရှိ ဆက်သွယ်ရေးစာရင်းဇယားများကို မြို့နယ်အလိုက် တဖက်ပါ ဇယား (၂.၁.၈.၂) တွင် ဖော်ပြအပ်ပါသည်။

ဇယား(၂.၁.၈.၂)

| စဉ် | မြို့နယ် | အသုံးပြုသည့်ဆက်သွယ်ရေးစနစ်များ | | |
|---|---|---|---|---|
| | | တယ်လီဖုန်း | E mail .Address | ဖက်စ် |
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | မြိတ်ခရိုင် | ၀၅၉-၄၁၈၃၉ | myeik.fd.839@gmail.com | ၀၅၉-၄၁၈၃၉ |
| ၂ | မြိတ်မြို့ | ၀၅၉-၄၁၀၆၅ | - | ၀၅၉-၄၁၀၆၅ |
| ၃ | ကျွန်းစုမြို့ | ၀၅၉-၆၂၀၁၈ | - | ၀၅၉-၆၂၀၁၈ |
| ၄ | ပုလောမြို့ | ၀၅၉-၃၀၁၇၄ | - | ၀၅၉-၃၀၁၇၄ |
| ၅ | တနင်္သာရီမြို့ | ၀၅၉-၅၅၀၁၉ | - | ၀၅၉-၅၅၀၁၉ |

ဇစ်မြစ် - မြိတ်ခရိုင်၊ သစ်တောဦးစီးဌာန

### ၂.၁.၈.၃ စက်နှင့် စက်ပစ္စည်းကိရိယာများ

မြိတ်ခရိုင်အတွင်း လက်ရှိသုံးစွဲနေသော စက်နှင့်စက်ကိရိယာများကို အမျိုးအစား အလိုက် အတွဲ(၂) ဇယား(၂.၁.၈.၃)တွင် ဖော်ပြအပ်ပါသည်။

### ၂.၁.၉ သစ်တောအခြေခံလုပ်ငန်း

မြိတ်ခရိုင်အတွင်းရှိ သစ်တောအခြေခံလုပ်ငန်းမှာ မြို့နယ်အလိုက် တည်ရှိနေသော စက်အမျိုးအစား၊ စက်အင်အားနှင့်အရေအတွက်ကို အတွဲ(၂) ဇယား(၂.၁.၉)တွင် ဖော်ပြထားရှိပါ မြိတ်ခရိုင်တွင် သစ်စက်(ပုဂ္ဂလိကစက်ကြီး) (၂)လုံး၊ (စက်သေး) (၄၀) လုံး၊ အချောထည် စက်(၃)လုံး၊ လျှာထိုးစက် (၂၂)လုံး၊ အိမ်တွင်းစက်မှုလက်မှုစက် (၃၀)လုံး၊ စုစုပေါင်း (၉၇) လုံးရှိပါသည်။ ယခုလက်ရှိ အခြေအနေမှာ မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်လျှက်ရှိသည့် သစ်လုံးတန် (၆၀၀၀/၇၀၀၀)ခန့် ခွဲစိပ်လျက်ရှိပါသည်။

## ၂.၂ မြေအသုံးချမှု

### ၂.၂.၁ လက်ရှိမြေအသုံးချမှု

မြိတ်ခရိုင်အတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေး နယ်မြေများ၊ သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရမြေ(ကြိုးပြင်တော) လယ်မြေ၊ ယာမြေ၊ အခြားမြေ စသည်တို့အား ဇယား (၂.၂.၁)ဖြင့် ဖော်ပြထားရှိပါသည်။ စီမံကိန်းကာလ

အတွင်းသတ်မှတ်ထားသည့် မြေယာအသုံးချမှု ဇုန်နယ်မြေခွဲဝေခြင်းစာရင်းအား အတွဲ(၂) ဇယား(၂.၂.၁)က ဖြင့် ဖော်ပြအပ်ပါသည်။

## မြိတ်ခရိုင်အတွင်း လက်ရှိမြေအသုံးချမှုစာရင်း

ဇယား(၂.၂.၁)

ဧက

| စဉ် | မြို့နယ် | ကြိုးဝိုင်း | ကြိုးပြင်ကာကွယ်တော | သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ | သဘာဝထိန်းသိမ်းရေးနယ်မြေ | လယ်/ယာ | အခြားမြေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | မြိတ် | ၁၃၇၂၈ | ၆၁၃၆၄ | ၄၈၀၃၂ | - | ၄၀၄၁၁ | ၁၈၆၈၃၂ | ၃၅၀၃၆၇ |
| ၂ | တနင်္သာရီ | ၁၁၇၀၁၂၄ | - | ၁၄၀၉၂၃၁ | - | ၃၆၈၃၂ | ၁၈၇၁၀၉ | ၂၈၀၃၂၉၆ |
| ၃ | ကျွန်းစု | ၄၄၉၃၃ | ၁၅၄၉၁၃ | ၅၄၄၀၆ | - | ၁၈၅၉၇ | ၉၀၃၇၇၇ | ၁၁၇၆၆၂၆ |
| ၄ | ပုလော | ၁၀၂၂၄၄ | ၂၂၅၀၀ | ၁၂၂၂၁၃ | - | ၄၄၄၇၆ | ၃၅၉၃၉၆ | ၆၅၀၈၂၉ |
| | **စုစုပေါင်း** | **၁၃၃၁၀၂၉** | **၂၃၈၇၇၇** | **၁၆၃၃၈၈၂** | - | **၁၄၀၃၁၆** | **၁၆၃၇၁၁၄** | **၄၉၈၁၁၁၈** |

ဇစ်မြစ် - မြိတ်ခရိုင်သစ်တောဦးစီးဌာန

# မြိတ်ခရိုင်အတွင်း လက်ရှိမြေယာအသုံးချဇုန်နယ်မြေခွဲစာရင်း

ဇယား(၂.၂.၁)က

ဧက

| စဉ် | မြို့နယ်အမည် | သစ်နှင့်သစ်တောထွက်ပစ္စည်းများထုတ်လုပ်ရေးဇုန် | ရေဝေရေလဲဇုန် | စိုက်ခင်းများဇုန် | | စက်မှုကုန်ကြမ်းစိုက်ခင်းများဇုန် | လယ် | သဘာဝထိန်းသိမ်းရေးဇုန် | ဒေသထောက်ပံ့ရေးဇုန် | မြေအောက်သယံဇာတထုတ်လုပ်ရေးဇုန် | ဖွံ့ဖြိုးရေးဇုန် | ဒီရေတောထိန်းသိမ်းရေး ဇုန် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဌာန | ပုဂ္ဂလိက | | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |
| ၁ | မြိတ် | ၂၃၄၀၇ | ၅၃၇ | ၁၉၃၅ | ၂၈၆၄ | ၂၂၁၂၃ | | | ၆၈၇၂ | | | ၆၀၆၆၅ | ၁၁၈၄၀၃ |
| ၂ | တနင်္သာရီ | ၉၁၀၆၃ | ၃၁၄၈ | | ၁၃၅၄ | ၄၇၀၃၇ | | ၇၇၆၇၈၀ | ၁၃၉၈၈၅ | ၇၃၀၄ | | ၇၆၉၉ | ၁၀၇၄၂၇၀ |
| ၃ | ကျွန်းစု | ၁၄၀၇၆၉ | ၄၃၁၃ | ၂၅၀ | ၂၈၁၂ | ၅၅၆၇၄ | | ၂၉၅၉၆ | ၄၆၂၇၃ | | ၅၇၉ | ၃၃၅၇၃၉ | ၆၁၆၀၀၅ |
| ၄ | ပုလော | ၉၂၀၂၁ | ၄၆၁၀၇ | - | - | ၅၇၆၀ | - | ၂၂၄၆၆ | ၅၆၇၉ | - | - | ၃၅၃၁၈ | ၂၀၇၃၅၁ |
| | **စုစုပေါင်း** | **၃၄၇၂၆၀** | **၅၄၁၀၅** | **၂၁၈၅** | **၇၀၃၀** | **၁၃၀၅၉၄** | **-** | **၈၂၈၈၄၂** | **၁၉၈၇၀၉** | **၇၃၀၄** | **၅၇၉** | **၄၃၉၄၂၁** | **၂၀၁၆၀၂၉** |

ဇစ်မြစ် - မြိတ်ခရိုင်သစ်တောဦးစီးဌာန

**မှတ်ချက်။** ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ (၁၅၆၉၈၀၆)ဧက ဖြစ်သော်လည်း အဆိုပြုသဘာဝထိန်းသိမ်းရေးနယ်မြေများ ဧရိယာ (၄၄၆၂၂၃) ဧကအား သဘာဝထိန်းသိမ်းရေးဇုန်အတွင်း ထည့်သွင်းဖွဲ့စည်းထားပါသည်။

## ၂.၂.၂ သစ်တောဖုံးလွှမ်းမှုအခြေအနေ

မြိတ်ခရိုင် သစ်တောဖုံးလွှမ်းမှုနှင့် မြေအသုံးချမှုဆိုင်ရာ အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | တောအမျိုးအစား | ဧရိယာ(ဧက) | ရာခိုင်နှုန်း(%) |
|---|---|---|---|
| (က) | ထူထပ်သည့်သစ်တော | ၁၅၄၉၆၆၅ | ၃၁.၁၁ |
| (ခ) | ရွက်အုပ်ပွင့်သစ်တော | ၇၈၈၂၁၁ | ၁၅.၈၂ |
| (ဂ) | တောနိမ့်/တောပျက် | ၇၅၉၀၂၄ | ၁၅.၂၃ |
| (ဃ) | စိုက်ပျိုးမြေ | ၂၈၀၅၇၁ | ၅.၆၃ |
| (င) | ဒီရေတော | ၁၄၇၈၉၉ | ၂.၉၆ |
| (စ) | ရေလွှမ်းမိုးဧရိယာ | ၁၄၅၅၇၄၇ | ၂၉.၂၂ |
| | **စုစုပေါင်း** | **၄၉၈၁၁၁၈** | **၁၀၀.၀၀** |




ဇစ်မြစ် -FRA (၂၀၁၅)ခုနှစ်၊ GIS Section စီမံကိန်းနှင့်စာရင်းအင်းဌာန၊ ဦးစီးရုံးချုပ်

## ၂.၂.၃ မြေအသုံးချမှုဆိုင်ရာပြောင်းလဲမှုများ

### မြိတ်ခရိုင်အတွင်းရှိ လက်ရှိ မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများ

ဇယား (၂.၂.၃)

| စဉ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော/ သဘာဝနယ်မြေ | ကြိုးဝိုင်းတော (ဧက) | ကြိုးပြင် ကာကွယ်တော (ဧက) | သဘာဝ ထိန်းသိမ်းရေး နယ်မြေ(ဧက) | ဖွဲ့စည်းအမိန့်စာ အမှတ်နှင့်ရက်စွဲ | ပယ်ဖျက်ရသည့် အကြောင်းရင်း |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | **ဖွဲ့စည်းတည် ထောင်ခြင်း** | | | | | |
| ၁။ | ပုလော(ဝိုင်း) | ၁၀၀၈၃၅ | – | ၁၀၀၈၃၅ | ၃၂(၀၂.၆.၂၀၁၃) | |
| ၂။ | မလိ(ပြင်) | ၂၂၅၀၀ | – | ၂၂၅၀၀ | ၃၃(၀၂.၆.၂၀၁၃) | |
| ၃။ | ပန်းတောင်း(ပြင်) | ၇၄၅၀ | – | ၇၄၅၀ | ၃၅(၀၂.၆.၂၀၁၃) | |
| | **စုစုပေါင်း** | **၁၃၀၇၈၅** | | **၁၃၀၇၈၅** | | |

| စဉ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော/ သဘာဝနယ်မြေ | မူလ ဧရိယာ (ဧက) | ပယ်ဖျက် ဧရိယာ (ဧက) | လက်ရှိ ဧရိယာ (ဧက) | အမိန့် ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | ပယ်ဖျက်ရသည့် အကြောင်းရင်း |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | **ပယ်ဖျက်ခြင်း** | | | | | |
| ၁။ | ဘိုတောင်(ဝိုင်း) | ၄၄၇ | ၁၀၈.၄၆ | | ၇၇(၆.၁၀.၁၉၉၇) | တပ်မြေလွှဲ |
| | | | ၅၆.၆၂ | ၂၈၁.၀၂ | ၁၁၇(၂၇.၅.၂၀၁၁) | သာသနာမြေ |
| ၂။ | နတ္တလင်းတောင်(ဝိုင်း) | ၆၉၀၂ | ၆၈.၃၉ | | ၁၁၁(၁၃.၉.၂၀၁၀) | လကရ(၂၀၁၄) |
| | | | ၂.၀၀ | | ၁၄၅(၈.၂.၂၀၁၁) | ။ |
| | | | ၁၉၀.၀၀ | | ၁၀၈(၆.၉.၂၀၁၃) | ။ |
| | | | ၃၄.၈၀ | ၆၅၈၆.၈၁ | ၅၇၂(၁၃.၈.၂၀၁၅) | သာသနာမြေ |
| ၃။ | အောက္ကလန်ကွေ့ကြိုးဝိုင်း | ၄၄၉၉၅ | ၁၆.၆၄ | | ၁၆၂(၂၀.၁၀.၂၀၁၃) | မြို့ရွာတိုးချဲ့ |
| | | | ၁၀.၁၀ | | ၃၄၃(၃၀.၃.၂၀၁၅) | ။ |
| | | | ၃၅.၂၇ | ၄၄၉၃၂.၉၉ | ၄၆၈(၂၈.၄.၂၀၁၅) | ။ |
| ၄။ | မြိတ်ဒီရေတော(ပြင်) | ၆၈၂၇၈ | ၆၄၆၀.၆၅ | | ၁၃၉(၂၄.၉.၂၀၁၃) | မြို့ရွာတိုးချဲ့ |
| | | | ၁၅၀.၀၀ | | ၁၇၀(၂၇.၂.၂၀၁၅) | ။ |
| | | | ၃၀၃.၅၅ | ၆၁၃၆၃.၈ | ၄၆၅(၂၈.၄.၂၀၁၅) | ။ |
| ၅။ | တောင်ဖရူး(ဝိုင်း) | ၄၄၆၉၆ | ၄၀.၇၃ | | ၃၄၁(၃၀.၃.၂၀၁၅) | မြို့ရွာတိုးချဲ့ |
| | | | ၂၃၆.၉၁ | ၄၄၄၁၈.၃၆ | ၄၆၃(၂၈.၄.၂၀၁၅) | ။ |
| ၆။ | သိန်းခွန်(ဝိုင်း) | ၂၄၅၂၂၂ | ၈၀.၀၅ | | ၃၄၆(၃၀.၃.၂၀၁၅) | မြို့ရွာတိုးချဲ့ |
| | | | ၁၈၀၃.၆၀ | | ၅၄၉(၂.၇.၂၀၁၅) | မောတောင်မြို့သစ် |
| | | | ၂၂၂.၀၉ | | ၄၆၂(၂၈.၄.၂၀၁၅) | မြို့ရွာတိုးချဲ့ |
| | | | ၀.၂၂ | ၂၄၃၁၁၆.၀၄ | ၁၄၉/၅၀(၄.၈.၂၀၁၁) | |
| ၇။ | ဝေန်(ဝိုင်း) | ၂၉၇၄၂၀ | ၁၅.၃၄ | ၂၉၇၄၀၄.၆၆ | ၄၆၄(၂၈.၄.၂၀၁၅) | မြို့ရွာတိုးချဲ့ |
| ၈။ | ကတန်(ပြင်) | ၈၅၉၁၂ | ၃၇၅.၄၃ | | ၁၆၃(၂.၁၀.၂၀၁၃) | မြို့ရွာတိုးချဲ့ |
| | | | ၁၅.၈၀ | | ၃၄၂(၃၀.၃.၂၀၁၅) | ။ |
| | | | ၁၈.၃၅ | | ၄၆၆(၂၈.၄.၂၀၁၅) | ။ |
| | | | ၃.၆၄ | ၈၅၄၉၈.၇၈ | ၅၈၅(၁၀.၉.၂၀၁၅) | |
| ၉။ | ကျွန်းစုဒီရေတော(ပြင်) | ၆၄၀၀၀ | ၁၆၃၈.၉၀ | | ၁၆၄(၂.၁၀.၂၀၁၃) | မြို့ရွာတိုးချဲ့ |
| | | | ၂၉၀.၈၅ | | ၃၄၇(၃၀.၃.၂၀၁၅) | ။ |
| | | | ၃.၄၇ | ၆၁၉၆၃.၇၈ | ၄၆၇(၂၈.၄.၂၀၁၅) | ။ |
| | **စုစုပေါင်း** | | **၁၂၃၀၅** | | | |

ဇစ်မြစ်- မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၂.၂.၄ ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်မှုများ

မြိတ်ခရိုင် ၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်မှု စာရင်းချုပ်ကို ဇယား(၂.၂.၄) ဖြင့် ဖော်ပြပါသည်။

**မြိတ်ခရိုင် ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တောများအတွင်း**
**ကျူးကျော်မှုများစာရင်းချုပ်(၂၀၁၅-၂၀၁၆)ခုနှစ်အထိ**

ဇယား(၂.၂.၄)

| စဉ် | မြို့နယ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောပေါင်း | ဧရိယာ (ဧက) ပေါင်း | ကျူးကျော်ဧရိယာ (ဧက)ပေါင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | လယ် | ယာ | အခြား | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | တနင်္သာရီနယ် | ၆ | ၁၁၇၀၁၂၄.၂၈ | ၂၀၂ | ၃၄၆ | ၂၃ | |
| ၂ | ကျွန်းစုမြို့နယ် | ၄ | ၂၀၀၄၄၃.၁၉ | - | - | - | |
| ၃ | ပုလောမြို့နယ် | ၃ | ၁၂၄၂၅၃ | - | - | - | |
| ၄ | မြိတ်မြို့နယ် | ၅ | ၇၅၁၁၁.၆၁ | - | - | ၃၂ | |
| | **ပေါင်း** | **၁၈** | **၁၅၆၉၉၃၂.၀၈** | **၂၀၂** | **၃၄၆** | **၅၅** | |

ဇစ်မြစ် - မြိတ်ခရိုင်သစ်တောဦးစီးဌာန

မှတ်ချက်။ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်းကျူးကျော်တောင်ယာ (၃၄၆)ဧက အနက်မှ (၁၇၄) ဧကအား ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော အဖြစ် တည်ထောင်ပြီးဖြစ်ပါသည်။

### ၂.၂.၅ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောများအတွင်းရွှေ/သတ္တုတူးဖော်မှုများ

မြိတ်ခရိုင်ရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ရွှေ/သတ္တုတူးဖော် ခွင့်ပြုထားသော ဧရိယာများမရှိပါကြောင်း အတွဲ(၂) ဇယား (၂.၂.၅) ဖြင့် ဖော်ပြထားပါသည်။

## ၂.၃ သစ်တောသယံဇာတအရင်းအမြစ်

### ၂.၃.၁ သစ်တောအမျိုးအစားနှင့် ဧရိယာအကျယ်အဝန်း

မြိတ်ခရိုင်အတွင်းရှိ ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောများနှင့် ကြိုးပြင်တောအတွင်း တွေ့ရှိရသော တောအမျိုးအစားနှင့် ၎င်းတို့၏ ဧရိယာ အကျယ်အဝန်းများကို တဖက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | တောအမျိုးအစား | ဧရိယာ(ဧက) | ရာခိုင်နှုန်း(%) |
|---|---|---|---|
| (က) | အမြဲစိမ်းတော | ၁၅၈၈၅၁၁.၈၃၈ | ၇၃.၇၇ % |
| (ခ) | ဒီရေတော | ၉၇၀၀၈.၁၁၈၃ | ၄.၅၀% |
| (ဂ) | တောနိမ့်/တောပျက် | ၇၇၇၈၆.၃၈၁၈ | ၃.၆၁% |
| (ဃ) | စိုက်ပျိုးမြေ | ၃၉၀၁၄၂.၁၇၄၂ | ၁၈.၁၂% |
| စုစုပေါင်း | | ၂၁၅၃၄၄၈.၅၁၂၃ | ၁၀၀.၀၀% |




ဇစ်မြစ် -FRA (၂၀၁၅)ခုနှစ်၊ GIS Section စီမံကိန်းနှင့်စာရင်းအင်းဌာန၊ ဦးစီးရုံးချုပ်

### ၂.၃.၁.၁ သဘာဝတောများ

မြိတ်ခရိုင်အတွင်း ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ အတွင်းရှိ သဘာဝတောများ၏ တောအမျိုးအစားနှင့် ဧရိယာအကျယ်အဝန်းကို မြို့နယ်/ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအလိုက်၊ အတွဲ(၂) ဇယား (၂.၃.၁.၁)တွင် ဖော်ပြ ထားပါသည်။

### ၂.၃.၁.၂ သစ်တောစိုက်ခင်းများ

မြိတ်ခရိုင်အတွင်းရှိ စိုက်ခင်းများကို ၁၉၉၆-၉၇ (၁၉၉၆ ခုနှစ်မိုးရာသီ) မှ စတင်စမ်းသပ် စိုက်ပျိုးခဲ့ပါသည်။ စိုက်ခင်းစာရင်းကို မြို့နယ်တစ်ခုစီ အတွက် သစ်မျိုး၊ စိုက်ခင်းအမျိုးအစား၊ တည်ထောင်သည့်ခုနှစ်အလိုက် စိုက်ခင်း တစ်ခုစီ၏ ဧရိယာများကို အတွဲ(၂)ဇယား (၂.၃.၁.၂)က တွင် ဖော်ပြအပ်ပါသည်။ ခရိုင်တစ်ခုလုံးအတွက် စိုက်ခင်းစာရင်းချုပ်ကို စိုက်ခင်း အမျိုးအစားအလိုက် ဇယား (၂.၃.၁.၂)ခ ဖြင့် ဖော်ပြအပ်ပါသည်။ ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများ (ကျွန်းနှင့် သစ်မာမျိုးစုံ) စာရင်းကို အတွဲ(၂) ဇယား (၂.၃.၁.၂)ဂ တွင်ဖော်ပြအပ်ပါသည်။ ပုဂ္ဂလိကပိုင်

သစ်တောစိုက်ခင်း (ကျွန်းနှင့်သစ်မာမျိုးစုံ) စာရင်းချုပ်ကို စိုက်ခင်း အမျိုးအစား အလိုက် ဇယား(၂.၃.၁.၂)ဃ တွင်ဖော်ပြအပ်ပါသည်။ ပုဂ္ဂလိကပိုင် သစ်တော စိုက်ခင်းများ (ရာဘာ၊ ဆီအုန်း၊ကြံနှင့်အခြား) စိုက်ခင်း စာရင်းကို အတွဲ(၂) ဇယား (၂.၃.၁.၂)င တွင် ဖော်ပြအပ်ပါသည်။ ပုဂ္ဂလိကပိုင် သစ်တော စိုက်ခင်း (ရာဘာ၊ ဆီအုန်း၊ကြံနှင့်အခြား) စိုက်ခင်းစာရင်းချုပ်ကို ဇယား (၂.၃.၁.၂)စ တွင် ဖော်ပြအပ်ပါသည်။ မြိတ်ခရိုင် ဆက်သွယ်ရေးလမ်းမကြီး လမ်းဘေးဝဲယာစိုက်ခင်းများကို အတွဲ(၂) ဇယား(၂.၃.၁.၂)ဆတွင် ဖော်ပြအပ်ပါသည်။ မြိတ်ခရိုင်အတွင်းတည်ထောင်ထားသည့် အခြားစိုက်ခင်းများ စာရင်းကို အတွဲ(၂)ဇယား (၂.၃.၁.၂)ဇ တွင် ဖော်ပြအပ်ပါသည်။

## မြိတ်ခရိုင်အတွင်း တည်ထောင်ထားသည့် စိုက်ခင်းစာရင်းချုပ်ဇယား

ဇယား(၂.၃.၁.၂)ခ

| စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | ဧရိယာ(ဧက) | | မှတ်ချက် |
|---|---|---|---|---|---|
| | | | တည်ထောင်ပြီး | လက်ရှိ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | စီးပွားရေးစိုက်ခင်း | ကျွန်း<br>ပျဉ်းကတိုး<br>သက်န်း<br>သစ်မွှေး<br>ကြက်ဆူ | ၄၉၀<br>၁၂၁၀<br>၅၅<br>၅<br>၄၀ | ၄၂<br>၄၃၅<br>၅၀<br>-<br>၂၀ | |
| | ပေါင်း | | ၁၈၀၀ | ၅၄၇ | |
| ၂ | ကျေးရွာထင်းစိုက်ခင်း | အော်ရီရှား<br>ဖြူး<br>မဲဇလီ | ၃၇၅<br>၂၅<br>၁၀ | ၃၇၅<br>၂၅<br>၁၀ | ကျေးရွာသို့ လွှဲပြောင်းပြီး |
| | ပေါင်း | | ၄၁၀ | ၄၁၀ | |
| ၃ | ကျေးရွာ(ဒီရေတော)စိုက်ခင်း | ဖြူး | ၁၅၀ | ၁၅၀ | |
| | ပေါင်း | | ၁၅၀ | ၁၅၀ | |
| | ခရိုင်စုစုပေါင်း | | ၂၃၆၀ | ၁၁၀၇ | |

## မြိတ်ခရိုင်အတွင်း တည်ထောင်ထားသည့် ပုဂ္ဂလိကစိုက်ခင်းစာရင်းချုပ်ဇယား

ဇယား(၂-၃-၁-၂)ဃ

| စဉ် | စိုက်ခင်း အမျိုးအစား | သစ်မျိုး | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပုဂ္ဂလိကစိုက်ခင်း | ပျဉ်းကတိုး | ၃၇၁ | |
| ၂ | ပုဂ္ဂလိကစိုက်ခင်း | သက်န်း | ၃၀ | |
| ၃ | ပုဂ္ဂလိကစိုက်ခင်း | သစ်မာမျိုးစုံ | ၁၇၁၄ | |
| | စုစုပေါင်း | | ၂၁၁၅ | |

ဇစ်မြစ် - မြိတ်ခရိုင်သစ်တောဦးစီးဌာန

# မြိတ်ခရိုင်အတွင်းရှိ တည်ထောင်ထားသည့် ပုဂ္ဂလိကစိုက်ခင်းစာရင်းချုပ်

(ရာဘာ၊ ဆီအုန်း ၊ ကြံ နှင့် အခြား) **ဖေယား(၂.၃.၁.၂)စ**

| စဉ် | တည်ထောင်သည့်ခုနှစ် | မြို့နယ် | သစ်မျိုး | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ၂၀၀၁–၂၀၀၂ | တနင်္သာရီ | ဆီအုန်း | ၁၇၆၇ | |
| ၂ | ၂၀၀၂–၂၀၀၃ | တနင်္သာရီ | ဆီအုန်း | ၇၂၀ | |
| ၃ | ၂၀၀၅–၂၀၀၆ | တနင်္သာရီ | ဆီအုန်း | ၁၀၀၀၀ | |
| ၄ | ၂၀၁၀–၂၀၁၁ | တနင်္သာရီ | ဆီအုန်း | ၆၇၅ | |
| ၅ | ၂၀၁၅–၂၀၁၆ | တနင်္သာရီ | ဆီအုန်း | ၃၀၀ | |
| | **တနင်္သာရီမြို့နယ် ဆီအုန်းပေါင်း** | | | **၁၃၄၆၂** | |
| ၁ | ၂၀၀၄-၂၀၀၅ | မြိတ် | ဆီအုန်း | ၄၀၀ | |
| | **မြိတ်မြို့နယ် ဆီအုန်းပေါင်း** | | | **၄၀၀** | |
| ၁ | ၂၀၀၄-၂၀၀၅ | တနင်္သာရီ | ရာဘာ | ၇၃၀ | |
| ၂ | ၂၀၁၁–၂၀၁၂ | တနင်္သာရီ | ရာဘာ | ၂၄၀ | |
| | **တနင်္သာရီမြို့နယ် ရာဘာပေါင်း** | | | **၉၇၀** | |
| ၁ | ၁၉၉၉-၂၀၀၀ | မြိတ် | ရာဘာ | ၂၀၀ | |
| ၂ | ၂၀၀၀-၂၀၀၁ | မြိတ် | ရာဘာ | ၂၀၀ | |
| ၃ | ၂၀၀၁-၂၀၀၂ | မြိတ် | ရာဘာ | ၄၃.၉၆ | |
| ၄ | ၂၀၀၅-၂၀၀၆ | မြိတ် | ရာဘာ | ၂၆၅.၇၅ | |
| ၅ | ၂၀၀၆-၂၀၀၇ | မြိတ် | ရာဘာ | ၈၂၀ | |
| ၆ | ၂၀၀၇-၂၀၀၈ | မြိတ် | ရာဘာ | ၁၇၁၂ | |
| ၇ | ၂၀၀၈-၂၀၀၉ | မြိတ် | ရာဘာ | ၆၀ | |
| ၈ | ၂၀၁၁-၂၀၁၂ | မြိတ် | ရာဘာ | ၂၀၀ | |
| ၉ | ၂၀၁၂-၂၀၁၃ | မြိတ် | ရာဘာ | ၁၅၀၃ | |
| ၁၀ | ၂၀၁၄-၂၀၁၅ | မြိတ် | ရာဘာ | ၁၁၇.၈၃ | |
| | **မြိတ်မြို့နယ် ရာဘာပေါင်း** | | | **၅၁၂၂.၅၄** | |
| ၁ | ၂၀၀၆-၂၀၀၇ | ကျွန်းစု | ရာဘာ | ၃၀၁ | |
| ၂ | ၂၀၀၇-၂၀၀၈ | ကျွန်းစု | ရာဘာ | ၅၁၁ | |
| ၃ | ၂၀၀၈-၂၀၀၉ | ကျွန်းစု | ရာဘာ | ၃၀၀ | |
| ၄ | ၂၀၁၂-၂၀၁၃ | ကျွန်းစု | ရာဘာ | ၃၀ | |
| | **ကျွန်းစုမြို့နယ် ရာဘာပေါင်း** | | | **၁၁၄၂** | |
| ၁ | ၂၀၀၈-၂၀၀၉ | ပုလော | ရာဘာ | ၃၀၀ | |
| | **ပုလောမြို့နယ် ရာဘာပေါင်း** | | | **၃၀၀** | |
| | **မြိတ်ခရိုင်ဆီအုန်း/ရာဘာစုစုပေါင်း** | | | **၂၁၃၉၆.၅၄** | |

ဇစ်မြစ် - မြိတ်ခရိုင်သစ်တောဦးစီးဌာန

### ၂.၃.၁.၃ အခြားသစ်တောများ

ခရိုင်အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (၃၅၂၈)ဧက နှင့် ကျေးလက်အိမ်ယာထူထောင်ရေး ကျေးရွာပိုင်သစ်တောစိုက်ခင်းများမှာ တစ်ရွာတစ်ဧက အနေဖြင့် (၂၈)ရွာမှာ ယူကလစ် (၈၄၀၀)ပင်၊ တစ်အိမ်ထောင် ယူကလစ် (၂၀) ပင် အနေဖြင့် (၁၈၉၁၃၀)ပင်၊ တစ်အိမ်ထောင် ပျဉ်းကတိုး(၃)ပင် အနေဖြင့် (၃၄၁၆၀၀)ပင်၊ လူတစ်ဦး ပျဉ်းကတိုး(၁)ပင် အနေဖြင့် (၉၈၄၀၀)ပင် စုစုပေါင်း (၆၃၇၅၃၀)ပင် စိုက်ပျိုးပြီးဖြစ်ပါသည်။ ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ပြီးစာရင်းအား အတွဲ(၂) ဇယား (၂.၃.၁.၃)က လျာထားချက် စာရင်းအား အတွဲ(၂) ဇယား (၂.၃.၁.၃) ခ တွင် ဖော်ပြထားပါသည်။

## ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

| ၂ | ။ | ကျွန်းစု | ၅၀ | |
| ၃ | ။ | ပုလော | ၁၀၀ | |
| ၄ | ။ | တနင်္သာရီ | ၁၆၀ | |
| **မြိတ်ခရိုင် စုစုပေါင်း** | | | **၄၂၀** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၂.၃.၃.၃ အခြားသစ်တောထွက်ပစ္စည်းများ

မြိတ်ခရိုင်တွင် စီမံကိန်းကာလအတွင်း အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေအား ဇယား(၄.၁.၂)တွင် ဖော်ပြအပ်ပါသည်။

### ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ

မြိတ်ခရိုင်တွင် တည်ထောင်ပြီး သဘာဝထိန်းရေးနယ်မြေများ မရှိပါ။

### ၂.၃.၄.၁ ဂေဟစနစ်များ အုပ်ချုပ်လုပ်ကိုင်မှု

မြိတ်ခရိုင်သည် မြန်မာနိုင်ငံတွင် ဒီရေတောအများဆုံး ကျန်ရှိသော ခရိုင်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တော (၁၈)ခုအနက် ဒီရေတော ကြိုးပြင်ကာကွယ်တော (၃)ခုပါဝင်ပါသည်။ နယ်မြေဒေသ လုံခြုံမှုမရှိ၍လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်လည်းကောင်း၊ သစ်တောများကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မှု အားနည်းခဲ့ပါသည်။ ကြိုးဝိုင်းတောများကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် တိုးချဲ့ဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ဂေဟစနစ် ရေရှည်တည့်တံ့ ခိုင်မြဲရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားပါမည်။

### ၂.၃.၄.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်မှု

မြိတ်ခရိုင်အတွင်းရှိ တောရိုင်းတိရစ္ဆာန်များ သဘာဝအပင်များကို တည်ဆဲတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ ထိရောက်စွာ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်အတွက် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းလုပ်ငန်းများဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယခုအဆိုပြုထားသော ဒီရေတော သဘာဝထိန်းသိမ်းရေး နယ်မြေများတွင် ဒီရေတော မျိုးဖြစ်သည့် ကျန(ကျနန်)၊ ပင်လယ်အုန်း၊ ကနစို၊ မဓမ၊ ဗြူး ချေတောက်၊ ဗြူးပရန်း၊ လမု၊ လမဲ့ အစရှိသည့် အပင်များနှင့် တောင်ပေါ်ပိုင်းတွင် သင်္ကန်း၊ ကညင်၊ တောင်ပရန်း၊ ကဒွတ်၊ ကဘန်၊ သင်္ဂူ၊ အောက်ချင်းဇာ အစရှိသည့် အပင်များမပြုန်းတီးရေးအတွက် စနစ်တကျ ထုတ်ယူသုံးစွဲပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးအတွက် ပစ်ခတ်ဖမ်းဆီးမှုများ တားမြစ်အရေးယူခြင်း၊ တိရစ္ဆာန်

ကျက်စားသည့် နယ်မြေ၊ ဖြုတ်သိမ်းသွားလာသည့် နယ်မြေများကိုလည်း သဘာဝ ထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းပြီး ထိန်းသိမ်းကာကွယ် စောင့်ရှောက် သွားမည် ဖြစ်ပါသည်။

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

### ၃.၁ လူဦးရေ

မြိတ်ခရိုင်အတွင်းရှိ မြို့နယ်အလိုက် လူဦးရေစာရင်းအား ဇယား(၃.၁)တွင် ဖော်ပြထား ပါသည်။

### ၃.၂ ကဏ္ဍအလိုက် အလုပ်အကိုင် ရရှိမှု

လုပ်ငန်းကဏ္ဍအလိုက် အလုပ်အကိုင် ရရှိမှုအခြေအနေကို ရာခိုင်နှုန်းဖြင့် ဇယား(၃.၂) တွင် ဖော်ပြထားပါသည်။

**မြိတ်ခရိုင်အတွင်း ကဏ္ဍအလိုက် အလုပ်အကိုင် ရရှိမှုဇယား (၂၀၁၄-၂၀၁၅)**

ဇယား (၃.၂)

| စဉ် | ကဏ္ဍ | လူဦးရေ | | စုစုပေါင်း | ကဏ္ဍအလိုက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကျား | မ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | လယ်ယာ | ၉၂၇ | ၃၀၁ | ၁၂၂၈ | ၃.၉၉ | |
| ၂ | သားငါး | ၂၅၃၅၁ | ၂၇၃၃ | ၂၈၀၈၄ | ၉၁.၄၆ | |
| ၃ | သစ်တော | ၈၄၃ | ၂၁၅ | ၁၀၅၈ | ၃.၄၅ | |
| ၄ | သတ္တု | ၃၁၂ | ၂၃ | ၃၃၅ | ၁.၀၉ | |
| | **စုစုပေါင်း** | **၂၇၄၃၃** | **၃၂၇၂** | **၃၀၇၀၅** | **၉၉.၉၉** | |

ဇစ်မြစ် - အလုပ်သမားဦးစီးဌာန၊မြိတ်ခရိုင်

### ၃.၃ ကျေးရွာအုပ်စုအလိုက်လူဦးရေစာရင်း

မြိတ်ခရိုင်အတွင်းရှိ ကျေးရွာအုပ်စုနှင့်လူဦးရေစာရင်းအား အတွဲ(၂) ဇယား(၃.၃)က ဖြင့်ဖော်ပြအပ်ပါသည်။ မြိတ်ခရိုင်အတွင်းရှိ ကျေးရွာအုပ်စုနှင့် လူဦးရေစာရင်းချုပ်အား ဇယား (၃.၃)ခ ဖြင့် ဖော်ပြအပ်ပါသည်။

# မြိတ်ခရိုင်အတွင်းရှိ မြို့နယ်အလိုက် လူဦးရေစာရင်း

ဇယား(၃.၁)

| စဉ် | မြို့နယ် အမည် | အိမ်ထောင် စုဦးရေ | လူဦးရေ | | | | | | စုစုပေါင်း | မြို့နေ | တောနေ | တိုးပွားနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အသက် (၁၈)နှစ်အထက် | | | အသက် (၁၈)နှစ်အောက် | | | | | | |
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၂) | (၁၃) | (၁၄) |
| ၁ | မြိတ် | ၅၄၃၄၉ | ၈၃၃၅၆ | ၈၉၇၅၃ | ၁၇၃၁၀၉ | ၅၆၂၃၆ | ၅၅၁၄၄ | ၁၁၁၃၈၀ | ၂၈၄၄၈၉ | ၁၁၅၁၄၁ | ၁၆၉၃၄၈ | |
| ၂ | တနင်္သာရီ | ၃၂၉၈၈ | ၅၀၁၂၇ | ၄၉၇၇၁ | ၉၉၈၉၈ | ၃၇၆၅၀ | ၃၄၂၀၅ | ၇၁၈၅၅ | ၁၇၁၇၅၃ | ၅၅၄၈ | ၁၆၆၂၀၅ | |
| ၃ | ကျွန်းစု | ၁၉၉၂၉ | ၃၂၅၃၇ | ၃၁၇၈၈ | ၆၄၃၂၅ | ၂၂၂၈၀ | ၂၀၂၄၈ | ၄၂၅၂၈ | ၁၀၆၈၅၃ | ၅၅၁၄ | ၁၀၁၃၃၉ | |
| ၄ | ပုလော | ၂၅၆၅၃ | ၃၉၇၅၇ | ၃၈၉၉၇ | ၇၈၇၅၄ | ၂၃၇၂၈ | ၂၇၅၁၀ | ၅၁၂၃၈ | ၁၂၉၉၉၂ | ၂၅၁၁၂ | ၁၀၄၈၈၀ | |
| | **စုစုပေါင်း** | **၁၃၂၉၁၉** | **၂၀၅၇၇၇** | **၂၁၀၃၀၉** | **၄၁၆၀၈၆** | **၁၃၉၈၉၄** | **၁၃၇၁၀၇** | **၂၇၇၀၀၁** | **၆၉၃၀၈၇** | **၁၅၁၃၁၅** | **၅၄၁၇၇၂** | |

ဇစ်မြစ်-၂၀၁၄ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

### ခရိုင်အတွင်း မြို့နယ်အလိုက် ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းချုပ်

ဇယား(၃.၃)ခ

| စဉ် | မြို့နယ် | ကျေးရွာအုပ်စုပေါင်း | အိမ်ထောင်စု | လူဦးရေ | | |
|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | မြိတ် | ၂၂ | ၂၈၀၂၀ | ၈၄၅၃၆ | ၈၄၈၁၂ | ၁၆၉၃၄၈ |
| ၂ | ကျွန်းစု | ၂၆ | ၃၇၅၀၈ | ၈၄၇၂၃ | ၈၁၄၈၂ | ၁၆၆၂၀၅ |
| ၃ | တနင်္သာရီ | ၁၉ | ၁၅၅၁၈ | ၅၂၀၇၁ | ၄၉၂၆၈ | ၁၀၁၃၃၉ |
| ၄ | ပုလော | ၂၅ | ၁၉၂၆၈ | ၅၁၂၁၅ | ၅၃၆၆၅ | ၁၀၄၈၈၀ |
| | **ပေါင်း** | **၉၂** | **၁၀၀၃၁၄** | **၂၇၂၅၄၅** | **၂၆၉၂၂၇** | **၅၄၁၇၇၂** |

ဖစ်မြစ်-၂၀၁၄ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

## ၄။ ယခင်အုပ်ချုပ်လုပ်ကိုင်မှု

### ၄.၁ ထုတ်လုပ်ခြင်း

#### ၄.၁.၁ သစ်ထုတ်လုပ်ခြင်း

မြိတ်ခရိုင်အတွင်း ၂၀၀၆-၀၇ မှ ၂၀၁၄-၁၅ ခုနှစ်အထိ (၉) နှစ်တာကာလအတွက် ကျွန်း/**သစ်မာထုတ်လုပ်မှုစာရင်း**အား ဇယား (၄.၁.၁) ဖြင့် ဖော်ပြအပ် ပါသည်။

### မြိတ်ခရိုင်အတွင်း ကျွန်း/သစ်မာထုတ်လုပ်မှုစာရင်း(၂၀၀၆-၀၇ မှ ၂၀၁၄-၁၅ ခုနှစ်ထိ)

ဇယား(၄.၁.၁)

| စဉ် | ခုနှစ် | ကျွန်း | | | သစ်မာ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | AAC | ပင်ရေ | ကုဗတန် | AAC | ပင်ရေ | ကုဗတန် | |
| (၁) | (၂) | | (၃) | (၄) | | (၅) | (၆) | (၇) |
| ၁ | ၂၀၀၆-၀၇ | - | – | – | ၂၁၅၆၅ | ၃၀၂၃၀ | ၄၂၃၂၂.၅၆၄ | **(ခန့်မှန်း)** |
| ၂ | ၂၀၀၇-၀၈ | | – | – | ၂၁၅၆၅ | ၃၀၄၉၆ | ၄၂၆၉၄.၉၆၆ | |
| ၃ | ၂၀၀၈-၀၉ | | – | – | ၂၁၅၆၅ | ၃၇၅၄၁ | ၅၂၅၅၇.၉၁၂ | |
| ၄ | ၂၀၀၉-၁၀ | | – | – | ၂၁၅၆၅ | ၂၈၉၉၉ | ၄၀၅၉၈.၇၄၈ | |
| ၅ | ၂၀၁၀-၁၁ | | – | – | ၂၁၅၆၅ | ၂၅၃၀၃ | ၃၅၄၃၇.၈၅၂ | |
| ၆ | ၂၀၁၁-၁၂ | | – | – | ၂၁၅၆၅ | ၂၇၄၂၂ | ၃၈၃၉၀.၁၈ | |
| ၇ | ၂၀၁၂-၁၃ | | – | – | ၂၁၅၆၅ | ၆၄၂၂၁ | ၈၉၉၀၉.၅၀၈ | |
| ၈ | ၂၀၁၃-၁၄ | | – | – | ၂၁၅၆၅ | ၅၅၁၂၁ | ၇၇၁၆၉.၆၀၆ | |
| ၉ | ၂၀၁၄-၁၅ | | – | – | ၂၁၅၆၅ | ၁၃၂၂၇ | ၁၈၅၁၇.၈၃၈ | |
| | | | | | | **၃၁၂၅၇၀** | **၄၃၇၅၉၉.၁၇၄** | |

ဖစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

**မှတ်ချက်။** ။ မြိတ်ခရိုင်အတွင်း သစ်မာထုတ်လုပ်ရာတွင် လုံခြုံရေးအခြေအနေအရ သစ်ဆိပ်ရောက်ငွေခြေစနစ် (Modified Procedure-MP) ကျင့်သုံးသဖြင့် ပင်ရေကို ခန့်မှန်းပင်ရေ ဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။

### ၄.၁.၂ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

မြိတ်ခရိုင်တွင် ၂၀၀၆-၀၇ခုနှစ်မှ ၂၀၁၄-၁၅ခုနှစ်အထိ (၉) နှစ်တာကာလအတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများဖြစ်သည့် မျော၊ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်၊ ကရမက်၊ ဓနိ၊ ငှက်သိုက်၊ တောင်တန်ကြီး၊ လင်းနို့ချေး၊ အုံတုံခေါက်နှင့် သင်ပေါင်းသားတို့၏ ထုတ်လုပ်မှုအခြေအနေကို ဇယား(၄.၁.၂) တွင် ဖော်ပြထားပါသည်။

## ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်ခြင်း

မြိတ်ခရိုင်သည် ယခင်စီမံကိန်းကာလ ၂၀၀၆-၂၀၀၇ မှ ၂၀၁၅-၂၀၁၆ ခုနှစ် ကာလအတွင်း နယ်မြေဒေသလုံခြုံရေးအခြေအနေအရ သစ်ထုတ်လုပ်ခြင်း လုပ်ငန်းကို (MP-Modified Procedure) စနစ်နှင့် ခွင့်ပြုဆောင်ရွက်ခဲ့သဖြင့် ပင်ထောင်ရိုက်လုပ်ငန်း မဆောင်ရွက်နိုင်ခဲ့ပါ။ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း (၁၆)မျိုးမှ ပဝတ္တိမျိုးဆက်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ မီးကာကွယ်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းမှ လွဲ၍ အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ၂၀၀၆-၂၀၀၇ မှ ၂၀၁၅-၂၀၁၆ ခုနှစ် အထိ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည့် စာရင်းအား ဇယား(၄.၂)တွင် ဖော်ပြထားပါသည်။

## (၂၀၀၆-၂၀၀၇ခုနှစ်မှ၂၀၁၅-၂၀၁၆ခုနှစ်အထိ) စီမံကိန်းကာလအတွင်းသစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုစာရင်း

ဇယား(၄.၁.၂)

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အမှန် | အမှန် | အမှန် | အမှန် | အမှန် | အမှန် | အမှန် | အမှန် | အမှန် | အမှန် |
| (၁) | (၂) | (၃) | (၅) | (၇) | (၉) | (၁၁) | (၅) | (၇) | (၉) | (၁၁) | (၁၃) | (၁၃) |
| ၁ | သစ်မာတိုင် | လုံးရေ(၀၀၀) | ၀.၇၇၆ | - | ၂၂.၀၃၁ | ၉.၁၉၁ | - | - | ၀.၁၁၃ | ၀.၀၀၄ | - | – |
| ၂ | သစ်မောမျှော | လုံးရေ(၀၀၀) | ၂၆.၀၀၀ | ၅၀.၀၀၀ | ၇၁.၀၀၀ | ၄၂.၉၂၆ | ၂၅.၀၀၀ | ၁၀.၀၀၀ | - | ၉.၆၁၅ | - | – |
| ၃ | ထင်း | ကုဗတန်(၀၀၀) | ၉.၃၀၀ | ၁၀.၆၈၅ | ၉.၃၂၀ | ၉.၄၄၇ | ၉.၃၀၀ | ၉.၁၆၈ | ၇.၀၂၅ | ၉.၂၈၅ | ၉.၄၈၀ | ၂.၄၈၀ |
| ၄ | မီးသွေး | ကုဗတန်(၀၀၀) | ၁၂.၄၉၄ | ၁၂.၂၈၃ | ၂၆.၈၆၉ | ၉.၁၅၃ | ၁၀.၅၀၄ | ၇.၅၃၁ | ၁၄.၈၅၂ | ၁၅.၉၆၂ | ၁၅.၆၇၆ | ၁၈.၅၀၀ |
| ၅ | ဝါး | လုံးရေ(၀၀၀) | ၄၅၅.၃၂၅ | ၅၄၇.၄၀၀ | ၅၀၄.၀၀၀ | ၃၅၈.၁၀၀ | ၄၄၆.၄၀၀ | ၄၈၅.၅၀၀ | ၅၂၇.၀၀၀ | ၅၄၀.၀၀၀ | ၅၄၄.၆၀၀ | ၃၁၀.၀၀၀ |
| ၆ | ကြိမ် | လုံးရေ(၀၀၀) | ၁၂၀၂.၀၀၀ | ၁၄၁၅.၀၀၀ | ၁၃၀၀.၀၀၀ | ၁၂၆.၉၉၀ | ၁၉၅.၀၀၀ | ၀.၀၄၃ | ၀.၁၈၀ | ၃၀၄.၀၀၀ | ၄၂၀.၀၀၀ | ၆၅.၀၀၀ |
| ၇ | ကရမက် | ပိဿာ(၀၀၀) | ၁.၅၀၀ | ၃.၂ | ၃.၀၀၀ | ၄.၀၀၀ | ၃.၀၀ | ၃.၀၀၀ | ၃.၀၀၀ | ၂.၅၀၀ | ၁.၈၀၀ | – |
| ၈ | ဓနိ/သက္ကယ် | ဗျစ်(၀၀၀) | ၂၆၆၀.၁၅၀ | ၂၀၁၆.၅ | ၁၈၄၇.၆၅၀ | ၁၆၆၂.၁၀၀ | ၁၇၃၀.၄၀၀ | ၁၅၂၆.၆၁၅ | ၁၄၀၅.၃၀၀ | ၁၇၁၈.၀၀၀ | ၁၃၇၂.၄၀၀ | ၆၃၆.၀၀၀ |
| ၉ | ငှက်သိုက် | ပိဿာ(၀၀၀) | ၀.၃၈၃ | ၀.၂၉၈ | ၀.၃၇၁ | ၀.၃၂၉ | ၃၀၄၉၆.၀၀၀ | ၀.၄၅၆ | ၀.၄၄၂ | ၀.၅၁၈ | ၀.၄၉၇ | ၃၈၈.၀၀၀ |
| ၁၀ | ပျားရည် | ပိဿာ(၀၀၀) | ၀.၀၃၀ | ၀.၀၉၂ | ၀.၁၀၀ | ၀.၁၀၀ | ၀.၁၁၀ | ၀.၁၁၈ | ၀.၁၁၈ | ၀.၁၁၈ | ၀.၁၂၂ | ၁၂၁.၀၀၀ |
| ၁၁ | တောင်တန်ကြီး | ပိဿာ(၀၀၀) | ၅.၀၀၅ | ၄.၀၀၀ | ၅.၀၀၀ | ၅.၅၀၀ | ၅.၅၀၀ | ၂.၅၀၀ | ၃.၀၀၀ | ၄.၅၈၀ | ၄.၅၀၀ | – |
| ၁၂ | လင်းနို့ချေး | ပိဿာ(၀၀၀) | ၃၂.၉၉၀ | ၅၈.၄၇၀ | ၅၀.၀၀၀ | ၃၅.၀၀၀ | ၂၅.၀၀၀ | ၃၅.၆၀၀ | ၄၄.၆၁၈ | ၄၂.၆၆၆ | ၇.၃၀၀ | ၁၂.၀၀၀ |
| ၁၃ | သီဟို | ပိဿာ(၀၀၀) | - | - | - | - | ၂.၀၀၀ | ၂.၀၀၀ | ၂.၁၀၀ | ၂.၂၀၀ | ၂.၃၀၀ | – |
| ၁၄ | သင်ပေါင်းသား | လုံးရေ(၀၀၀) | - | - | - | ၂၇.၈၆၀ | ၉.၃၀၀ | ၂၀.၀၀၀ | ၂၀.၀၀၀ | ၂၃.၀၀၀ | ၂၄.၂၅၀ | – |
| ၁၅ | ဝဥ | ပိဿာ(၀၀၀) | - | - | - | ၃.၆၅၀ | | | | | | |
| ၁၆ | အုံတုံခေါက် | ပိဿာ(၀၀၀) | - | - | - | ၅.၀၀၀ | | | | | | |

ဇစ်မြစ်-မြိတ်ခရိုင်၊ သစ်တောဦးစီးဌာန

## (၂၀၀၆-၂၀၀၇ခုနှစ်မှ၂၀၁၅-၂၀၁၆ခုနှစ်အထိ) စီမံကိန်းကာလအတွင်း ဆောင်ရွက်ခဲ့သော သစ်တောလုပ်ငန်းများစာရင်း

ဇယား(၄.၂)

| စဉ် | ခုနှစ် | ကျွန်းသင်းသတ်ခြင်း / ကျွန်းစိုရှိက်မှတ်ခြင်း (ပင်) | သစ်မှာပင်ဝေါင်ရိုက်ခြင်း (ပင်) | ဝက္ကိုချိုးအက်ခြင်း | | မြေတောမျိုးဆက်ခြင်း (ဧက) | အပိုင်းကားဆိုင်း ခုတ်လှဲခြင်း (ဧက) | ပေါင်းသင်းရှင်းလင်းခြင်း (ဧက) | ပင်ကြဲနုတ်ခြင်း (ဧက) | နွယ်ဖြတ်ညှောင့်ပေါက်ပဲ့ခြင်း(ဧက) | သစ်တောလမ်းပြုပြင်ခြင်း (မိုင်) | ကြိုးဝိုင်း နယ်နိမိတ် ပြုပြင်ဆင်ခြင်း (မိုင်) | အကာက်နယ်နိမိတ်ပြုပြင်ဆောင်ခြင်း(မိုင်) | မီးကာကွက်ခြင်း (ဧက) | ကြိုးဝိုင်း တိုင်းတာ ရေးဆွဲခြင်း (စ/မ) | ပင်ပျိုးစိုက်ကွင်းချိုင်ခြင်း | သဘာဝတောတောနိမ့်ဖြစ်ကွင်းစိုက်ပျိုးခြင်း | CF တည်ထောင်ခြင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | မိုက်ခင်း (ဧက) | သစ်တော ဖြစ်ပြင်ပ (ပင်) | | | | | | | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) |
| ၁ | ၂၀၀၆-၀၇ | | | ၁၁၀ | | | | ၅၀၅ | | | | | | ၆၈၅ | | | | ၄၀ |
| ၂ | ၂၀၀၇-၀၈ | | | ၆၀ | | | | ၆၈၅ | | | | | | ၅၅၇ | | | | - |
| ၃ | ၂၀၀၈-၀၉ | | | ၁၀၀ | | | | ၄၆၀ | | | | | | ၄၇၉ | | | | ၁၀၀ |
| ၄ | ၂၀၀၉-၁၀ | | | - | ၁၀၃၃၀၀ | | | ၂၇၀ | | | | | | ၃၆၀ | | | | |
| ၅ | ၂၀၁၀-၁၁ | | | - | ၁၄၉၈၃၀ | | | ၁၅၀ | | | | | | ၁၈၀ | | | | |
| ၆ | ၂၀၁၁-၁၂ | | | - | ၇၂၂၀၀ | | | ၅၀ | | | | | | - | | | | |
| ၇ | ၂၀၁၂-၁၃ | | ၁၆၈၃ | - | ၁၁၁၂၀၀ | ၅၀ | | - | | | | | | ၅၀ | | | | |
| ၈ | ၂၀၁၃-၁၄ | | | ၅၀ | ၈၁၂၀၀ | | | ၁၀၀ | | | | | | ၅၀ | ၁၅၈ | | | |
| ၉ | ၂၀၁၄-၁၅ | | | ၅၀ | ၇၂၂၀၀ | | | ၂၀၀ | | | | | | ၁၀၀ | ၄၀ | | | ၃၃၀၄ |
| ၁၀ | ၂၀၁၅-၁၆ | | | ၅၀ | ၇၂၂၀၀ | | | ၂၀၀ | | | | | | ၁၅၀ | | | | |
| စုစုပေါင်း | | | ၁၆၈၃ | ၄၂၀ | ၆၆၂၁၃၀ | ၅၀ | | ၂၆၂၀ | | | | | | ၂၆၁၁ | ၁၉၈ | | | ၃၄၄၄ |

ဇစ်မြစ်-မြိတ်ခရိုင်၊ သစ်တောဦးစီးဌာန

## ၄.၃ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲခြင်း

၁။ မြိတ်ခရိုင်သည် ထိုင်း(ယိုးဒယား)နိုင်ငံနှင့် နီးကပ်သောကြောင့် တစ်ကြောင်း၊ မြန်မာဘုရင် နေပြည်တော်နှင့် ဝေးကွာနေသောကြောင့်တစ်ကြောင်း၊ ၁၈၂၄ ခုနှစ် ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲမတိုင်မီက ယိုးဒယားဘုရင်က ဝင်ရောက်သိမ်းပိုက် အုပ်ချုပ်ခြင်း၊ မြန်မာဘုရင်က ပြန်လည်သိမ်းပိုက်အုပ်ချုပ်ခြင်းများ ဖြစ်ခဲ့ပါသည်။ ပထမ အင်္ဂလိပ် မြန်မာစစ်ပွဲအပြီးတွင် အင်္ဂလိပ်အစိုးရကအုပ်ချုပ်ခဲ့ပါသည်။ သို့ရာတွင် သစ်တောဌာနဟူ၍ သီးခြားအုပ်ချုပ်ခြင်းမရှိဘဲ နယ်ဖက်အုပ်ချုပ်သည့် အရာရှိကသာ ပူးတွဲ တာဝန်ယူခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ ၁၈၅၆ခုနှစ်၊ ဒုတိယအကြိမ် အင်္ဂလိပ်မြန်မာစစ်ပွဲအပြီးတွင် အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်က သိမ်းပိုက်သောအခါ သစ်တောဌာနကို စနစ်တကျ ဖွဲ့စည်းတည်ထောင်ပြီး သစ်တောပေါက်ရောက်မှုကို တိုင်းတာစာရင်းကောက်ယူခြင်း၊ စမ်းသပ်စိုက်ပျိုးခြင်း၊ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများကို သိပ္ပံနည်းကျဆောင်ရွက်လာခဲ့ပါသည်။

၃။ ၁၉၂၃ခုနှစ်တွင် ဇန်နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေး စနစ်ဖြင့် အိန္ဒိယမှ ခွဲထွက်ပြီး သီးခြားအုပ်ချုပ်သောအခါ သစ်တောဝန်ကြီးဌာနကို သီးခြား ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၄။ ၁၉၄၈ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလျှက် သစ်တောရေးရာကိစ္စရပ်များကို စီမံဆောင်ရွက်ခဲ့ပါသည်။

ယခင်သစ်တောဌာနဖွဲ့စည်းပုံသည် အုပ်ချုပ်ရေး တိုင်း၊ ခရိုင်တို့နှင့် အညီမဟုတ်ဘဲ လုပ်ငန်း အပေါ်မူတည်ပြီး အခြေခံ ဖွဲ့စည်းခဲ့ပါသည်။ ထို့ကြောင့် ၁၉၇၂ခုနှစ် အုပ်ချုပ်ရေးစနစ်သစ် ပြင်ဆင်သတ်မှတ်သောအခါ သစ်တောဦးစီးဌာနကို တိုင်းကြီး (၈)တိုင်း နှင့် ခရိုင်(၃၆)ခုဖြင့် ခွဲခြား၍ စီမံအုပ်ချုပ်ခဲ့ပါသည်။ သစ်တောနယ် တစ်ခုစီ အတွက်သစ်တောအုပ်ချုပ်မှု(Working Plans)များရေးဆွဲပြီးအုပ်ချုပ်ခဲ့ပါသည်။

၁၉၈၃ခုနှစ်တွင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၏ ၁၉၈၂ခုနှစ် ဇူလိုင်လ (၂)ရက် နေ့စွဲပါ စာအမှတ်၊ ၁/၁၈၀/(၈၀ (၇၀) ၁၃၆၆/၈၂)နှင့် ၁၉၈၃ခုနှစ် ဖေဖော်ဝါရီလ (၁၆)ရက် နေ့စွဲပါစာအမှတ်၊ ဒဂတ/ သစ်တော/၈၃တို့အရ နယ်ဖက်အုပ်ချုပ်ရေး (CivilAdministration)နှင့်လိုက်လျောညီထွေစေရန်သစ်တောခရိုင်(ForestDivision) များကိုဖျက်သိမ်း၍ ဗဟိုပြည်နယ်/တိုင်း/မြို့နယ်များအဖြစ် သစ်တော ဦးစီးဌာန

ဝန်ထမ်းဦးရေ (၃၈၅၉)ဦးဖြင့် ပြန်လည် ပြင်ဆင်ဖွဲ့ စည်းခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် သစ်တောဦးစီးဌာန၏ဖွဲ့စည်းပုံကို ဝန်ထမ်းအင်အားစုစုပေါင်း(၁၄၇၅၁) ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ စီမံခန့်ခွဲရေးဘဏ္ဍာရေးလုပ်ငန်းဆောင်ရွက်ရေးကိစ္စတွင် ပြည်နယ်/တိုင်းများမှ အဆိုပြုတင်ပြချက်များကို ဗဟိုမှစိစစ်၍ ချမှတ်ဆောင်ရွက်စေပါ သည်။

၅။ ၁၉၉၂ခုနှစ် မတ်လ (၅)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၉၂) အရ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနကို သစ်တောရေးရာ ဝန်ကြီးဌာန နှင့် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနအဖြစ် သီးခြားပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၁၉၉၄ခုနှစ် ဇူလိုင်လ (၁၁)ရက်နေ့တွင် တိုင်း/ခရိုင်/မြို့နယ်ရုံးများ ဖွဲ့စည်း၍ အုပ်ချုပ်ရေးစနစ်တစ်မျိုး ပြောင်းလဲ၍ သစ်တောများကို အုပ်ချုပ်လုပ်ကိုင်ခဲ့ပါသည်။

ယခုအခါ သစ်တောလုပ်ငန်းများနှင့် စပ်လျဉ်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်မှ တာဝန်ယူ ဆောင်ရွက်၍ အချို့ကို ပြည်နယ်/တိုင်း သစ်တောဦးစီး ဌာနများအား တာဝန်ပေးဆောင်ရွက်စေပါသည်။

၆။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ၁၉၉၃ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၄၁/၉၃) ဖြင့် သစ်တောပြုစုထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ သစ်တောပြုစုထိန်းသိမ်းရေးကော်မတီများကို ဖွဲ့စည်းပြီးနိုင်ငံတော်ပိုင်သစ်တောများမပြုန်းတီးရေး၊သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေး၊သစ်တောစိုက်ခင်းများတည်ထောင်ရေး၊ သစ်တောနှင့်သစ်တောထွက်ပစ္စည်းများ ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောနှင့်ပတ်သက်သည့် မသမာမှုများ ကင်းရှင်းရေး တို့အတွက် စီမံဆောင်ရွက်ရန် လက်ရှိသစ်တောဧရိယာ အမှန်စာရင်း ရရှိရေးအတွက် ကွင်းဆင်းတိုင်းတာ စစ်ဆေးပြုစုပေးရန် စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ မြိတ်ခရိုင်၏လက်ရှိဝန်ထမ်းဖွဲ့စည်းပုံကို ဇယား (၄.၃)တွင် ဖော်ပြထားပါသည်။ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း(၂၀၀၆-၂၀၀၇ခုနှစ် မှ ၂၀၁၅-၂၀၁၆ ခုနှစ်) ကာလအတွင်း မြိတ်ခရိုင်တွင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ခရိုင်မှူးနှင့်မြို့နယ်မှူးများ၏အမည်စာရင်းကိုအတွဲ (၂)ဇယား(၄-၃)က တွင်ဖော်ပြထားပါသည်။

၇။ မြိတ်ခရိုင်အတွင်းရှိ သစ်တောသယံဇာတ အရင်းအမြစ်များကို မြို့နယ်အလိုက် ဘိနယ်များခွဲ၍ သစ်တောဘိနယ်တာဝန်ခံများ ဖွဲ့စည်းပုံကို အတွဲ(၂) ဇယား (၄-၃)ခ တွင်ဖော်ပြထားပါသည်။

## မြိတ်ခရိုင်သစ်တောဝန်ထမ်းဖွဲ့စည်းပုံဇယား

ဇယား(၄.၃)

**ခရိုင်သစ်တောဦးစီးဌာန<br>မြိတ်ခရိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| လ/ထညွှန်မှူး | ၁ | ၁ |
| ဦးစီးအရာရှိ | ၁ | ၁ |
| တောအုပ်ကြီး | ၂ | - |
| တောအုပ် | ၂ | ၃ |
| တောခေါင်း | ၄ | - |
| ရုံးအဖွဲ့ | ၁၅ | ၇ |
| ပေါင်း | ၂၅ | ၁၂ |

**မြို့နယ်သစ်တောဦးစီးဌာန<br>မြိတ်မြို့နယ်(က)<br>(ဦးစီးအရာရှိ)**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| ဦးစီးအရာရှိ | ၁ | ၁ |
| တောအုပ်ကြီး | ၃ | ၁ |
| တောအုပ် | ၁၀ | ၈ |
| တောခေါင်း | ၂၁ | ၃ |
| တောကြပ် | ၄ | ၄ |
| ရုံးအဖွဲ့ | ၇ | ၂ |
| ပေါင်း | ၄၇ | ၂၀ |

**မြို့နယ်သစ်တောဦးစီးဌာန<br>တနင်္သာရီမြို့နယ်(က)<br>(ဦးစီးအရာရှိ)**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| ဦးစီးအရာရှိ | ၁ | ၁ |
| တောအုပ်ကြီး | ၃ | ၃ |
| တောအုပ် | ၁၀ | ၈ |
| တောခေါင်း | ၂၁ | ၇ |
| တောကြပ် | ၄ | ၃ |
| ရုံးအဖွဲ့ | ၇ | ၂ |
| ပေါင်း | ၄၇ | ၂၅ |

**မြို့နယ်သစ်တောဦးစီး<br>ဌာန၊ကျွန်းစုမြို့နယ်(ခ)<br>(တောအုပ်ကြီး)**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| မြို့/မှူး | ၁ | ၁ |
| တောအုပ် | ၄ | ၄ |
| တောခေါင်း | ၈ | ၄ |
| တောကြပ် | ၄ | ၄ |
| ရုံးအဖွဲ့ | ၄ | ၂ |
| ပေါင်း | ၂၂ | ၁၆ |

**မြို့နယ်သစ်တောဦးစီး<br>ဌာန၊ပုလောမြို့နယ်(ခ)<br>(တောအုပ်ကြီး)**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| မြို့/မှူး | ၁ | ၁ |
| တောအုပ် | ၄ | ၄ |
| တောခေါင်း | ၈ | ၄ |
| တောကြပ် | ၄ | ၂ |
| ရုံးအဖွဲ့ | ၄ | ၃ |
| ပေါင်း | ၂၂ | ၁၅ |

သက်ဆိုင်ရာ မြို့နယ်များတွင် ဘိနယ်အလိုက် တာဝန်ခံ တောအုပ်ကြီး၊ တောအုပ်များ ထား၍ စနစ်တကျ စီမံအုပ်ချုပ်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်းစုမြို့နယ်တွင် ဘိနယ် (၅)ခု၊ ပုလောမြို့နယ်တွင် ဘိနယ်(၃)ခု၊ တနင်္သာရီမြို့နယ်တွင် ဘိနယ်(၇)ခု၊ မြိတ်မြို့နယ်တွင် ဘိနယ် (၈)ခု ခရိုင်အတွင်း စုစုပေါင်း ဘိနယ် (၂၃)ခု ခွဲခြားအုပ်ချုပ်လျက်ရှိပါသည်။

### ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး

မြိတ်ခရိုင်အတွင်းရှိ ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရန်အတွက် (ပြည်တွင်း/ ပြည်ပ) သင်တန်းများသို့ စေလွှတ်ခဲ့ပါသည်။ ခရိုင်အတွင်းရှိ ဝန်ထမ်းများ၏ သင်တန်း တက် ရောက်ပြီးစီးမှု အခြေအနေကို အတွဲ(၂) ဇယား (၄.၄)တွင် ဖော်ပြထားပါသည်။

### ၄.၅ အခွန်တော်ငွေနှင့် အသုံးစရိတ်

လွန်ခဲ့သော (၁၀)နှစ်တာကာလအတွင်း ရရှိသည့် ပြည်ထောင်စု အခွန်တော်နှင့်အသုံး စရိတ်၊ တိုင်းဒေသကြီး အခွန်တော်နှင့်အသုံးစရိတ်စာရင်းများကို အတွဲ(၂) ဇယား(၄.၅)က၊ (၄.၅)ခ တို့တွင် ဖော်ပြထားပါသည်။

**အခွန်တော်ငွေ ရရှိမှုနှင့် အသုံးစရိတ်နှိုင်းယှဉ်မှုပြဇယား**

ဇယား(၄.၅)

| စဉ် | အကြောင်းအရာ | အခွန်တော်ငွေ ရရှိမှု (ကျပ်ထောင်ပေါင်း) | အသုံးစရိတ် (သာမန်+ငွေလုံး) (ကျပ်ထောင်ပေါင်း) | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ငွေလုံး | သာမန် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ပြည်ထောင်စု | ၆၆၉၀၄၅.၅၉၁ | ၁၇၇၃၅.၉၀၀ | ၃၂၃၅၁၉.၉၄၈ | |
| ၂ | တိုင်းဒေသကြီး | ၂၆၂၉၈၄၈၈၃.၀၀၀ | – | ၅၁၀၂၈၃၇၈၉.၀၀၀ | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## ၅။ ယခင်လုပ်ငန်းဆောင်ရွက်မှုများ အပေါ် သုံးသပ်ခြင်း

### ၅.၁ ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု

မြိတ်ခရိုင်သည် နယ်မြေအေးချမ်းမှုမရှိပါသဖြင့် လွန်ခဲ့သည့် (၁၀)နှစ်တာ ကာလအတွင်း သစ်တောထိန်းသိမ်းခြင်းလုပ်ငန်း၊ စိုက်ပျိုးပြုစုပျိုးထောင်ခြင်းလုပ်ငန်း လုံးဝလုပ်ကိုင်နိုင် ခြင်းမရှိပါ။ထုတ်လုပ်ရေးအပိုင်းတွင်သာဆောင်ရွက်နိုင်ခဲ့ပါသည်။ထုတ်လုပ်ရေး အပိုင်းတွင် သစ်ထုတ်လုပ်ခြင်း လုပ်ငန်းကို M.P စနစ်ဖြင့်သာထုတ်လုပ်ပါသည်။ ထို့ကြောင့် ရည်မှန်းချက်ပြည့်မှီသည့်နှစ် ရှိသကဲ့သို့ လုံးဝထုတ်လုပ်ခြင်းမပြုနိုင်သော နှစ်လည်း ရှိကြောင်း တွေ့ရှိရပါသည်။ သစ်တောထွက်ပစ္စည်းထုတ်ရာတွင် အချို့သစ်တောထွက် ပစ္စည်းများကို လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရပါသည်။

## ၅.၂ လူမှုရေးနှင့် လူအဖွဲ့အစည်းဆိုင်ရာ ပြဿနာများ

မြိတ်ခရိုင်သည် နယ်စပ်ဒေသဖြစ်သည့်အားလျော်စွာ စားကုန်ဈေးနှုန်းကြီးမြင့် သကဲ့သို့ လုပ်အားခမှာလည်း အခြားဒေသနှင့် နှိုင်းယှဉ်လျှင် လွန်စွာမြင့်မားသော ဒေသတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ပုံငွေ ခွဲဝေပေးရာ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခွဲဝေပေးပါသောကြောင့် မြိတ်ဒေသအနေဖြင့် လွန်စွာ နည်းပါးနေကြောင်း တွေ့ရှိရပါသည်။ မြိတ်ဒေသတွင် ရော်ဘာ၊ သီဟိုသရက်များ၊ စိုက်ပျိုး ချိန်တွင် သစ်တောစိုက်ခင်း လုပ်ငန်းများဆောင်ရွက်ချိန်နှင့်တိုက်ဆိုင်သည့်အခါ လုပ်သား များရှားပါးခြင်း၊လုပ်အားခကြီးမြင့်ခြင်းတို့ကြောင့် လုပ်သားရရှိမှု ခက်ခဲပါသည်။

## ၅.၃ အုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများ

မြိတ်ခရိုင်သည် နယ်မြေအေးချမ်းမှုမရှိခြင်း၊ သွားလာရေးခက်ခဲခြင်းတို့ကြောင့် သဘာဝ တောအတွင်း သစ်ထုတ်ရာ၌ ကောင်းမွန်သည့် မြန်မာ့ရွေး ချယ်ထုတ်လုပ်ရေးစနစ် မကျင့် သုံးနိုင်ဘဲ အမ်-ပီ စနစ်ဖြင့် သစ်ထုတ်သဖြင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း မဆောင်ရွက်နိုင်ခဲ့ပါ။(၂၀၁၅-၂၀၁၆)ခုနှစ်မှစ၍ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် သစ်တောပြုန်းတီးမှု နည်းပါးလာမည် ဖြစ်ပါသည်။ ထို့အပြင် ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ဝန်ထမ်းအင်အား အပြည့်အဝခန့်ထားပြီးသွားလာရာ၌ လွယ်ကူချောမွေ့စေရေးအတွက် ဌာနပိုင်စက်လှေ ဝယ်ယူထားရန် သို့မဟုတ် စက်လှေငှားရမ်းခ ရန်ပုံငွေလုံလောက်စွာ ခွဲဝေပေးသင့်ပါသည်။

## ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများဆိုင်ရာစီစဉ်ခန့်ခွဲမှု

ဝန်ထမ်းအင်အား ပြည့်စုံလုံလောက်စွာ ခန့်ထားနိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ရန်ပုံငွေ လုံလောက်စွာမရရှိမှုကြောင့် ဝန်ထမ်းများ၊ အိမ်ယာများ လုံလောက်စွာဆောက် လုပ်ပေးနိုင်ခြင်းမရှိပါသဖြင့် မြိတ်ဒေသသည် နေအိမ်များငှားရမ်းခလည်း လွန်စွာကြီးမြင့် ပါသောကြောင့်ဝန်ထမ်းများနေရေးအတွက် များစွာခက်ခဲပါသည်။ ဝန်ထမ်းများသည် သစ်တောကာကွယ်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာ၌လည်းကောင်း၊ စိုက်ပျိုးပြုစုရာ၌ လည်းကောင်း၊ သွားလာရေးလွယ်ကူစေရန်အတွက်ယာဉ်များ၊ ရေယာဉ်များ၊ ယာဉ်သုံး ဆီများ လုံလောက်စွာ ထုတ်ပေးသင့်ပါသည်။ ယာဉ်များထုတ်ပေးခြင်း မပြုနိုင်ပါကလည်း ယာဉ်ငှားရမ်းခ လုံလောက်စွာ ခွဲဝေပေးသင့်ပါသည်။ ၁၉၇၂ ခုနှစ် သစ်တောဥပဒေသည် ခေတ်စနစ်နှင့် မလျှော်ညီတော့ပါသဖြင့် ၁၉၉၂ခုနှစ် သစ်တော ဥပဒေကိုအသစ်ပြဌာန်းခဲ့ပြီး ဖြစ်ပါသည်။

## ၅.၅ ပြင်ပအကြောင်းရပ်များမှ အကျိုးသက်ရောက်မှု

မြန်မာနိုင်ငံတွင် လူဦးရေတစ်နေ့တခြား တိုးပွားများပြားလာပြီး ကြိုးဝိုင်းကြိုးပြင်တောများတွင် လူနေအိမ်၊ လယ်ယာ၊ ဥယျာဉ်ခြံမြေများ တိုးချဲ့လုပ်ကိုင်မှုကြောင့် သစ်တောများအတွင်း ကျူးကျော်ဝင်ရောက်လျက်ရှိပါသည်။ ထို့ကြောင့် သစ်တောဧရိယာသည် တစ်နေ့တစ်ခြား ဆုတ်ယုတ်လျော့နည်းလာပြီး မြို့ရွာ၊ လယ်ယာ၊ ဥယျာဉ်ခြံများမြေများ တိုးတက်များပြား လာနေပါသည်။

## ၅.၆ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု

ဒေသခံပြည်သူများ၏ လိုအပ်ချက်ဖြစ်သော သစ်တောထွက်ပစ္စည်းများကို မြိတ်ခရိုင်ရှိ ကြိုးဝိုင်း၊ ကြိုးပြင်ဧရိယာအတွင်းမှ လုံလောက်စွာထုတ်ပေးနိုင်သည့်အပြင် သစ်များကို ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချသည့် အခြေအနေရှိပါသည်။ ထို့ကြောင့် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်ယူလိုသည့်သစ်များကို နှစ်စဉ်ခွင့်ပြုတောထွက်ထက် မကျော်လွန်စေပဲ ပြည်ပတင်ပို့ ရောင်းချခြင်းနှင့် ပြည်တွင်းသုံးကို ထုတ်ယူခဲ့ပါသဖြင့် ပြည်တွင်းသုံးသာမက နိုင်ငံခြား ငွေလည်းရရှိပါသောကြောင့် နိုင်ငံ၏စီးပွားရေး လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ခဲ့ပါသည်။

## ၅.၇ အခွန်တော်နှင့် အသုံးစရိတ်

မြိတ်ခရိုင်၏လွန်ခဲ့သည့်(၁၀)နှစ်တာကာလအတွင်းရရှိသည့်အခွန်တော်ငွေနှင့် အသုံးစရိတ်ကိုနှိုင်းယှဉ်ပါက အသုံးစရိတ်သည် အလွန်နည်းပါးကြောင်းကို တွေ့ရှိရပါသည်။ အသုံးစရိတ် ခွဲဝေချထားမှုမှာနည်းလွန်းပါသည်။ သို့မှာသာ အခွန်တော်ငွေ ကောက်ခံမှုလုပ်ငန်းကိုပိုမိုစိတ်ဝင်စားပြီး ဆောင်ရွက်ခြင်းအားဖြင့် အခွန်ငွေတိုးမြှင့် ရရှိသည်နှင့်အမျှ အသုံးစရိတ်လည်း အချိုးညီညီ ပိုမိုခွဲဝေချထားပေးပါက သစ်တောထိန်းသိမ်းကာကွယ်ခြင်း နှင့်သစ်တောပြုစုပျိုးထောင်ခြင်း လုပ်ငန်းများကိုလည်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၅.၈ လုပ်ငန်းများဆိုင်ရာ အခက်အခဲအတားအဆီးများ

ဝန်ထမ်းအင်အား အပြည့်အဝခန့်ထားခြင်းမပြုနိုင်ခြင်း၊ လုပ်ငန်းအတွက် သတ်မှတ်ခွဲဝေပေးသည့် ရန်ပုံငွေနည်းလွန်းခြင်း၊ သွားလာရာ၌အသုံးပြုရန် စက်၊ ယာဉ်များနည်းပါးခြင်း၊ စက်သုံးဆီနည်းပါးခြင်း၊ လုပ်ငန်းသုံးပစ္စည်း ပံ့ပိုးမှုအားနည်းခြင်းတို့အပြင် မြိတ်ခရိုင်အနေဖြင့်သာ နယ်မြေဒေသ မအေးချမ်းမှုကြောင့် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာ၌ အခက်အခဲ တားဆီးများ ဖြစ်စေပါ သည်။

### ၅.၉ အထွေထွေ

မြိတ်ခရိုင်သည် မိုးရွာသွန်းမှုအလွန်များပြားသော ဒေသတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် သစ်ပင်များ စိုက်ပျိုးရာ၌ စိုက်ပျိုးသမျှ သစ်ပင်များလည်း ရှင်သန်ဖြစ်ထွန်းလျက်ရှိပါသည်။ သို့ရာတွင် ထိန်းသိမ်းမှု အားနည်းမှုကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်ပါ။ မိုးရာသီ သစ်ပင်စိုက်ပျိုးရာ၌ ၁၉၉၅ခုနှစ် အတိုင်မီက တစ်နှစ်လျှင် အပင်ပေါင်း (၃၀၀၀၀)ခန့် စိုက်ပျိုးခဲ့ရာမှ ယခုအခါတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်မှုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ တောင်းခံမှုအရ နှစ်စဉ် သစ်ပင်ပေါင်း (၁၀၀၀၀၀)အထိ ပျိုးထောင်ပြီး မြို့နယ်နှင့် ကျေးရွာများသို့ အခမဲ့ ဖြန့်ဝေပေးလျက်ရှိပါသည်။

## ၆။ နိဂုံး

သစ်တောများထာဝစဉ်တည်ရှိနိုင်ရေးအတွက် သစ်တောထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရေးသည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းအောင်မြင်ရန်အတွက်သစ်တောဦးစီးဌာနနှင့် ပြည်သူလူထုအတွင်း သစ်တောများမှရရှိနိုင်မည့် အကျိုးကျေးဇူးများကို နည်းလည်သဘောပေါက်ပြီး သစ်တောသစ်ပင်များကို ပူးပေါင်းပါဝင် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းမှသာ သစ်တောထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအောင်မြင် လာမည်ဖြစ်ပါသည်။

# အပိုင်း(၂)

# အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု

## ၇။ သစ်တောမူဝါဒ

- ၁၉၉၂ခုနှစ် သစ်တောဥပဒေပုဒ်မ-၁၀အရ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်း များရေးဆွဲ၍ သစ်တောရေးရာဝန်ကြီးထံ တင်ပြရမည်ဖြစ်ပါသည်။

- ၁၉၉၅ခုနှစ် မြန်မာ့သစ်တောမူဝါဒ၊ သဘောထား ကြေငြာချက်အခန်း (၃-၆) အရ သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ ယေဘူယျ လမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်ပေးနိုင်မည့် (၁၀)နှစ်စီမံကိန်းတစ်ရပ်ကို ရေးဆွဲသွားရန် မူဝါဒလုပ်ငန်းတစ်ရပ် အဖြစ် ဖော်ပြထာ ပါသည်။

- ထို့အပြင် ၁၉၉၅ခုနှစ် အမျိုးသား သစ်တောရေးရာ ဆောင်ရွက်မှုစီမံချက်၊ သစ်တော အုပ်ချုပ် လုပ်ကိုင်မှုအပိုင်းတွင် ဖော်ပြထားသည့် အုပ်ချုပ် လုပ်ကိုင်မှု နယ်မြေ တစ်ခုစီ အတွက် ဘက်စုံအသုံးချအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ရေးဆွဲရန် အကြံပြု ထားပါသည်။

- စနစ်တကျ ရေးဆွဲထားသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ မရှိဘဲ သစ်တောများကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင် မည် မဟုတ်ပါ။ ထို့ပြင် သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲ၍ အုပ်ချုပ် လုပ်ကိုင်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်အဖွဲ့ (International Tropical Timber Organizational-ITTO)က သတ်မှတ်ထားသော သစ်တောများကို ထာဝစဉ် တည်မြဲ စေရန် အုပ်ချုပ်လုပ်ကိုင်ခြင်း (Sustainable Forest Management -SFM)၏ စံချိန် စံညွှန်း (Indicator)တစ်ခုလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၉၉၅ခုနှစ် မြန်မာ့ သစ်တော မူဝါဒ သဘောထား ကြေငြာချက်တွင် ချမှတ်ထားသည့် ပဓာနကျသည့်အချက် (၆)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်ပါသည်။

(က) **ကာကွယ်ခြင်း။** ရေ၊မြေ၊တောရိုင်းတိရစ္ဆာန်၊ဇီဝမျိုးစုံ နှင့် သဘာဝပတ်ဝန်းကျင် ကို ကာကွယ်ရပါမည်။

(ခ) **ထာဝစဉ်တည်တံ့စေခြင်း။** လက်ရှိပြည်သူလူထုနှင့်နောင်လာနောင်သားများ ပါ သစ်တောများမှ ရရှိနိုင်ခြင်းသည် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစား နိုင်ကြစေရန်၊ သစ်တောသယံဇာတ အရင်းအမြစ်များ ကို ထာဝစဉ် တည်တံ့ ထိန်းသိမ်းရပါမည်။

(ဂ) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း။** ပြည်သူလူထု၏ လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံ စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရပါမည်။

(ဃ) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း။** သစ်တောသယံဇာတများ မှ မှရရှိ နိုင်သည့် အကျိုး အမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်း ကျင်ထိန်းသိမ်းရေး ဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့် အဝ အသုံးချနိုင်ရန် စီမံရပါမည်။

(င) **ပြည်သူတို့ကပူးပေါင်း ပါဝင်ဆောင်ရွက်လာစေခြင်း။** သစ်တောများ ပြုစုထိန်း သိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရလုပ်ငန်းတို့ကို ပြည်သူ တို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရပါမည်။

(စ) **ပြည်သူအတွင်းနိုးကြားထကြွသည့်အသိရှင်သန်နေစေခြင်း။** နိုင်ငံတော်၏ လူမှု စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖောက်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန်နေစေရန် စည်းရုံး လှုံ့ဆော်သွားရပါမည်။

## ၈။ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ

### ၈.၁ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များ

#### ၈.၁.၁ လူမှုစီးပွားရေး

သစ်တောကဏ္ဍကို အခြေခံ၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ ဖူလုံစေရေးနှင့် ဝင်ငွေရရှိစေရန် ။

#### ၈.၁.၂ သစ်တောဖွံ့ဖြိုးရေး

စီမံကိန်းရေးဆွဲ၍ သစ်တောများကို စနစ်တကျ အုပ်ချုပ်ပြုစု ထိန်းသိမ်းခြင်းဖြင့် သစ်တောသယံဇာတများကို အကျိုးရှိစွာအသုံးချလာနိုင်ပြီး သစ်တောကဏ္ဍပိုမို ဖွံ့ဖြိုး တိုးတက်လာနိုင်စေရန်။

### ၈.၁.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

သစ်တောများကို စီမံကိန်းချမှတ်၍ စနစ်တကျအုပ်ချုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ်အကျိုး စီးပွားခံစားနိုင်စေရန်။

### ၈.၁.၄ သဘာဝဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဝန်းကျင်ထာဝစဉ် တည်ငြိမ်ရေးနှင့် ဂေဟစနစ်မျှတရေးကို ဆောင်ရွက်သွားရန်။

## ၈.၂ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

### ၈.၂.၁ လူမှုစီးပွားရေးဖွံ့ဖြိုးမှု

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တော ကဏ္ဍသည် အဓိကအခန်းမှပါဝင်နေကြောင်း၊ ပြည်သူတို့အတွင်း နိုးကြားသည့်အသိစိတ်ရှင်သန်နေစေရေးကို စည်းရုံးလှုံ့ဆော်သွားရန်နှင့် သစ်တောကဏ္ဍ ထာဝစဉ်ဖွံ့ဖြိုးတိုး တက်ရေးတွင် အထောက်အကူ ဖြစ်စေရန်အတွက် လူမှုစီးပွားရေးဆိုင်ရာ သုတေသန လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ။

### ၈.၂.၂ သစ်တောဖွံ့ဖြိုးမှု

လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များ အစွမ်းကုန်ရရှိခံစားနိုင်ရေး၊ ဂေဟစနစ်များမျှတမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး အတွက် သစ်တောများ ပြန်လည် စိုက်ပျိုးပြုစုရန်နှင့် သစ်တောများကို ထာဝစဉ် ညီတောထွက်စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရေးအတွက် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာ ကွယ်တောများ အစဉ်တည်မြဲနေစေရေးကို ဆောင်ရွက် သွားရန်။

နိုင်ငံတော်ဧရိယာ၏ စုစုပေါင်း (၃၀%)ကို ကြိုးဝိုင်းတောများအဖြစ် လည်း ကောင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ် ဖွဲ့စည်းဆောင်ရွက်ရာ၌ ရေတိုတွင် နိုင်ငံတော်ဧရိယာ စုစုပေါင်း၏ (၅%)ကိုလည်းကောင်း၊ ရေရှည်တွင် (၁၀%)ကို လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ရန်။

### ၈.၂.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးမှု

#### ၈.၂.၃.၁ သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးတို့ကို စွမ်းဆောင်ရည်ထက်မြက်စွာဖြင့် ထုတ်ယူ၍ ထာဝစဉ်အသုံးချအုပ်ချုပ် လုပ်ကိုင်သွားရန် ။

#### ၈.၂.၃.၂ သစ်တောအခြေခံလုပ်ငန်းဖွံ့ဖြိုးမှု

သစ်တောများမှ လိုအပ်သော သစ်ကုန်ကြမ်းပမာဏအမှန် တကယ် ထုတ်လုပ်ပေးနိုင် သည့် အခြေအနေအပေါ်မူတည်၍ သစ်တောအခြေခံလုပ်ငန်းများ ဖွံ့ဖြိုးမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် ။

#### ၈.၂.၃.၃ ရောင်းဝယ်ရေးနှင့် ကုန်သွယ်မှု

သစ်တောထွက်ပစ္စည်းများကို ပြည်ပသို့ တန်ဘိုးမြှင့်ပစ္စည်းများအဖြစ် တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတကာ သစ်ဈေးကွက်သို့ ဝင် ရောက်ကုန်သွယ်မှုပြုရန်။

### ၈.၂.၄ တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝနန်းကျင်ထိန်းသိမ်းမှု

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ယင်းတို့၏ နေရင်းဒေသများ ကာကွယ်ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်း ဖြင့်လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့်လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန်။

## ၉။ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း

ယခုတင်ပြသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို မြိတ်ခရိုင်အတွင်း သစ်တောသယံဇာတများကို စဉ်ဆက်မပြတ် အုပ်ချုပ်လုပ်ကိုင်သွားရန် ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ စီမံကိန်း သက်တမ်းကာလမှာ (၁၀)နှစ်၊ (၂၀၀၆-၀၇ မှ ၂၀၁၅-၂၀၁၆)ဖြစ်ပြီး၊ စီမံကိန်းစတင်ပြီး (၅)နှစ် (၂၀၁၀-၁၁)ခုနှစ်တွင် စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောက်ရွက်မှု အခြေအနေကို ပြန်လည်သုံးသပ်ခဲ့ပါသည်။ မြိတ်ခရိုင်အတွင်း ပေါက်ရောက်လျက်ရှိသော သဘာဝတောများကို သစ်ပင်ပေါက်ရောက်မှု၊ သစ်နှင့်သစ်တောထွက်ပစ္စည်းထွက်ရှိမှု အလားအလာ၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ် ဒေသခံပြည်သူတို့၏ သစ်နှင့်သစ်တောထွက် ပစ္စည်းလိုအပ်ချက်၊ ပတ်ဝန်းကျင်နှင့် ရေမြေထိန်းသိမ်းမှု လိုအပ်ချက်စသည့် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ အလုပ်တိုက်နယ်အလိုက် အုပ်ချုပ် လုပ်ကိုင်သွားမည့် လုပ်ငန်းများကို အသေးစိတ် ပြင်ဆင်ရေးဆွဲ ဖော်ပြထားပါသည်။

### ၉.၁ သစ်ထုတ်လုပ်ရေးသဘာဝတောများ

#### ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) ရောင်းတန်းဝင်သစ်များ ထာဝစဉ် စဉ်ဆက်မပြတ်ထုတ်လုပ်ရေး

(၂) ပါဝင်ပင်များအမျိုးအစားညီညွတ်၍သဘာဝတောများ၏ တန်ဖိုးကိုထိန်းသိမ်းရေး

(၃) သဘာဝတောများ ဂေဟစနစ်မျှတရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး

## ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ထာဝစဉ်ညီတောထွက်ရရှိရေး ရည်မှန်းချက်အပေါ် အခြေခံလျှက် ခရိုင် အတွင်းရှိ သစ်ထုတ်လုပ်ရေး သဘာဝတောများကို စနစ်တကျ အုပ်ချုပ်လုပ်ကိုင်သွားရန်အတွက် ထုတ်လုပ်ရေး အလုပ်တိုက်နယ် တစ်ခုဖွဲ့စည်းပြီး ခုတ်စဉ်(၆)ခုခွဲ၍ စနစ်တကျ ဖွဲ့စည်းအုပ်ချုပ်သွား မည်ဖြစ်ပါသည်။ ခုတ်စဉ် တစ်ခုစီအတွင်း သစ်ပင်ပေါက်မှု အခြေအနေပေါ် မူတည်၍ သင့်တင့်သော သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်၊ ခုတ်ပတ်နှင့် တောထွက် စသည်တို့ကို ချမှတ်ကျင့်သုံးသွားမည် ဖြစ်ပါသည်။ သစ်တောများ၏ မူလဂေဟစနစ် မပျက်ရေးကို ဦးတည်လျှင် သစ်မထုတ်မီနှင့် သစ်ထုတ်ပြီး သစ်တော များ၏သယံဇာတများကို စာရင်းကောက်ယူခြင်း ပြုလုပ်ပြီး လေ့လာဆန်းစစ် အုပ်ချုပ် လုပ်ကိုင် သွားမည် ဖြစ်ပါသည်။

### ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို သစ်ထုတ်လုပ်နိုင်သည့် သဘာဝတောများ ပေါက်ရောက် နေသော ကြိုးဝိုင်း(၄)ခုနှင့် ကြိုးပြင်တော(၂)ခုဖြင့် ဖွဲ့စည်းထားပါသည်။ ဤအလုပ်တိုက်နယ်အတွင်း ပါဝင်သော ခုတ်စဉ်များ၊ ကြိုးဝိုင်းများ၊ ကြိုးပြင် တောများ၊ အကွက်(Compartment) ဧရိယာစာရင်း စသည်တို့ကို ဇယား (၉.၁.၂.၁.၁.၄)တွင် အသေးစိတ် ဖော်ပြထားပါသည်။

### ၉.၁.၂.၁.၁ အလုပ်တိုက်နယ်နှင့် ခုတ်စဉ်များဖွဲ့စည်းခြင်း

မြိတ်ခရိုင်အတွင်း ထုတ်လုပ်ရေးအလုပ်တိုက်နယ်ကို ဖွဲ့စည်းရာတွင် သွား လာရေးလွယ်ကူမှု၊ နှစ်စဉ်သစ်ထုတ်လုပ်ရာတွင် စီးပွားရေးတွက်ခြေကိုက်မှု၊ သစ်ထွက်ပမာဏရရှိနိုင်မှု၊ သစ်တောအမျိုးအစားတူညီမှု စသည့်အချက်များ အပေါ်အခြေခံ၍ ဖွဲ့စည်းထားပါသည်။ တနင်္သာရီမြို့နယ်၊ သကျက်ကြိုးဝိုင်း ဧရိယာ(၁၃၀၀၅)ကေအား ခုတ်စဉ်(I)အဖြစ်လည်းကောင်း၊ သိန်းခွန်းကြိုးဝိုင်း ဧရိယာ(၃၅၅၇၀)ကေ အားခုတ်စဉ်(II)အဖြစ်လည်းကောင်း၊ တောင်ဖရူးကြိုးဝိုင်း ဧရိယာ(၁၁၇၅၂)ကေအား ခုတ်စဉ်(III)အဖြစ်လည်းကောင်း၊ ပုလောမြို့နယ် ပုလောကြိုးဝိုင်း ဧရိယာ(၆၁၈၉၅)ကေအားခုတ်စဉ် (IV) အဖြစ်လည်းကောင်း၊ တနင်္သာရီမြို့နယ်ကြိုးပြင်တော ဧရိယာ(၄၇၀၇၆)ကေအားခုတ်စဉ် (V) အဖြစ် လည်းကောင်း၊ ကျွန်းစုမြို့နယ်၊ ကြိုးပြင်တောများ ဧရိယာ (၃၀၆၉၄)ကေအား ခုတ်စဉ်(VI)အဖြစ်လည်းကောင်း၊ စုစုပေါင်း(၃၁၆၉၉၈)ကေအား ထုတ်လုပ်ရေး အလုပ်တိုက်နယ်အဖြစ် ဖွဲ့စည်းထားပါသည်။ နယ်မြေလုံခြုံရေး အခြေအနေ ကောင်းမွန်ပြီး ခုတ်စဉ်ဧရိယာများအား ဝင်ရောက်နိုင်သည့် အခြေအနေ ရှိလာ

ပါကခုတ်စဉ်တစ်ခုစီကို ခုတ်ပတ် အဖြစ် (၃၀)နှစ်စဉ် သတ်မှတ်ပြီး ဧရိယာ အကြမ်းဖျဉ်း တူညီသည့် နှစ်စဉ်ခုတ်ကွက် (၃၀)ကွက် ခွဲခြားပြီးဖြစ်၍ ပင်ရေဖြင့် ပြန်လည်စစ်ထားသည့် စနစ် (Equal Area with Tree Number Check)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အလုပ်တိုက်နယ်အတွင်းရှိ ခုတ်စဉ်များကို ဧရိယာဧက၊ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားများကို ဇယား (၉.၁.၂.၁.၄)တွင် ဖော်ပြထားပါသည်။ လာမည့်စီမံကိန်းကာလအတွင်း တနင်္သာရီမြို့နယ် ကြိုးပြင်တောဧရိယာ(၄၇၀၇၆)ဧက ဧကအား ခုတ်စဉ် (V) အား ပ၀ဖိုးမဲကြိုးပြင် ကာကွယ်တောအဖြစ်လည်းကောင်း၊ ကျွန်းစုမြို့နယ်၊ ကြိုးပြင်တောများ ဧရိယာ (၃၀၆၉၄)ဧကအား ခုတ်စဉ်(VI) အားကော့ကနင်း-အနှိုင်းကြိုးပြင်ကာကွယ်တောအဖြစ်လည်းကောင်း တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## မြိတ်ခရိုင်၊ ထုတ်လုပ်ရေးအလုပ်တိုက်နယ်

**ဇယား(၉.၁.၂.၁.၁)**

| ခုတ်စဉ် | ကြိုးဝိုင်း/ကြိုးပြင် တောအမည် | အကွက်အမှတ် | ဧရိယာ (ဧက) | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မူလဧရိယာ | အလုပ်တိုင်နယ် ဧရိယာ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| I | သကျက်ကြိုးဝိုင်း | (၁)မှ(၃၇၄)အထိ | ၄၃၀၆၀၆ | ၁၃၀၀၅၆ | |
| II | သိန်ခွန်းကြိုးဝိုင်း | (၃၇၅)မှ(၆၇၃)အထိ | ၂၄၃၁၁၆ | ၃၅၅၇၀ | |
| III | တောင်ဖရူးကြိုးဝိုင်း | (၁)မှ(၄၈)အထိ | ၄၄၆၉၆ | ၁၁၇၅၂ | |
| IV | ပုလောကြိုးဝိုင်း | (၁)မှ(၉၉)အထိ | ၁၀၀၈၃၅ | ၆၁၈၉၅ | |
| V | ပ၀-ဖိုးမဲ ကြိုးပြင်တော | - | ၇၄၆၄၀ | ၄၇၀၇၆ | |
| VI | ကော့ကနင်း-အနှိုင်း ကြိုးပြင်တော | - | ၃၉၆၈၀ | ၃၀၆၄၉ | |
| | | **စုစုပေါင်း** | **၉၁၃၅၇၃** | **၃၁၆၉၉၈** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၁.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

အလုပ်တိုက်နယ်နှင့် ခုတ်စဉ်များအတွင်းရှိ သစ်မာတို့၏ ပေါက်ရောက်မှု အခြေအနေများကို ခုတ်စဉ်အလိုက် ပင်ထောင်/ထုထည်အား ဇယား (၉.၁.၂.၁.၁.၁)တွင် ဖော်ပြထားပါသည်။ ဤခရိုင်အတွင်း ကျွန်းလုံးဝ ပေါက်ရောက်မှု မရှိကြောင်း တွေ့ရှိရပါသည်။ သစ်မာအုပ်စု(၁)မှ ပျဉ်းကတိုး၊ သင်္ကန်းသစ်မျိုး ပေါက်ရောက်မှု အနေဖြင့် တနင်္သာရီမြို့နယ် အတွင်း ပေါက်ရောက်မှု အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။

# မြိတ်ခရိုင်၊ထုတ်လုပ်ရေးအလုပ်တိုက်နယ် သစ်ပင်ပေါက်ရောက်မှု အခြေအနေ (ပင်ထောင်ဖယား)

၁။ ခုတ်ပတ် ၃၀ နှစ်
၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်
၃။ ခုတ်စဉ် I သကျက်ကြိုးဝိုင်း ဖယား(၉.၁.၂.၁.၁)
၄။ ဧရိယာစုစုပေါင်း ၁၃၀၀၅၆ (ဧက) (ပင်ရေ)

| သစ်မျိုး | ရင်စို့လုံးပတ်အတန်းအစား | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၂'၅" | ၂'၆" မှ ၂'၁၁" | ၃'၀" မှ ၃'၅" | ၃'၆" မှ ၃'၁၁" | ၄'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈'၀" နှင့် အထက် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| အုပ်စု(၁) | ၇၁၅၆ | ၇၅၀၇ | ၁၀၇၆ | ၈၈၅ | ၉၅၀ | ၁၀၀၃ | ၁၀၅၂ | ၃၀၃ | ၁၉၂ | ၁၇၄ | ၁၅၃ | – | ၈၁ | **၂၀၅၃၂** |
| အုပ်စု(၂) | ၂၈၀၇၄၃ | ၂၆၆၅၁၀ | ၃၈၂၁၂ | ၃၁၄၁၈ | ၂၅၆၈၂ | ၁၉၄၈၈ | ၁၉၇၄၂ | ၁၃၇၄၉ | ၁၂၀၆၁ | ၆၂၁၂ | ၅၄၄၆ | ၅၀၂၀ | ၂၈၉၂ | **၇၂၇၁၇၅** |
| အုပ်စု(၃) | ၁၀၁၃၂၈၅ | ၉၆၀၀၇ | ၁၃၇၆၅၇ | ၁၁၃၁၈၀ | ၁၂၇၉၆၃ | ၇၆၆၇၂ | ၄၈၆၉၇ | ၃၂၆၉၂ | ၃၇၅၈၅ | ၂၂၃၉၈ | ၁၉၆၂၀ | ၁၇၅၈၉ | ၁၀၄၁၉ | **၁၇၅၃၇၆၄** |
| အုပ်စု(၄) | ၄၈၃၆၁ | ၄၂၇၃၄ | ၆၁၂၇ | ၅၀၃၇ | ၃၇၉၇ | ၂၃၆၃ | ၁၅၇၉ | ၁၈၃၃ | ၁၄၀၂ | ၉၉၆ | ၈၇၃ | ၇၈၃ | ၄၆၃ | **၁၁၆၃၄၈** |
| အုပ်စု(၅) | ၂၃၃၉၅၆၅ | ၁၁၁၀၆၁၆ | ၂၃၀၉၃၅ | ၁၈၉၈၇၃ | ၁၂၉၄၀၆ | ၁၄၈၄၃၇ | ၅၂၈၇၃ | ၄၀၇၆၉ | ၃၂၂၃၂ | ၃၇၅၄၄ | ၃၂၉၁၇ | ၂၉၅၀၈ | ၁၇၄၈၂ | **၄၃၉၂၁၅၇** |
| **ပေါင်း** | **၃၆၈၉၁၁၀** | **၁၅၂၃၃၇၄** | **၄၁၄၀၀၇** | **၃၄၀၃၉၃** | **၂၈၇၇၉၈** | **၂၄၇၉၆၃** | **၁၂၃၉၄၃** | **၈၉၃၄၆** | **၈၃၄၇၂** | **၆၇၃၂၄** | **၅၉၀၀၉** | **၅၂၉၀၀** | **၃၁၃၃၇** | **၇၀၀၉၉၇၆** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ (One Shot Inventory) သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ**

# မြိတ်ခရိုင်၊ထုတ်လုပ်ရေးအလုပ်တိုက်နယ် သစ်ပင်ပေါက်ရောက်မှု အခြေအနေ (ပင်ထောင်ဖယား)

၁။ ခုတ်စဉ် ၃၀ နှစ်
၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်
၃။ ခုတ်စဉ် II သိန်ခွန်းကြိုးဝိုင်း ဖယား(၉.၁.၂.၁.၁.၁)
၄။ ဧရိယာစုစုပေါင်း ၃၅၅၇၀ (ဧက) ( ပင်ရေ )

| သစ်မျိုး | ရင်စို့လုံးပတ်အတန်းအစား | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၂'၅" | ၂'၆" မှ ၂'၁၁" | ၃'၀" မှ ၃'၅" | ၃'၆" မှ ၃'၁၁" | ၄'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈'၀" နှင့် အထက် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| အုပ်စု(၁) | ၄၂၉၀ | ၂၃၁၀ | ၄၂၂၄ | ၂၃၇၆ | ၁၄၃၂ | ၈၇၈ | ၁၅၈၄ | ၁၀၅၆ | ၂၉၇ | ၁၈၃ | ၁၇၂ | ၁၄၂ | ၁၉၆ | **၁၉၁၄၀** |
| အုပ်စု(၂) | ၅၈၄၄၃ | ၄၇၈၁၇ | ၃၄၃၂၀ | ၁၈၄၈၀ | ၁၇၀၆၁ | ၁၃၉၅၉ | ၁၃၂၄၉ | ၁၀၈၄၁ | ၇၉၂၀ | ၆၃၃၆ | ၄၇၅၂ | ၃၁၁၅ | ၄၂၇၇ | **၂၄၀၅၇၀** |
| အုပ်စု(၃) | ၈၂၄၄၉ | ၅၉၇၈၁ | ၃၉၇၁၉ | ၁၈၆၉၁ | ၆၇၅၂ | ၁၅၀၂၈ | ၁၁၂၈၆ | ၇၅၂၄ | ၅၂၃၄ | ၄၄၄၉ | ၃၆၉၃ | ၂၉၅၄ | ၃၄၇၀ | **၂၆၁၀၃၀** |
| အုပ်စု(၄) | ၅၁၄၈ | ၃၄၃၂ | ၃၄၃၂ | ၃၁၆၈ | ၂၃၁၀ | ၉၉၀ | ၁၁၈၈ | ၇၉၂ | ၇၃၁ | ၂၄၀ | – | ၄၂၈ | ၁၂၄၁ | **၂၃၁၀၀** |
| အုပ်စု(၅) | ၄၁၃၁၅၃ | ၂၈၇၁၀၇ | ၁၇၃၆၁၆ | ၇၀၉၁၄ | ၅၄၃၅၀ | ၃၁၄၅၀ | ၆၉၃၀၀ | ၂၉၇၀၀ | ၂၇၃၅၈ | ၂၃၈၈၆ | ၁၂၇၇၅ | ၈၉၄၃ | ၁၃၈၂၈ | **၁၂၁၆၃၈၀** |
| **ပေါင်း** | **၅၆၃၄၈၃** | **၄၀၀၄၄၇** | **၂၅၅၃၁၁** | **၁၁၃၆၂၉** | **၈၁၉၀၅** | **၆၂၃၀၅** | **၉၆၆၀၇** | **၄၉၉၁၃** | **၄၁၅၄၀** | **၃၅၀၉၄** | **၂၁၃၉၂** | **၁၅၅၈၂** | **၂၃၀၁၂** | **၁၇၆၀၂၂၀** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ (One Shot Inventory) သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ**

# မြိတ်ခရိုင်၊ထုတ်လုပ်ရေးအလုပ်တိုက်နယ် သစ်ပင်ပေါက်ရောက်မှု အခြေအနေ (ပင်ထောင်ဇယား)

၁။ ခုတ်စဉ် ၃၀ နှစ်
၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်
၃။ ခုတ်စဉ် III တောင်ဖရူးကြိုးဝိုင်း ဇယား(၉.၁.၂.၁.၁)
၄။ ဧရိယာစုစုပေါင်း ၁၁၇၅၂ (ဧက) (ပင်ရေ)

| သစ်မျိုး | ရင်စို့လုံးပတ်အတန်းအစား | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၂'၅" | ၂'၆" မှ ၂'၁၁" | ၃'၀" မှ ၃'၅" | ၃'၆" မှ ၃'၁၁" | ၄'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈'၀" နှင့်အထက် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| အုပ်စု(၁) | ၃၃၆ | ၂၄၉ | ၁၈၄ | ၁၇၁ | ၁၄၅၇ | ၈၉၃ | ၂၃၅ | ၄၇၀ | ၇၀၅ | ၄၇၀ | - | - | - | **၅၁၇၀** |
| အုပ်စု(၂) | ၁၁၄၃၂ | ၈၉၈၂ | ၇၂၄၆ | ၅၀၀၅ | ၂၂၅၀၄ | ၁၃၂၁၆ | ၂၃၉၇၀ | ၁၃၆၃၀ | ၁၁၅၁၅ | ၂၃၅၀ | ၁၄၁၀ | ၇၀၅ | ၂၃၅၀ | **၁၂၄၃၁၅** |
| အုပ်စု(၃) | ၉၃၂၆ | ၈၈၀၃ | ၈၃၅၆ | ၃၃၆၀ | ၂၀၅၅၁ | ၁၆၈၁၄ | ၁၇၆၂၅ | ၁၀၈၁၀ | ၁၂၉၂၅ | ၁၆၄၅ | ၂၁၁၅ | ၂၈၂၀ | ၄၇၀၀ | **၁၁၉၈၅၀** |
| အုပ်စု(၄) | ၂၂၇၆ | ၂၁၃၁ | ၁၆၆၉ | ၁၂၀၉ | ၂၂၉၂ | ၁၄၇၃ | ၂၈၂၀ | ၁၆၄၅ | ၃၂၉၀ | ၂၃၅ | - | - | ၂၃၅ | **၁၉၂၇၅** |
| အုပ်စု(၅) | ၂၇၉၇၈ | ၂၆၆၃၅ | ၂၅၅၇၈ | ၉၃၄၄ | ၄၉၁၆၆ | ၂၅၃၂၈ | ၄၀၄၂၀ | ၁၉၅၀၅ | ၄၀၆၅၅ | ၆၃၄၅ | ၃၀၅၅ | ၃၅၂၅ | ၉၈၇၀ | **၂၈၇၄၀၄** |
| **ပေါင်း** | **၅၁၃၄၈** | **၄၆၈၀၀** | **၄၃၀၃၃** | **၁၉၀၈၉** | **၉၅၉၇၀** | **၅၇၇၂၄** | **၈၅၀၇၀** | **၄၆၀၆၀** | **၆၉၀၉၀** | **၁၁၀၄၅** | **၆၅၈၀** | **၇၀၅၀** | **၁၇၁၅၅** | **၅၅၆၀၁၄** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ (One Shot Inventory) သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ**

## မြိတ်ခရိုင်၊ထုတ်လုပ်ရေးအလုပ်တိုက်နယ် သစ်ပင်ပေါက်ရောက်မှု အခြေအနေ (ပင်ထောင်ဖယား)

၁။ ခုတ်စဉ် ၃၀ နှစ်
၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်
၃။ ခုတ်စဉ် IV ပုလောကြိုးဝိုင်း ဖယား(၉.၁.၂.၁.၁)
၄။ ဧရိယာစုစုပေါင်း ၆၁၈၉၅ (ဧက) ( ပင်ရေ )

| သစ်မျိုး | ရင်စို့လုံးပတ်အတန်းအစား | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၂'၅" | ၂'၆" မှ ၂'၁၁" | ၃'၀" မှ ၃'၅" | ၃'၆" မှ ၃'၁၁" | ၄'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈'၀" နှင့် အထက် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| အုပ်စု(၁) | ၆၄၈၉ | ၆၀၅၆ | ၅၄၀၇ | ၃၆၇၈ | ၁၀၅၅၅ | ၆၇၄၉ | – | – | – | – | – | – | – | **၃၈၉၃၄** |
| အုပ်စု(၂) | ၅၀၆၁၄ | ၄၇၂၄၀ | ၄၂၁၇၉ | ၂၈၆၈၁ | ၂၅၀၉၀ | ၁၈၁၆၉ | – | ၁၂၉၇၈ | ၄၃၂၆ | ၈၆၅၃ | – | – | – | **၂၃၇၉၃၀** |
| အုပ်စု(၃) | ၃၀၁၀၉၀ | ၂၈၁၀၁၇ | ၂၅၀၉၀၈ | ၁၇၀၆၁၇ | ၁၇၄၄၂၄ | ၁၀၂၄၄၀ | ၃၀၂၈၂ | ၃၄၆၀၈ | ၆၉၂၁၆ | ၈၆၅၂ | ၇၄၉၈ | ၇၂၁၀ | ၂၅၉၆ | **၁၄၄၀၅၅၈** |
| အုပ်စု(၄) | ၇၇၈၇ | ၇၂၆၈ | ၆၄၈၉ | ၄၄၁၂ | ၁၃၁၉၄ | ၈၄၃၆ | – | – | ၄၃၂၆ | – | – | – | – | **၅၁၉၁၂** |
| အုပ်စု(၅) | ၅၁၇၈၂၂ | ၄၈၃၃၀၀ | ၄၃၁၅၁၈ | ၂၉၃၄၃၄ | ၃၂၄၆၂၃ | ၂၅၅၀၆၁ | ၄၃၂၆၀ | ၃၀၂၈၂ | ၆၄၈၉၀ | ၂၁၆၃၀ | – | – | – | **၂၄၆၅၈၂၀** |
| **ပေါင်း** | **၈၈၃၈၀၂** | **၈၂၄၈၈၁** | **၇၃၆၅၀၁** | **၅၀၀၈၂၂** | **၅၄၇၈၈၆** | **၃၉၀၈၅၅** | **၇၃၅၄၂** | **၇၇၈၆၈** | **၁၄၂၇၅၈** | **၃၈၉၃၅** | **၇၄၉၈** | **၇၂၁၀** | **၂၅၉၆** | **၄၂၃၅၁၅၄** |

ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ (One Shot Inventory) သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ

# မြိတ်ခရိုင်၊ထုတ်လုပ်ရေးအလုပ်တိုက်နယ် သစ်ပင်ပေါက်ရောက်မှု အခြေအနေ (ပင်ထောင်ဇယား)

၁။ ၃၀
ခုတ်စဉ် နှစ်
၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်
၃။ခုတ်စဉ် V ပဝ-ဖိုးမဲကြိုးပြင်တောာ ဇယား(၉.၁.၂.၁.၁.၁)
၄။ ဧရိယာစုစုပေါင်း ၄၇၀၇၆ (ဧက) (ပင်ရေ)

| သစ်မျိုး | ရင်စို့လုံးပတ်အတန်းအစား | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀"မှ၂'၅" | ၂'၆"မှ၂'၁၁" | ၃'၀"မှ၃'၅" | ၃'၆"မှ၃'၁၁" | ၄'၀"မှ၄'၅" | ၄'၆"မှ၄'၁၁" | ၅'၀"မှ၅'၅" | ၅'၆"မှ၅'၁၁" | ၆'၀"မှ၆'၅" | ၆'၆"မှ၆'၁၁" | ၇'၀"မှ၇'၅" | ၇'၆"မှ၇'၁၁" | ၈'၀"နှင့် အထက် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| အုပ်စု(၁) | ၄၀၃၅ | ၂၆၉၀ | ၄၀၃၅ | – | ၁၃၄၅ | ၁၃၄၅ | ၂၆၉၀ | – | ၈၀၇ | ၅၃၈ | – | – | – | **၁၇၄၈၅** |
| အုပ်စု(၂) | ၄၃၀၄၀ | ၃၆၃၁၅ | ၃၄၉၇၀ | ၃၃၆၂၅ | ၄၃၀၄၀ | ၂၈၂၄၅ | ၄၃၀၄၀ | ၃၂၂၈၀ | ၈၀၇၀ | ၆၇၂၅ | ၅၃၈၀ | ၂၆၉၀ | ၁၃၄၅ | **၃၁၈၇၆၅** |
| အုပ်စု(၃) | ၆၈၅၉၅ | ၆၃၂၁၅ | ၅၇၈၃၅ | ၅၂၄၅၅ | ၆၅၉၀၅ | ၅၃၈၀၀ | ၆၇၂၅၀ | ၆၀၅၂၅ | ၁၇၄၈၅ | ၁၆၁၄၀ | ၉၄၁၅ | ၈၀၇၀ | ၁၃၄၅ | **၅၄၂၀၃၅** |
| အုပ်စု(၄) | ၈၀၇၀ | ၆၇၂၅ | ၄၀၃၅ | ၂၆၉၀ | ၄၀၃၅ | ၁၃၄၅ | ၂၆၉၀ | ၅၃၈၀ | ၂၆၉၀ | ၁၃၄၅ | - | - | - | **၃၉၀၀၅** |
| အုပ်စု(၅) | ၂၇၀၃၄၅ | ၂၂၀၅၈၀ | ၂၀၃၀၉၅ | ၁၃၅၈၄၅ | ၁၅၇၃၆၅ | ၁၁၄၃၂၅ | ၁၅၆၀၂၀ | ၈၄၇၃၅ | ၄၁၆၉၅ | ၂၀၁၇၅ | ၁၀၇၆၀ | ၆၇၂၅ | ၅၃၈၀ | **၁၄၂၇၀၄၅** |
| **ပေါင်း** | **၃၉၄၀၈၅** | **၃၂၉၅၂၅** | **၃၀၃၉၇၀** | **၂၂၄၆၁၅** | **၂၇၁၆၉၀** | **၁၉၉၀၆၀** | **၂၇၁၆၉၀** | **၁၈၂၉၂၀** | **၇၀၇၄၇** | **၄၄၉၂၃** | **၂၅၅၅၅** | **၁၇၄၈၅** | **၈၀၇၀** | **၂၃၄၄၃၃၅** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ (One Shot Inventory) သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ**

# မြိတ်ခရိုင်၊ထုတ်လုပ်ရေးအလုပ်တိုက်နယ် သစ်ပင်ပေါက်ရောက်မှု အခြေအနေ (ပင်ထောင်ဗယား)

၁။ ခုတ်စဉ် ၃၀ နှစ်
၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်
၃။ ခုတ်စဉ် VI ကော့ကနင်း-အနှိုင်းကြိုးပြင်တော

ဗယား(၉.၁.၂.၁.၁.၁)

၄။ ဧရိယာစုစုပေါင်း ၃၀၆၄၉ (ဧက)

(ပင်ရေ)

| သစ်မျိုး | ရင်စို့လုံးပတ်အတန်းအစား | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၂'၅" | ၂'၆" မှ ၂'၁၁" | ၃'၀" မှ ၃'၅" | ၃'၆" မှ ၃'၁၁" | ၄'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈'၀" နှင့် အထက် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| အုပ်စု(၁) | – | – | – | – | – | – | – | – | – | – | – | – | – | – |
| အုပ်စု(၂) | ၃၆၇၆၈ | ၂၉၁၀၈ | ၂၇၅၇၆ | ၂၁၄၄၈ | ၅၂၀၆၆ | ၃၂၁၇၂ | ၈၈၈၅၆ | ၆၁၂၈၀ | ၃၀၆၄၀ | ၂၂၉၈၀ | ၁၅၃၂ | ၁၅၂၃ | ၇၆၆၀ | **၄၁၃၆၀၉** |
| အုပ်စု(၃) | ၆၂၈၁၂ | ၅၂၀၈၈ | ၄၉၀၂၄ | ၃၀၆၄၀ | ၇၃၅၃၆ | ၆၁၂၈၀ | ၇၅၀၆၈ | ၃၉၈၃၂ | ၂၉၁၀၈ | ၁၃၇၈၈ | - | - | ၁၅၃၂ | **၄၈၈၇၀၈** |
| အုပ်စု(၄) | ၃၀၆၄ | ၁၅၃၂ | ၁၅၃၂ | - | ၃၀၆၄ | ၁၅၃၂ | - | ၁၅၃၂ | ၁၅၃၂ | - | - | - | - | **၁၃၇၈၈** |
| အုပ်စု(၅) | ၁၄၂၄၇၆ | ၁၃၃၂၈၄ | ၁၁၆၄၃၂ | ၅၈၂၁၆ | ၁၄၂၄၇၆ | ၈၈၈၅၆ | ၁၃၉၄၁၂ | ၆၇၄၀၈ | ၅၃၆၂၀ | ၁၃၇၈၈ | ၁၅၃၂ | - | - | **၉၅၇၅၀၀** |
| **ပေါင်း** | **၂၄၅၁၂၀** | **၂၁၆၀၁၂** | **၁၉၄၅၆၄** | **၁၁၀၃၀၄** | **၂၇၁၁၄၂** | **၁၈၃၈၄၀** | **၃၀၃၃၃၆** | **၁၇၀၀၅၂** | **၁၁၄၉၀၀** | **၅၀၅၅၆** | **၃၀၆၄** | **၁၅၂၃** | **၉၁၉၂** | **၁၈၇၃၆၀၅** |

ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ (One Shot Inventory) သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ

# ထုထည်ဇယား

ခရိုင်အမည် မြိတ်ခရိုင်

ခုတ်စဉ် I

ကြိုးဝိုင်းအမည် သကျက်ကြိုးဝိုင်း **ဇယား(၉.၁.၂.၁.၁)**

ဧရိယာစုစုပေါင်း ၁၃၀၀၅၆ (ဧက) (ကုဗတန်)

| သစ်မျိုး | ရင်စို့လုံးပတ်အတန်းအစား | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၂'၅" | ၂'၆" မှ ၂'၁၁" | ၃'၀" မှ ၃'၅" | ၃'၆" မှ ၃'၁၁" | ၄'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈'၀" နှင့်အထက် | |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | မြိတ်<br>ကျွန်းစု<br>ကျွန်းစု<br>ပုလော | ရေမြစ်ကြီး<br>သဇင်<br>မဝင်း<br>ရှပ်ပုံအပတော | ၁၅၀<br>၂၅<br>၂၅<br>၅၀ | ၆' x ၆' | ၁၉၉၆-၉၇ | -ရေမြစ်ကြီးကျေးရွာသို့လွှဲပြောင်းပြီး<br>-သဇင်ကျေးရွာသို့လွှဲပြီး<br>-မဝင်းကျေးရွာသို့လွှဲပြီး<br>-ရှပ်ပုံရွာသို့လွှဲပြီး |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၂၅၀** | | | |
| ၂ | မြိတ်<br>ကျွန်းစု<br>ကျွန်းစု | မဇော်အပတော<br>ကဘင်းအပတော<br>သဇင်အပတော | ၁၀၀<br>၂၅<br>၂၅ | ၆' x ၆' | ၁၉၉၇-၉၈ | -မဇော်ရွာသို့လွှဲပြီး<br>-ကဘင်းရွာသို့လွှဲပြီး<br>-သဇင်ရွာသို့လွှဲပြီး |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၁၅၀** | | | |
| ၃ | တနင်္သာရီ | လယ်တောင်ယာ<br>အပတော | ၁၀ | ၆' x ၆' | ၂၀၀၇-၀၈ | လယ်တောင်ယာရွာသို့လွှဲပြီး |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၁၀** | | | |
| | | **စိုက်ကွက်စဉ်(I)ပေါင်း** | **၄၁၀** | | | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ်

## (ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော)

စိုက်ကွက်စဉ်(II) ဇယား(၉.၃.၂.၁.၁)င

| စဉ် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက်အကွာ အဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | မြိတ် | ဘိုတောင်ကြိုးဝိုင်း<br>နတ္တလင်းတောင်ကြိုးဝိုင်း | ၁၀၀<br>၃၀ | - | ၂၀၀၂-၀၃<br>၂၀၁၄-၁၅ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၁၃၀** | | | |
| ၂ | ကျွန်းစု | ကတန်ကြိုးပြင်ကာကွယ်တော<br>ကတန်ကြိုးပြင်ကာကွယ်တော | ၄၀<br>၁၁၀ | - | ၂၀၀၆-၀၇<br>၂၀၁၄-၁၅ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၁၅၀** | | | |
| ၃ | တနင်္သာရီ | **ဝေန်ကြိုးဝိုင်း**<br>**ဝေန်ကြိုးဝိုင်း**<br>**သိန်ခွန်းကြိုးဝိုင်း**<br>**သိန်ခွန်းကြိုးဝိုင်း** | **၅၀**<br>**၅၀**<br>**၃၁၁၄**<br>**၃၄** | | ၂၀၁၄-၁၅<br>၂၀၁၅-၁၆<br>၂၀၁၄-၁၅<br>၂၀၁၅-၁၆ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၃၂၄၈** | | | |
| | | **စိုက်ကွက်စဉ်(III)ပေါင်း** | **၃၅၂၈** | | | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## သစ်/ထင်း/မီးသွေး/ခနိ လိုအပ်မှု တွက်ချက်ခြင်း

မြိတ်ခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း၊ လူမှုစီးပွားရေးစစ်တမ်းများအား အခြေခံ၍ မြို့နယ်အလိုက် တစ်နှစ်လျှင် သစ်/ထင်း/မီးသွေး/ခနိ လိုအပ်ချက်များကို အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်-

# သစ်လိုအပ်ချက်

| စဉ် | မြို့နယ် | အိမ်ထောင်စုပေါင်း | တစ်အိမ်ထောင်သုံးစွဲမှု | လိုအပ်ချက် (ကုဗတန်) | တစ်နှစ်လိုအပ်ချက် (ကုဗတန်) | မှတ်ချက် |
|---|---|---|---|---|---|---|
| | **အမိုးအတွက်** | | | | | |
| ၁ | မြိတ် | ၂၀ | ၀.၁ | ၂.၀ | ၀.၄ | (၅)နှစ်ကြာ အသုံးပြုနိုင် |
| ၂ | ကျွန်းစု | ၈ | ၀.၁ | ၀.၈ | ၀.၁၆ | |
| ၃ | တနင်္သာရီ | ၃ | ၀.၁ | ၀.၃ | ၀.၀၆ | |
| ၄ | ပုလော | ၆ | ၀.၁ | ၀.၆ | ၀.၁၂ | |
| | **ပေါင်း** | | | | ၀.၇၀ | |
| | **အကာအတွက်** | | | | | |
| ၁ | မြိတ် | ၁၉၅၃၉ | ၁.၂ | ၂၃၄၄၆.၈ | ၂၃၄၄.၆၈ | (၁၀)နှစ်ကြာ အသုံးပြုနိုင် |
| ၂ | ကျွန်းစု | ၁၁၁၁၁ | ၁.၂ | ၁၃၃၃၃.၂ | ၁၃၃၃.၃၂ | |
| ၃ | တနင်္သာရီ | ၅၅၄၅ | ၁.၂ | ၆၆၅၄ | ၆၆၅.၄ | |
| ၄ | ပုလော | ၇၀၄၉ | ၁.၂ | ၈၄၅၈.၈ | ၈၄၅.၈၈ | |
| | **ပေါင်း** | | | | ၅၁၈၉.၂၈ | |
| | **အခင်းအတွက်** | | | | | |
| ၁ | မြိတ် | ၄၁၀၁၉ | ၀.၅ | ၂၀၅၀၉.၅ | ၂၀၅၀.၉၅ | (၁၀)နှစ်ကြာ အသုံးပြုနိုင် |
| ၂ | ကျွန်းစု | ၂၈၅၂၈ | ၀.၅ | ၁၄၂၆၄ | ၁၄၂၆.၄ | |
| ၃ | တနင်္သာရီ | ၁၃၂၅၁ | ၀.၅ | ၆၆၂၅.၅ | ၆၆၂.၅၅ | |
| ၄ | ပုလော | ၁၇၆၆၆ | ၀.၅ | ၈၈၃၃ | ၈၈၃.၃ | |
| | **ပေါင်း** | | | | ၅၀၂၃.၂၀ | |
| | **မြိတ်လိုအပ်ချက်စုစုပေါင်း** | | | | ၄၃၉၆.၀၃ | |
| | **ကျွန်းစုလိုအပ်ချက်စုစုပေါင်း** | | | | ၂၇၅၉.၈၈ | |
| | **တနင်္သာရီလိုအပ်ချက်စုစုပေါင်း** | | | | ၁၃၂၈.၀၁ | |
| | **ပုလောလိုအပ်ချက်စုစုပေါင်း** | | | | ၁၇၂၉.၃ | |
| | **ခရိုင်သစ်လိုအပ်ချက်စုစုပေါင်း** | | | | ၁၀၂၁၃.၁၈ | |

# ဝါးလိုအပ်ချက်

| စဉ် | မြို့နယ် | အိမ်ထောင်စုပေါင်း | တစ်အိမ်ထောင်သုံးစွဲမှု | လိုအပ်ချက် (လုံး) | တစ်နှစ်လိုအပ်ချက် (လုံး) | မှတ်ချက် |
|---|---|---|---|---|---|---|
| | **အမိုးအတွက်** | | | | | |
| ၁ | မြိတ် | ၄၉ | ၃၀၀ | ၁၄၇၀၀ | ၂၉၄၀ | (၅)နှစ်ကြာ အသုံးပြုနိုင် |
| ၂ | ကျွန်းစု | ၂၇ | ၃၀၀ | ၈၁၀၀ | ၁၆၂၀ | |
| ၃ | တနင်္သာရီ | ၂၃ | ၃၀၀ | ၆၉၀၀ | ၁၃၈၀ | |
| ၄ | ပုလော | ၁၅ | ၃၀၀ | ၄၅၀၀ | ၉၀၀ | |
| | **ပေါင်း** | | | | **၆၈၄၀** | |
| | **အကာအတွက်** | | | | | |
| ၁ | မြိတ် | ၂၂၂၆၅ | ၁၀၀ | ၂၂၂၆၅၀၀ | ၂၂၂၆၅၀ | (၁၀)နှစ်ကြာ အသုံးပြုနိုင် |
| ၂ | ကျွန်းစု | ၁၄၆၇၃ | ၁၀၀ | ၁၄၆၇၃၀၀ | ၁၄၆၇၃၀ | |
| ၃ | တနင်္သာရီ | ၁၂၄၁၈ | ၁၀၀ | ၁၂၄၁၈၀၀ | ၁၂၄၁၈၀ | |
| ၄ | ပုလော | ၉၃၆၅ | ၁၀၀ | ၉၃၆၅၀၀ | ၉၃၆၅၀ | |
| | **ပေါင်း** | | | | **၅၈၇၂၁၀** | |
| | **အခင်းအတွက်** | | | | | |
| ၁ | မြိတ် | ၂၉၆၇ | ၁၀၀ | ၂၉၆၇၀၀ | ၅၉၃၄၀ | (၅)နှစ်ကြာ အသုံးပြုနိုင် |
| ၂ | ကျွန်းစု | ၂၅၀၁ | ၁၀၀ | ၂၅၀၁၀၀ | ၅၀၀၂၀ | |
| ၃ | တနင်္သာရီ | ၄၅၄၁ | ၁၀၀ | ၄၅၄၁၀၀ | ၉၀၈၂၀ | |
| ၄ | ပုလော | ၃၇၂၉ | ၁၀၀ | ၃၇၂၉၀၀ | ၇၄၅၈၀ | |
| | **ပေါင်း** | | | | **၂၇၄၇၆၀** | |
| | **မြိတ်လိုအပ်ချက်စုစုပေါင်း** | | | | **၂၈၄၉၃၀** | |
| | **ကျွန်းစုလိုအပ်ချက်စုစုပေါင်း** | | | | **၁၉၈၃၇၀** | |
| | **တနင်္သာရီလိုအပ်ချက်စုစုပေါင်း** | | | | **၂၁၆၃၈၀** | |
| | **ပုလောလိုအပ်ချက်စုစုပေါင်း** | | | | **၁၆၉၁၃၀** | |
| | **ခရိုင်ဝါးလိုအပ်ချက်စုစုပေါင်း** | | | | **၈၆၈၈၁၀** | |

## ခနိလိုအပ်ချက်

| စဉ် | မြို့နယ် | အိမ်ထောင်စုပေါင်း | တစ်အိမ်ထောင် သုံးစွဲမှု | လိုအပ်ချက် (ဗျစ်) | တစ်နှစ်လိုအပ်ချက် (ဗျစ်) | မှတ်ချက် |
|---|---|---|---|---|---|---|
| | **အမိုးအတွက်** | | | | | |
| ၁ | မြိတ် | ၃၉၂၅၁ | ၃၀၀ | ၃၉၂၅၁၀၀ | ၇၈၅၀၂၀ | |
| ၂ | ကျွန်းစု | ၃၀၃၇၆ | ၃၀၀ | ၃၀၃၇၆၀၀ | ၆၀၇၅၂၀ | (၅)နှစ်ကြာ အသုံးပြုနိုင် |
| ၃ | တနင်္သာရီ | ၁၄၁၆၃ | ၃၀၀ | ၁၄၁၆၃၀၀ | ၂၈၃၂၆၀ | |
| ၄ | ပုလော | ၂၂၉၂၆ | ၃၀၀ | ၂၂၉၂၆၀၀ | ၄၅၈၅၂၀ | |
| | ပေါင်း | | | | ၂၁၃၄၃၂၀ | |
| | **အကာအတွက်** | | | | | |
| ၁ | မြိတ် | ၂၄၆၉ | ၁၀၀ | ၂၄၆၉၀၀ | ၄၉၃၈၀ | |
| ၂ | ကျွန်းစု | ၅၆၁၂ | ၁၀၀ | ၅၆၁၂၀၀ | ၁၁၂၂၄၀ | (၅)နှစ်ကြာ အသုံးပြုနိုင် |
| ၃ | တနင်္သာရီ | ၂၁၃ | ၁၀၀ | ၂၁၃၀၀ | ၄၂၆၀ | |
| ၄ | ပုလော | ၄၅၉၇ | ၁၀၀ | ၄၅၉၇၀၀ | ၉၁၉၄၀ | |
| | ပေါင်း | | | | ၂၅၇၈၂၀ | |
| | မြိတ်လိုအပ်ချက်စုစုပေါင်း<br>ကျွန်းစုလိုအပ်ချက်စုစုပေါင်း<br>တနင်္သာရီလိုအပ်ချက်စုစုပေါင်း<br>ပုလောလိုအပ်ချက်စုစုပေါင်း | | | | ၈၃၄၄၀၀<br>၇၁၉၇၆၀<br>၂၈၇၅၂၀<br>၅၅၀၄၆၀ | |
| | ခရိုင်ခနိလိုအပ်ချက်စုစုပေါင်း | | | | ၂၃၉၂၁၄၀ | |

## ထင်းလိုအပ်ချက်

| စဉ် | မြို့နယ် | အိမ်ထောင်စုပေါင်း | တစ်အိမ်ထောင်သုံးစွဲမှု | လိုအပ်ချက် (ကုဗတန်) | တစ်နှစ်လိုအပ်ချက် (ကုဗတန်) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မြိတ် | ၁၆၆၀၂ | ၂.၀ | ၃၃၂၀၄ | ၃၃၂၀၄ | |
| ၂ | ကျွန်းစု | ၁၆၀၁၂ | ၂.၀ | ၃၂၀၂၄ | ၃၂၀၂၄ | |
| ၃ | တနင်္သာရီ | ၁၂၈၅၄ | ၂.၀ | ၂၅၇၀၈ | ၂၅၇၀၈ | |
| ၄ | ပုလော | ၁၇၃၉၀ | ၂.၀ | ၃၄၇၈၀ | ၃၄၇၈၀ | |
| | ခရိုင်ထင်းလိုအပ်ချက်စုစုပေါင်း | | | | ၁၂၅၇၁၆ | |

## မီးသွေးလိုအပ်ချက်

| စဉ် | မြို့နယ် | အိမ်ထောင်စုပေါင်း | တစ်အိမ်ထောင်သုံးစွဲမှု | လိုအပ်ချက် (ကုဗတန်) | တစ်နှစ်လိုအပ်ချက် (ကုဗတန်) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မြိတ် | ၃၅၀၄၃ | ၂.၀ | ၇၀၀၈၆ | ၇၀၀၈၆ | |
| ၂ | ကျွန်းစု | ၁၆၄၀၅ | ၂.၀ | ၃၂၈၁၀ | ၃၂၈၁၀ | |
| ၃ | တနင်္သာရီ | ၆၅၉၆ | ၂.၀ | ၁၃၁၉၂ | ၁၃၁၉၂ | |
| ၄ | ပုလော | ၇၃၈၁ | ၂.၀ | ၁၄၇၆၂ | ၁၄၇၆၂ | |
| | ခရိုင်မီးသွေး လိုအပ်ချက်စုစုပေါင်း | | | | ၁၃၀၈၅၀ | |

မြိတ်ခရိုင်အတွင်းရှိ ဒေသခံပြည်သူတို့၏ သစ်လိုအပ်ချက်များကို ထုတ်လုပ်ရေးအလုပ်တိုက်နယ်တွင် နှစ်စဉ်ခွင့်ပြုတောထွက်အတွင်းမှ ဒေသသုံးသစ်ထုတ်လုပ်ခြင်းဖြင့်ဖူလုံနိုင်မည်ဖြစ်ပါသည်။ ဝါး/ဓနိ လိုအပ်ချက်များကို ခရိုင်တွင်းရှိ ထွက်ရှိသည့် ဝါး/ဓနိ များဖြင့် ဖူလုံနိုင်မည်ဖြစ်ပါသည်။ ထင်း/မီးသွေးလိုအပ်ချက်ကိုမူ ထောက်ပံ့နိုင်မည့် အစီအစဉ်အနေဖြင့် သဘာဝတောများ၊ ကျေးရွာသုံးထင်းစိုက်ခင်းများ၊ ကိုယ်ပိုင်ခြံမြေများ၊ အစုအဖွဲ့ပိုင်သစ်တောများမှ ထောက်ပံ့ပေးသွားမည်ဖြစ်ရာ၊ ဒေသခံပြည်သူများသည် မိမိတို့၏ အိမ်ဝင်း၊ ခြံဝင်း၊ ဥယျာဉ်ဝင်းစသည့် မိမိပိုင်မြေများပေါ်တွင် သစ်ပင်များကို စိုက်ပျိုးအသုံးပြုသွားရန် လိုအပ်ပါသည်။ ကျေးလက်ဒေသရှိ မြန်မာလူမျိုးများသည် မိမိတို့၏ ကိုယ်ပိုင်ခြံမြေများအတွင်း သစ်ပင်စိုက်ပျိုးခြင်းနှင့် အရွယ်ရောက်သောအပင်များမှ သစ်ကိုင်းချိုင်၍ သုံးစွဲခြင်းမှာ ရိုးရာဓလေ့ ဖြစ်ပါသည်။ နိုင်ငံတော်မှ ပျိုးပင်များကို ထုတ်ဝေဖြန့်ဖြူးပေးပြီး မြို့ပြကျေးရွာများတွင် သစ်ပင်စိုက်ပျိုးခြင်းကို ဆက်လက် အားပေးသွားသည် နှင့်အမျှ ကိုယ်ပိုင်ခြံများမှ နှစ်စဉ် ဒေသခံပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ စည်းရုံးအကောင်အထည်ဖော်ခြင်း၊ မြို့နယ်များတွင် တစ်နှစ်လျှင် ကျေးရွာသုံး ထင်းစိုက်ခင်း (၁၀)ဧကစီ တည်ထောင် ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ၏ ကိုယ်ပိုင်ခြံ မြေများ အတွက် သစ်ပင်များ ဖြန့်ဝေစိုက်ပျိုးစေခြင်းတို့ဖြင့် ဒေသခံပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်မှန်းပါသည်။

**၉.၃.၂.၁.၁.၁သစ်ပင်ပေါက်ရောက်မှုအခြေအနေ**

ကျေးရွာသုံးစိုက်ခင်း (၅၆၀)ဧက၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော (၃၅၈၂) ဧက ရှိပါသည်။ သဘာဝတော ဧရိယာ (၁၉၄၆၂၁)ဧက ရှိပါသည်။

**၉.၃.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်**

ဒေသခံပြည်သူများ အခြေခံလိုအပ်သည့် သစ်တောထွက် ပစ္စည်းများ ရေရှည်ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် အသုံးပြုသည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်(Agro forestry)၊ ငုတ်ချွန်တောခုတ်လှဲခြင်း (Coppice System)၊ ငုတ်တက်ချွန် ပင်ချန်ခုတ်လှဲခြင်းစနစ် (Coppice with Standard System) နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်းများ တည်

ထောင်ခြင်းနည်းစနစ်ဖြင့် ကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အခြား သစ်တောစိုက်ပျိုးပြုစုနည်းစနစ် တစ်ခုခုကို ကျင့်သုံး လုပ်ကိုင်မည်ဆိုပါက ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန ထံတင်ပြ၍ အတည်ပြုချက် ရယူပြီးမှသာ ဆောင်ရွက်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၃ သစ်ထုတ်မည့်နည်းစနစ်များ**

ငုတ်ချွန်ပင်ချန် ခုတ်လှဲနည်းစနစ်ကို အဓိကထား၍ ကျင့်သုံး လုပ်ကိုင်မည် ဖြစ်ပါသည်။ အပြောင်ရှင်း ခုတ်လှဲခြင်းကို ရေမြေတိုက်စားလွယ်သည့် နေရာများတွင် လုံးဝကျင့်သုံး မည်မဟုတ်ဘဲ စိုက်ခင်းတည်ထောင်မည့် နေရာများတွင်သာ လုပ်ကိုင်ရန် ရည်ရွယ်ပါသည်။

**၉.၃.၂.၁.၁.၄ ခုတ်ပတ်**

ခုတ်ပတ်ကို နှစ်ပေါင်း(၂၀)သတ်မှတ်ပါသည်။

**၉.၃.၂.၁.၁.၅ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား**

ကုန်သွယ်မှုလုပ်ငန်းအတွက် ထုတ်ယူခြင်း(Trade Extraction) အတွက် ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားမှာ ရင်စို့လုံးပါတ်၆′ ဖြစ်ပြီး ကျေးရွာသုံး အတွက်ထုတ်ယူခြင်း (Village Extraction) တွင် လုံးပါတ် ကန့်သတ်ချက် မရှိပါ။

**၉.၃.၂.၁.၁.၆ တောထွက်တွက်ချက်ခြင်း**

တောထွက်ကို ဧရိယာဖြင့် ထိန်းချုပ်လုပ်ကိုင်မည် ဖြစ်ပါသည်။ နှစ်စဉ် တောထွက်အနေဖြင့် မြိတ်ခရိုင်အတွင်း တည်ထောင်ထားသော ဒေသ ထောက်ပံ့ရေး အလုပ်တိုက်နယ်အတွင်း (၃၉၈၈)ဧကကို နှစ်စဉ် ခွင့်ပြုနိုင် မည် ဖြစ်ပါသည်။ နှစ်စဉ်အလိုက် နှစ်စဉ်ခွင့်ပြုနိုင်မည့် တောထွက် အလား အလာ (Potential Annual Yield) ကို ဇယား(၉.၃.၂.၁.၁.၆)တွင် ဖော်ပြ ထားပါသည်။

## ခုတ်စဉ်အလိုက် နှစ်စဉ်ခွင့်ပြုမည့် တောထွက်အလားအလာ(ခုတ်ပတ် = ၂၀ နှစ်)

ဇယား(၉.၃.၂.၁.၁.၆)

| ခုတ်စဉ် | ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ ကြိုးပြင်တော အမည် | အကွက်အမှတ်များ | ကျေးရွာထောက်ပံ့ရေးအတွက် အသုံးပြုနိုင်သောဧရိယာ စုစုပေါင်း(ဧက) | ကျေးရွာထောက်ပံ့ရေးအတွက် နှစ်စဉ်ထုတ်ယူခွင့်ပြုနိုင်သော ဧရိယာ စုစုပေါင်း(ဧက) |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| I | **မြိတ်မြို့နယ်** | | | |
| | ပနာတောင်ကြိုးဝိုင်း | | ၇၀၀ | ၃၅ |
| | ဘိုတောင်ကြိုးဝိုင်း | | ၁၆၀ | ၈ |
| | မြိတ်ဒီရေတော ကြိုးပြင်ကာကွယ်တော | | ၃၀၀၀ | ၁၅၀ |
| | ကြိုးပြင်တော | | ၉၀၀ | ၄၅ |
| | **ခုတ်စဉ်(I)ပေါင်း** | | **၄၇၆၀** | **၂၃၈** |
| II | **တနင်္သာရီမြို့နယ်** | | | |
| | တောင်ဖရူးကြိုးဝိုင်း | | ၃၀၀၀ | ၁၅၀ |
| | မရင်းကြီးကြိုးဝိုင်း | | ၃၀၀၀ | ၁၅၀ |
| | သကျက်ကြိုးဝိုင်း | | ၂၀၀၀၀ | ၁၀၀၀ |
| | သိန်ခွန်းကြိုးဝိုင်း | | ၂၀၀၀၀ | ၁၀၀၀ |
| | **ခုတ်စဉ်( II)ပေါင်း** | | **၄၆၀၀၀** | **၂၃၀၀** |
| III | **ကျွန်းစုမြို့နယ်** | | | |
| | အောက္ကလန်ကျွေ့ကြိုးဝိုင်း | | ၆၀၀၀ | ၃၀၀ |
| | ကတန်ကျွန်း ကြိုးပြင်ကာကွယ်တော | | ၁၅၀၀၀ | ၇၅၀ |
| | ကျွန်းစုဒီရေတော ကြိုးပြင်ကာကွယ်တော | | ၅၀၀၀ | ၂၅၀ |
| | **ခုတ်စဉ်( III )ပေါင်း** | | **၂၆၀၀၀** | **၁၃၀၀** |
| IV | **ပုလောမြို့နယ်** | | | |
| | ပုလောကြိုးဝိုင်း | | ၃၀၀၀ | ၁၅၀ |
| | **ခုတ်စဉ် (IV) ပေါင်း** | | **၃၀၀၀** | **၁၅၀** |
| | **ခုတ်စဉ်စုစုပေါင်း** | | **၇၉၇၆၀** | **၃၉၈၈** |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

**စီမံကိန်းကာလအတွင်း ထင်း၊ တိုင်၊ မျော၊ ဝါး၊ မီးသွေးဖြည့်ဆည်းပေးနိုင်မှု**

ဇယား(၉.၃.၂.၁.၁.၆)က

| စဉ် | မြို့နယ် | ထောက်ပံ့ရေးဧရိယာ (ဧက) | ဖြည့်ဆည်းပေးနိုင်မှု | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ထင်း (ကုဗတန်) | ဝါး (လုံး) | တိုင် (လုံး) | မျော (လုံး) | မီးသွေး (ကုဗတန်) | |
| (၁) | (၂) | (၅) | (၃) | (၄) | | | | |
| ၁ | မြိတ်မြို့နယ် | ၂၃၈ | ၉၅.၂ | ၄၈ | ၁၇ | ၁၇ | ၁၅၉ | |
| ၂ | တနင်္သာရီမြို့နယ် | ၂၃၀၀ | ၉၂၀.၀ | ၄၆၀ | ၁၆၄ | ၁၆၄ | ၁၅၃၃ | |
| ၃ | ကျွန်းစုမြို့နယ် | ၁၃၀၀ | ၅၂၀.၀ | ၂၆၀ | ၉၃ | ၉၃ | ၈၆၇ | |
| ၄ | ပုလောမြို့နယ် | ၁၅၀ | ၆၀.၀ | ၃၀ | ၁၁ | ၁၁ | ၁၀၀ | |
| | **စုစုပေါင်း** | **၃၉၈၈** | **၁၅၉၅.၀** | **၇၉၈** | **၂၈၅** | **၂၈၅** | **၂၆၅၉** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

မှတ်ချက်။ (၁) ထင်းထွက်ရှိမှုအား ခုတ်ပတ် (၅)နှစ်ထားပြီး တစ်ဧကလျှင် (၅)တန် နှုန်း ဖြင့် တွက်ချက်ထားပါသည်။

(၂) ဝါး ထွက်ရှိမှုအား ခုတ်ပတ် (၅)နှစ်ထားပြီး တစ်ဧကလျှင် (၁၀)လုံး နှုန်း ဖြင့် တွက်ချက်ထားပါသည်။

(၃) တိုင်၊ မျော ထွက်ရှိမှုအား ခုတ်ပတ် (၂၀)နှစ်ထားပြီး တစ်ဧကလျှင် (၇)လုံး နှုန်း ဖြင့် တွက်ချက်ထားပါသည်။

(၄) မီးသွေး ထွက်ရှိမှုအား ခုတ်ပတ် (၅)နှစ်ထားပြီး တစ်ဧကလျှင် (၃)တန် နှုန်း ဖြင့် တွက်ချက်ထားပါသည်။

**၉.၃.၂.၁.၁.၇ သစ်မထုတ်မီသယံဇာတစာရင်းကောက်ယူခြင်း**

သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ မထုတ်မီအမှန်တကယ်တောထွက် သိရှိနိုင်ရန်အတွက် အနည်းဆုံး(၁)နှစ် ကြိုတင် စာရင်း ကောက်ယူပါသည်။

**၉.၃.၂.၁.၁.၈ သစ်ထုတ်ပြီးသယံဇာတစာရင်းကောက်ယူခြင်း**

သစ်နှင့်အခြား သစ်တောထွက်ပစ္စည်းများ ထုတ်ပြီးနောက် တော၏အခြေအနေ ကိုသိရှိနိုင်ရန်နှင့် လိုအပ်သော သစ်တောစိုက်ပျိုးပြုစုခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သစ်ထုတ်ပြီး (၁)နှစ်အတွင်း စာရင်းကောက်ယူခြင်း လုပ်ငန်းများကို လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

### ၉.၃.၂.၁.၁.၉ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအစီအစဉ်

ကြိုးဝိုင်းကျူးကျော်ယာများအား သီးနှံသစ်တောရောနှောစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ရန် ကျန်ရှိသော (၁၀၀)ဧကအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တည်ထောင်သွားမည်ဖြစ်ပါသည်။ အခြားဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်း တည်ထောင်ရန် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၃.၂.၁. ၁.၁၀ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

နှစ်စဉ်မည်သည့် လုပ်ကွက်စဉ်/ခုတ်စဉ်ကို ဖွင့်မည် (သို့)ပိတ် မည်ကို နှစ်စဉ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ဆုံးဖြတ်မည် ဖြစ်ပါသည်။ နှစ်စဉ်ခုတ်စဉ် တစ်ခုအတွင်း ဧရိယာ (ဧက) မည်မျှ ခွင့်ပြုမည်ကိုလည်း ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးမှ ဆုံးဖြတ်မည်ဖြစ်ပြီး ခရိုင်ခွင့်ပြုတောထွက်ဧရိယာထက်မပိုစေဘဲ ခွင့်ပြုလုပ်ကိုင်သွားမည် ဖြစ်ပါသည်။ အကယ်၍ ကုန်သွယ်မှု ကျေးရွာသုံးအတွက် လိုအပ်ချက် မရှိပါက လုပ်ကွက်စဉ်/ ခုတ်စဉ်များကို ဖွင့်မည်မဟုတ်ပါ။ ထုတ်ယူခွင့်ပြုမည့် အကွက်များ၏ နယ်နိမိတ်များကို ထုတ်ယူခြင်း၊ လုပ်ငန်းပြီး ဆုံးချိန်တွင် ပြန်လည်ပြင်ဆင် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ကုန်သွယ်မှုလုပ်ငန်းအတွက် ထုတ်ယူခြင်း ပြီးဆုံးမှ ကျေးရွာသုံးအတွက် ထုတ်ယူခြင်းကို ဆောင်ရွက်စေမည် ဖြစ်ပါသည်။ ဒေသခံပြည်သူများ အားစည်းရုံး၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၄ ရေဝေရေလဲသစ်တောများ

### ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) ဆည်၊ ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်အတွက် သစ်တောများနှင့် အခြားမြေများကို စနစ်တကျအုပ်ချုပ်ရာတွင် မူဝါဒနှင့် စီမံချက်များ ချမှတ်ရေးဆွဲ ဆောင်ရွက်ရန် ဖြစ်ပြီး ယင်းမူဝါဒနှင့် စီမံချက်များကို ပြည်သူလူထုနှင့် အဖွဲ့အစည်းအသီးသီး၏ အင်အားများကို ရယူ၍ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

(၂) ဆည်၊ ကန်၊ ရေလှောင်တမံများ၊ သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲ ဒေသ သစ်တောများ ထိန်းသိမ်းစီမံလုပ်ကိုင်ရာတွင် ဒေသခံပြည်သူများမှ အသိစိတ်ဓါတ် ရှိရှိဖြင့် လက်တွဲပါဝင်စေရေးကို ဦးတည် စည်းရုံးဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

(၁) ရေဝေရေလဲဒေသ ထိန်းသိမ်းရေးနယ်မြေများကို လက်ရှိတည် ဆောက် ပြီးသော ဆည်မြောင်း၊ တာတမံများနှင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် ဆည်နှင့် တာတမံ များ၏ ပတ်ဝန်းကျင်ဒေသရှိ ရေဝေရေလဲသစ်တောများသာမက ဆည်နှင့်တမံ များသို့ ရေဝင်မည့်အလားအလာဖြစ်သော မြစ်၊ ချောင်း၊ အင်းအိုင်များ၏ ရေဦး ရေဖျားဒေသများ (Head Waters)အထိ တိုးချဲ့သတ်မှတ်၍ ထိန်းသိမ်းကာကွယ် ပြုစုခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) ဆည်၊ ကန်၊ ရေလှောင်တမံများ သက်တမ်းရှည်ကြာ တည်တံ့စေရန်နှင့် ရေ အရည်အသွေး အစဉ်ကောင်းမွန်နေစေရေး၊ ရေဝင်ပမာဏ ကောင်းစေရေးအတွက် ရေဝေရေလဲဒေသများတွင် ပြည်သူလူထု ပါဝင်ပူး ပေါင်းဆောင်ရွက်မှုဖြင့် စိုက်ခင်းများကို လိုအပ်သလို တည်ထောင်ခြင်းနှင့် စီမံအုပ်ချုပ် ထိန်းသိမ်းခြင်း များ ဆောင်ရွက်မည် ဖြစ်ပါသည်။

### ၉.၄.၂.၁ ရေဝေရေလဲသစ်တောများ အလုပ်တိုက်နယ်

မြိတ်ခရိုင်တွင်ရေဝေရေလဲအလုပ်တိုက်နယ်အား(၇၆၉၁၃.၇၅)ကေဖြင့်ဖွဲ့စည်း ထား ပါသည်။ လုပ်ကွက်စဉ်(၁)ကျွန်းစုမြို့နယ်ရှိ ကတန်ကျွန်းကြိုးပြင် ကာကွယ်တော အတွင်း ကတ္တလူချောင်း (ခ) ချောင်းကြီးချောင်းဖျားရှိ နဝရတ်ရေအိုင်၏ ရေဝေ ရေလဲ ဧရိယာ(၄၃၁၃) ကေအား ရေဝေရေလဲအလုပ်တိုက်နယ်အဖြစ် ဖွဲ့စည်းထား ပါသည်။ နဝရတ်ရေအိုင်မှ ရေအားလျှပ်စစ် ထုတ်ယူ၍ ကျွန်းစုမြို့နယ်၊ လျှပ်စစ် ဓါတ်အား ဖြန့်ဝေလျှက်ရှိပါသည်။ လုပ်ကွက်စဉ်(၂)အဖြစ် ပုလောမြို့နယ် ကြိုးပြင် တောဧရိယာ (၄၆၁ဝ၇) ကေအား ပလောက်ချောင်း ရေဝေရေလဲ ဧရိယာအနေဖြင့် လည်းကောင်း၊မြိတ်မြို့နယ်တွင် လုပ်ကွက်စဉ်(၃)အဖြစ် မြို့ရေပေးဝေရေးအတွက် နတ္တလင်းတောင်ကြိုးဝိုင်း ဧရိယာ(၅၃၇)ကေအား လည်းကောင်း၊ တနင်္သာရီ မြို့နယ်တွင် လုပ်ကွက်စဉ်(၄)အဖြစ်တောင်ဖရူကြိုးဝိုင်းတွင် (၃၇၉၉)ကေ၊ သကျက် ကြိုးဝိုင်းတွင်(၄၄၆၇)ကေ၊ သိန်ခွန်းကြိုးဝိုင်းအတွင်း(၁၄၅၄၂)ကေအား ကြိုးပြင် တောအတွင်း(၃၁၄၈)ကေ စုစုပေါင်(၂၅၉၅၆.၇၅)ကေတို့အား ချောင်း၊ မြောင်း

သဘာဝရေထွက်တို့၏ ရေထိန်းတောများအဖြစ် ရေဝေရေလဲအလုပ်တိုက်နယ် ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပုလောမြို့နယ် ပလောက်ချောင်းဖျား ရေဝေရေလဲဧရိယာ(၄၆၁၀၇)ဧကနှင့် တနင်္သာရီမြို့နယ်ဒါးသွေးချောင်း(၃၁၄၈)ဧက သည် တောအနေထားနှင့်ဒေသခံများ၏ သောက်သုံးရေရရှိရန် တင်ပြချက်အရ အဆိုပြု ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပါသည်။

### ၉.၄.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

မြိတ်ခရိုင်၊ ရေဝေရေလဲအလုပ်တိုက်နယ်များမှ စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်း ပြုလုပ်ရန် အစီအစဉ်မရှိပါ။ ရေဝေရေလဲအလုပ်တိုက်နယ်များအား အောက်ပါ လုပ်ကွက်စဉ်များဖြင့် ဖွဲ့စည်းထားပါသည်။

**ရေဝေရေလဲအလုပ်တိုက်နယ် လုပ်ကွက်စဉ်ဖွဲ့စည်းမှုဇယား**

**ဇယား (၉.၄.၂.၁.၁)**

| လုပ်ကွက်စဉ် | မြို့နယ် | ဆည်/ချောင်း/ ရေထွက် | ရေဝေရေလဲဧရိယာ | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | သဘာဝတော (ဧက) | စိုက်ခင်း (ဧက) | တည်ထောင်မည့် စိုက်ခင်း (ဧက) | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| I<br>II<br>III<br>IV | ကျွန်းစု<br>ပုလော<br>မြိတ်<br>တနင်္သာရီ | နဝရတ်<br>ပလောက်ချောင်းဖျား<br>ရွှေဒူးချောင်းနှင့်<br>မရင်ငယ်ချောင်း<br>ဒါးသွေးချောင်း၊<br>သိန္ဓောချောင်း၊<br>1020ပွိုင့်၊ချောင်း<br>ဖျားသိန်ခွန်းချောင်း | ၄၃၁၃<br>၄၆၁၀၇<br>၅၃၇<br>၂၅၉၅၆.၇၅ | - | - | ၄၃၁၃<br>၄၆၁၀၇<br>၅၃၇<br>၂၅၉၅၆.၇၅ | |
| | | **စုစုပေါင်း** | **၇၆၉၁၃.၇၅** | | | **၇၆၉၁၃.၇၅** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## ၉.၄.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

သစ်ပင်ပေါက်ရောက်မှုအခြေအနေများကို လက်ရှိစာရင်းကောက်ယူထားခြင်းမရှိ၍ အမြင့်လုံးပတ်နှင့် ထုထည်ကြီးထွားနှုန်းကို တိုင်းတာနိုင်ခြင်းမရှိသေးပါ။ သစ်တောသစ်ပင်ကြီးများသာမက အောက်ခံမြက် ပေါင်းပင်ပေါက်ရောက် ဖုံးလွှမ်းမှု အခြေအနေများအား ၂၀၁၆-၂၀၁၇ ခုနှစ် မှစ၍ စာရင်းပြုစုသွားမည်ဖြစ်ပါသည်။

## ၉.၄.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ရေဝေရေလဲဒေသအတွင်း ပတ်ဝန်းကျင် နေထိုင်သူများ၏ လူနေမှု အဆင့်အတန်းမြင့်မားရေးကို ဦးတည်၍ လူထုပူးပေါင်းပါဝင်မှုဖြင့် သစ်တောပြုစုပျိုးထောင်ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းစသည့် ပြုစုနည်းစနစ်များဖြင့် နှစ်အလိုက် လုပ်ကွက်စဉ်အလိုက် ပြုစုထိန်းသိမ်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၉.၄.၂.၁.၁.၃ ခုတ်ပတ်

ရေရေရေလဲ သစ်တောများ၊ အလုပ်တိုက်နယ် အတွင်းရှိ လုပ်ကွက်စဉ်များ ဖွဲ့စည်းထား ခြင်းမရှိပါ၊ အခြေအနေ တစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန် မရှိသေးပါ။ လိုအပ်ပါက သင့်တော်သည့် ခုတ်ပတ်ကို သတ်မှတ်ဖော်ပြမည် ဖြစ်ပါ သည်။

## ၉.၄.၂.၁.၁.၄ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ရေရေရေလဲ သစ်တောများ အလုပ်တိုက်နယ် အတွင်းရှိ လုပ် ကွက်စဉ်များမှ အကြောင်းတစုံတရာ၊ အခြေအနေ တစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန် လိုအပ်ပါက ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားကို သတ်မှတ်ဖော်ပြမည် ဖြစ်ပါသည်။

## ၉.၄.၂.၁.၁.၅ တောထွက် ထွက်ချက်ခြင်းနှင့်ထိန်းသိမ်းခြင်း

ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ် အတွင်းရှိ လုပ် ကွက်စဉ်များမှ အကြောင်းတစုံတရာ၊ အခြေအနေတစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန် လိုအပ်

ပါက တောထွက်တွက်ချက်ခြင်းကို ရေဝေရေလဲ ထိန်းသိမ်းခြင်း ဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ စီစစ်တွက်ချက်မည်ဖြစ်ပါသည်။

**၉.၄.၂.၁.၁.၆ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ**

ဆည်၊ ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲ ဒေသများရှိ သစ်တောများကို အခွန့်ရှည်ကြာစွာ တည်တန့်စေရေးအတွက်၊ ရေဝေရေလဲ သစ်တော များ အလုပ်တိုက်နယ်များ ဖွဲ့စည်း၍ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် အောက်ပါ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) လိုအပ်သောနေရာများ၌ သဘာဝတောထိန်းသိမ်းကာကွယ်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ သဘာဝတောတန်ဘိုးမြင့်စိုက်ပျိုးခြင်း၊ ခမ္မတာမျိုးဆက်ခြင်းနှင့် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားမည် ဖြစ်ပါသည်။

( ခ ) မြေစားမြေပြိုခြင်းကို ကာကွယ်သည့် ရေမြေထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

( ဂ ) နုံးပို့မှုကို လျော့နည်းစေမည့် နုံးစစ်ကန်များ၊ နုံးထိန်း ဆည်များကို လိုအပ်သလို တည်ဆောက် သွားမည်ဖြစ်ပါသည်။

(ဃ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သည့် အလုပ်တိုက်နယ်များတွင် အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

( င ) သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် အလုပ်တိုက်နယ်များတွင် သီးနှံသစ်တောတည်ထောင်ခြင်းအတွက်ရေး ဆွဲထားသည့် အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

(ဆ) ရေဝေရေလဲဒေသ အလုပ်တိုက်နယ်ဖြစ်သည့်အတွက် ရေမြေ ထိန်းသိမ်းရေး၊ မြေတိုက်စားမှုမဖြစ်စေရေး၊ သက်ဆိုင်ရာ ဆည်မြောင်းတမံများတွင် ရေလုံလောက် စွာနှင့် ရေကောင်းရေသန့် ရရှိနိုင်ရေး စသည့်

အကျိုးပြု လုပ်ငန်းများ ဖြစ်ပေါ်စေရန် သို့မဟုတ် မထိခိုက်စေရန် အတွက် အထူးပြုဆောင်ရွက်မည်ဖြစ်ပါသည်။

**၉.၄.၂.၂ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း**

ရေဝေရေလဲဒေသ ထိန်းသိမ်းခြင်းနှင့် စနစ်တကျ စီမံအုပ်ချုပ် ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှု အခြေအနေများနှင့် ပြည်သူလူထု ပူးပေါင်း ပါဝင်လာရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

**၉.၄.၂.၃ သစ်တောပညာပေးခြင်း**

မိမိအလုပ်တိုက်နယ်၏ ရည်ရွယ်ချက်များကို အကောင်အထည် ဖေါ်ရန်အတွက် ရေဝေရေလဲဒေသအတွင်း နေထိုင်သည့် ပြည် သူလူထုအား သစ်တောပညာ ပေးရာတွင် အောက်ဖေါ်ပြပါ နည်းလမ်းများဖြင့်သော်လည်းကောင်း၊ လက်တွေ့ အကောင် အထည်ဖေါ်နိုင်မည့်နည်းလမ်းများ၊ ဒေသနှင့် ကိုက်ညီသည့် နည်းလမ်းများ ဖြင့် သော်လည်းကောင်း၊ အခြားသင့်တော်ရာ နည်းလမ်းဖြင့် သော်လည်းကောင်း ဖေါ်ပြရန် ဖြစ်ပါ သည်။

(က) ရေမြေတိုက်စားပြိုပျက်မှု နည်းပါးစေခြင်းနှင့် နုံးပို့မှု နည်းစေမည့် ခေတ်မီ စိုက်ပျိုးရေး နည်းစနစ်များကို ဒေသခံပြည်သူများအား ပညာပေး၍ လက်တွေ့ ဆောင်ရွက်စေခြင်း။

(ခ) သစ်တောမြေများကို စနစ်တကျ အုပ်ချုပ်ခြင်းဖြင့် ဝင်ငွေ တိုးတက်ရရှိစေရေး အတွက် နည်းစနစ်နှင့် သီးနှံမှန်ကန်စွာ ရွေးချယ်စိုက်ပျိုးနိုင်ရေး ပညာပေး စည်းရုံး ဆောင်ရွက်စေခြင်း။

(ဂ) ရေဝေရေလဲ ဒေသအတွင်း နေထိုင်သူများ၏ လူနေမှု အဆင့်အတန်းကို မြှင့်တင်၍ ရေဝေရေလဲဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်မှု လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်စေရန် ပညာပေးခြင်း၊

(ဃ) ရေဝေရေလဲ ဒေသများကို စနစ်တကျစီမံအုပ်ချုပ်ပြီး၊ အများပြည်သူ အကျိုးပြု လုပ်ငန်းများ လက်တွေ့ပြသခြင်းဖြင့် ပြည်သူလူထု တစ်ရပ်လုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် ပညာပေးခြင်း၊

(င) ထိန်းချုပ်စားကျက်ချခြင်း၊ စားကျက်ချခြင်း၊ အလွန်အကျွံမဖြစ်အောင် တားဆီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ထင်းအစား အခြားလောင်စာသုံးစွဲခြင်း။

## ၉.၅ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ

### ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊
(၂) သဘာဝဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရန်၊
(၃) ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို အထောက်အပံ့ဖြစ်စေရန်၊
(၄) သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများစဉ်ဆက်မပြတ်ထုတ်လုပ်အသုံးချနိုင်ရန်။

### ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ လျော့ပါးပြုန်းတီးခြင်းမရှိစေဘဲ ထာဝစဉ်တောထွက်ရရှိရေးကို ဦးတည်လျက် ခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဒေသများတွင် ထုတ်လုပ်မည့် သစ်တောထွက်ပစ္စည်း၊ ကြိမ်နှင့် ငှက်သိုက်တို့အတွက် အလုပ်တိုက်နယ်များ လုပ်ကွက်စဉ်များကို စနစ်တကျ ဖွဲ့စည်း၍အုပ်ချုပ် လုပ်ကိုင်သွားမည်ဖြစ် ပါသည်။

#### ၉.၅.၂.၁ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအလုပ်တိုက်နယ်

##### ၉.၅.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ်အား အခြားသစ်တောထွက် ပစ္စည်းများ ထွက်ရှိသည့် ထုတ်လုပ်ရေးအလုပ်တိုက်နယ် ဧရိယာ(၃၁၆၉၉၈)ဧက အပါအဝင် သစ်မထွက်ရှိဘဲ အခြားသစ်တောထွက်ပစ္စည်းများသာ ထွက်ရှိသည့် (၂၃၄၃၀၃)ဧကဖြင့် ဖွဲ့စည်းထားပါသည်။ ဤအလုပ်တိုက်နယ်တွင် ဝါး၊ မီးသွေး၊ ဓနိနှင့် ကြိမ်ထုတ်လုပ်ရေးတို့ ပါဝင်ပါသည်။ ဝါး၊ ဓနိ၊ မီးသွေးတို့အား ဒေသသုံးစွဲရန်အတွက် ထုတ်လုပ်ခြင်းဖြစ်ပြီး ကြိမ်အား စီးပွားဖြစ် ထုတ်လုပ်နေသည့် မြိတ်မြို့နယ်မှ ကြိုးပြင်ကာကွယ်တောနှင့် တနင်္သာရီမြို့နယ်မှ သိန်ခွန်း ကြိုးဝိုင်းနှင့်ကြိုးပြင်တော ပုလောမြို့နယ်မှ ပုလောကြိုးဝိုင်းနှင့် ကြိုးပြင်တော၊ ကျွန်းစုမြို့နယ်မှ ကြိုးပြင်တောတို့ဖြင့် ဖွဲ့စည်းထားပါသည်။ မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့မှ ကြိမ်နှင့်အခြားသစ်တောထွက်ပစ္စည်းထုတ်လုပ်သည့် ဧရိယာ (၅၂၆၁၅)ဧက

တို့အား လုပ်ကွက်စဉ်(I)၊ တနင်္သာရီမြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့မှ ကြိမ်နှင့် အခြားသစ်တောထွက် ပစ္စည်းလုပ်သည့် ဧရိယာ(၁၈၁၆၈၈)ဧက တို့အား လုပ်ကွက်စဉ် (II)ဖြင့် ဖွဲ့စည်း ထားပါသည်။

**၉.၅.၂.၁.၁.၁ အပင်ပေါက်ရောက်မှု /ထွက်ရှိမှုအခြေအနေ**

အခြားသစ်တောထွက်ပစ္စည်းများဖြစ်သော ဝါး(၄၄၀၈၃၂၅)၊ ထင်း(၈၃၀၁) တန်၊ ကရမက်(၂၅၀၀)ပိသာ၊ တောင်တန်ကြီး(၃၉၅၈)ပိသာ၊ လင်းနို့ချေး(၃၃၁၆၄)ပိသာ၊ ပျားရည်(၀.၉၀၈)ပိသာနှင့် ဓနိ/သက္ကယ်(၁၅၉၃၉၃၁၅) ဖျစ်၊ တို့အား နှစ်စဉ်လျှာထားသတ်မှတ်၍ ခရိုင်အတွင်း ဒေသသုံးအနေဖြင့် မြို့နယ်များအလိုက် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တော၊ ကြိုးပြင်တောများမှ နှစ်အလိုက် နေရာသတ်မှတ်၍ စုဆောင်းထုတ်လုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အနာဂတ်တောထွက်အလားအလာအနေဖြင့် ကန်းဇော်တောများအား စာရင်းကောက်ယူ၍ အမယ်သစ်အနေဖြင့် ၂၀၁၆-၂၀၁၇ခုနှစ်မှ စတင်၍ ခွင့်ပြုချက်ဖြင့် အခွန်တော် ကောက်ခံသွားမည် ဖြစ်ပါသည်။

## ကြိမ်ထုတ်လုပ်ရေးအလုပ်တိုက်နယ်

ဇယား(၉.၅.၂.၁.၁.၁)က

| စဉ် | ခုနှစ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော/ကြိုးပြင်တော | လုံးရေ (၀၀၀) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | လုပ်ကွက်စဉ်(I) | | | မြိတ်မြို့နယ်နှင့်ပုလောမြို့နယ်၊ |
| ၁ | ၂၀၀၆-၂၀၀၇ | | ၄၃၇ | |
| ၂ | ၂၀၀၇-၂၀၀၈ | | ၅၅၀ | |
| ၃ | ၂၀၀၈-၂၀၀၉ | | ၅၄၅ | |
| ၄ | ၂၀၀၉-၂၀၁၀ | | ၆၅ | |
| ၅ | ၂၀၁၀-၂၀၁၁ | | ၉၅ | |
| ၆ | ၂၀၁၁-၂၀၁၂ | | ၄၂ | |
| ၇ | ၂၀၁၂-၂၀၁၃ | | ၁၀၀ | |
| ၈ | ၂၀၁၃-၂၀၁၄ | | ၂၀၁ | |
| ၉ | ၂၀၁၄-၂၀၁၅ | | ၂၁၆ | |
| | | **ပေါင်း** | **၂၂၅၁** | |
| | လုပ်ကွက်စဉ်(II) | | | တနင်္သာရီမြို့နယ်နှင့် ကျွန်းစုမြို့နယ် |
| ၁ | ၂၀၀၆-၂၀၀၇ | | ၇၆၅ | |
| ၂ | ၂၀၀၇-၂၀၀၈ | | ၈၆၅ | |
| ၃ | ၂၀၀၈-၂၀၀၉ | | ၇၅၅ | |
| ၅ | ၂၀၀၉-၂၀၁၀ | | ၇၁.၉၉ | |
| ၆ | ၂၀၁၀-၂၀၁၁ | | ၁၀၀ | |
| ၇ | ၂၀၁၁-၂၀၁၂ | | ၀.၅ | |
| ၈ | ၂၀၁၂-၂၀၁၃ | | ၈၀ | |
| ၉ | ၂၀၁၃-၂၀၁၄ | | ၁၀၂ | |
| ၁၀ | ၂၀၁၄-၂၀၁၅ | | ၂၁၀ | |
| | | **ပေါင်း** | **၂၈၆၅.၅** | |
| | | **စုစုပေါင်း** | **၅၁၂၀.၅** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၅.၂.၁.၁.၂ပြုစုထိန်းသိမ်းခြင်း/ သစ်တောစိုက်ပျိုးပြုစုနည်း

ကြိမ်ထုတ်လုပ်လျှက်ရှိသည့် သဘာဝတောများ၏ ဂေဟာစနစ် ပျက်စီးခြင်း မရှိစေရန် သစ်ထုတ်ခြင်း မပြုလုပ်ရန် လိုအပ်ပါသည်။

**၉.၅.၂.၁.၁.၃ စုသိမ်းပတ်/ခုတ်ပတ်**

ကြိမ်ထုတ်လုပ်ခြင်းကို တစ်နှစ်သတ်မှတ်ပါသည်။

**၉.၅.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့် ပမာဏ**

ကြိမ်ထုတ်လုပ်ခြင်းကိုအရွယ်အစား သတ်မှတ်ထားခြင်းမရှိပါ။

**၉.၅.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း**

ဒေသလုံခြုံရေး အခြေအနေအရ သယံဇာတစာရင်း ကောက်လုပ်ငန်း ဆောင်ရွက် ထားခြင်းမရှိ၍ တွက်ချက်ထားမှုမရှိသေးပါ။

**၉.၅.၃ ငှက်သိုက်များ**

**၉.၅.၃.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်**

(၁) ငှက်သိုက် သယံဇာတများသည် လူမှုစီးပွားရေး အတွက်အရေးပါပြီး နိုင်ငံတော်၏ အခွန်တော်ငွေအများဆုံး ရရှိသော အခြားသစ်တောထွက်ပစ္စည်း ဖြစ်သောကြောင့်ရေရှည် စဉ်ဆက်မပြတ် ထုတ်လုပ်သုံးစွဲနိုင်စေရန် စနစ်တကျ ထိန်းသိမ်းကာကွယ်ရန်၊

(၂) ငှက်သိုက်ကျွန်းများအား စနစ်တကျ စီမံအုပ်ချုပ်ခြင်း ဖြင့် ဇီဝဗိုးငှက်များ၏ မူရင်းဒေသများကို ရေရှည်တည်တံ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။

**၉.၅.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ**

(၁) ငှက်သိုက်ကျွန်းများရှိ ဇီဝဗိုးငှက်များ၏ မူရင်းဒေသများကို ရေရှည်တည်တံ့ရေးအတွက် ဒေသခံများအား တိုးချဲ့ပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) မြိတ်ခရိုင်ဒေသအတွင်း အခြေခံလုပ်ငန်း သဘာဝမတူညီသော်လည်း တူညီသောရည်မှန်းချက်ထားရှိ၍ အကျိုးဆက်စပ်ပတ်သက်သူများ အားလုံးပါဝင်သော ကမ်းရိုးတန်းဒေသ သဘာဝသံဇာတထိန်းသိမ်းရေးလုပ်ငန်း ကော်မတီဖွဲ့စည်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ အချင်းချင်းညှိနှိုင်းတိုင်ပင် ပေါင်းစပ်၍ စီမံအုပ်ချုပ်လုပ်ကိုင်ရန်၊

(၃) ငှက်သိုက်များအား စဉ်ဆက် မပြတ် ထုတ်လုပ်နိုင်ရေးအတွက် ဇီဝဖိုးငှက်များ အသိုက် ပြုလုပ်သော ကျောက်ဂူများအတွင်း ကြွက်၊ လင်းနို့၊ မြွေများအား ဖမ်းဆီးသတ်ဖြတ် နှိမ်နင်းပေးခြင်း၊ ကျောက်ဂူပြင်ပ ကျောက်တောင်ပေါ်တွင် စွန်၊ သိမ်းငှက် များနားခိုခြင်း မပြုလုပ်နိုင်ရန်အတွက် ကျောက်တောင်ပေါ်တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်များကို သုံးနှစ် တစ်ကြိမ်ခန့် ခုတ်ထွင်ရှင်းလင်းပေးခြင်းဖြင့် ငှက်သိုက်ကျွန်းများပေါ်ရှိ ဇီဝဖိုးငှက်များ ထာဝစဉ် ရှင်သန်ရပ်တည်နိုင်စေရေး ဆောင်ရွက်ရန်။

### ၉.၅.၃.၂.၁ ငှက်သိုက်အလုပ်တိုက်နယ်

ငှက်သိုက် အလုပ်တိုက်နယ်အား ယခင်က ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ၂၀၁၆-၂၀၁၇ခုနှစ်မှ စတင်၍ အလုပ်တိုက်နယ်နှင့် ခုတ်ကွက်စဉ်များ ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြိတ်ခရိုင်အတွင်း ပုလောမြို့နယ်တွင် မလိငှက်သိုက်ကျွန်း ကြိုးဝိုင်းများဖြစ်သော မလိဒုန်းကျွန်း၊ အုတ်ဖိုကျွန်း၊ မြောက်ကျွန်း၊ မလိကိုင်းကျွန်း(၁)၊ မလိကိုင်းကျွန်း(၂)၊ မလိကိုင်းကျွန်း(၃)တို့၏ ဧရိယာ (၉၁၈) ဧက၊ ပိန္နဲကျွန်း (၁၂၀၄)ဧကနှင့် ကျွန်းစုမြို့နယ်တွင် ရေအေးငှက်သိုက်ကျွန်း ကြိုးဝိုင်း(၄၉၁)ဧကတို့ အပါ အဝင် ရေဧရိယာ (၈၄၆.၇၂)ဧကနှင့် ကုန်းမြေ ဧရိယာ (၅၆၂.၂၈)ဧက စုစုပေါင်း ဧရိယာ (၁၄၀၉)ဧကဖြင့် ဖွဲ့စည်းထားပါသည်

### ၉.၅.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်များ ဖွဲ့စည်းခြင်း

မြိတ်ခရိုင်သည် ထူးခြားစွာ ငှက်သိုက် ထွက်ရှိသော ဒေသဖြစ်၍ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း တစ်မျိုးဖြစ်သည့် ငှက်သိုက် အလုပ်တိုက်နယ်အား လုပ်ကွက်စဉ် (၂) ခုခွဲ၍ စီမံအုပ်ချုပ် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

## ငှက်သိုက်ထုတ်လုပ်ရေး အလုပ်တိုက်နယ်

ဇယား(၉.၅.၃.၂.၁.၁)

| လုပ်ကွက်စဉ် | မြို့နယ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/ကြိုးပြင်တော | အကွက်အမှတ် | ဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ရေပြင်(ဧက) | ကုန်းမြေ(ဧက) | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| I | ပုလော | မလိဒုန်းကျွန်း<br>အုတ်ဖိုကျွန်း<br>မြောက်ကျွန်း<br>မလိကိုင်းကျွန်း (၁)<br>မလိကိုင်းကျွန်း (၂)<br>မလိကိုင်းကျွန်း (၃) | | ၅၉၀.၇၂<br>၅၃.၀၀<br>၂၂.၀၀<br>၁၃၃.၀၀<br>၃၃.၀၀<br>၁၅.၀၀ | ၅၁.၇၁<br>၀.၈၃<br>၂.၀၈<br>၁၂.၇၉<br>၁.၉၅<br>၁.၉၂ | မလိငှက်သိုက်ကြိုးဝိုင်း (၉၁၈)ဧက |
| | | **လုပ်ကွက်စဉ်(I)ပေါင်း** | | **၈၄၆.၇၂** | **၇၁.၂၈** | |
| II | ကျွန်းစု | ရေအေးငှက်သိုက်ကြိုးဝိုင်း | | – | ၄၉၁.၀၀ | |
| | | **လုပ်ကွက်စဉ်(II)ပေါင်း** | | – | **၄၉၁.၀၀** | |
| | | **စုစုပေါင်း** | | **၈၄၆.၇၂** | **၅၆၂.၂၈** | |
| | | **စုစုပေါင်း(ရေ+ကုန်း)** | | **၁၄၀၉** | | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

ပုလောမြို့နယ်၊ မလိငှက်သိုက်ကြိုးဝိုင်း(ပိုင်း) ဧရိယာ(၉၁၈) ဧက အား လုပ်ကွက်စဉ်(I) နှင့် ကျွန်းစု မြို့နယ် ရေအေးငှက်သိုက်ကျွန်း ကြိုးဝိုင်း(ပိုင်း) ဧရိယာ(၄၉၁)ဧက အား လုပ်ကွက်စဉ် (II)ဖြင့် သတ်မှတ်၍ စုစုပေါင်း ဧရိယာ (၁၄၀၉)ဧကကို ငှက်သိုက် အလုပ်တိုင်နယ်အဖြစ် ဖွဲ့စည်း ထားပါသည်။

### ၉.၅.၃.၂.၁.၁.၁ ငှက်သိုက်ထုတ်လုပ်နိုင်မှုအခြေအနေ

မြိတ်ခရိုင်အတွင်း ငှက်သိုက်ထုတ်လုပ်မှု အခြေအနေများကို လုပ်ကွက်စဉ် တစ်ခုချင်းအလိုက် ဇယား(၉-၅-၃-၂-၁-၁-၁)ကဖြင့် ဖော်ပြထားပါသည်။

## ငှက်သိုက်ထုတ်လုပ်ရေးအလုပ်တိုက်နယ်

**ဇယား(၉.၅.၃.၂.၁.၁.၁)က**

| စဉ် | ခုနှစ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/ကြိုးပြင်တော | ပိဿာ | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | **လုပ်ကွက်စဉ်(I)** | | | |
| ၁ | ၂၀၀၆-၂၀၀၇ | မလိငှက်သိုက်ကြိုးဝိုင်း (၉၁၈)ဧက | ၃၆၆.၂၉ | ပုလော မြို့နယ်၊ |
| ၂ | ၂၀၀၇-၂၀၀၈ | | ၂၉၄.၅၁၄ | |
| ၃ | ၂၀၀၈-၂၀၀၉ | | ၃၄၄.၇၄၂ | |
| ၄ | ၂၀၀၉-၂၀၁၀ | | ၃၁၃.၂၆ | |
| ၅ | ၂၀၁၀-၂၀၁၁ | | ၄၇၄.၈၃ | |
| ၆ | ၂၀၁၁-၂၀၁၂ | | ၄၃၂.၁၆ | |
| ၇ | ၂၀၁၂-၂၀၁၃ | | ၄၁၄.၄၇ | |
| ၈ | ၂၀၁၃-၂၀၁၄ | | ၄၈၁.၀၄ | |
| ၉ | ၂၀၁၄-၂၀၁၅ | | ၄၅၈.၆၂ | |
| | | **လုပ်ကွက်စဉ်(I)ပေါင်း** | **၃၅၇၉.၉၂၆** | |
| | **လုပ်ကွက်စဉ်(II)** | | | |
| ၁ | ၂၀၀၆-၂၀၀၇ | ရေအေးငှက်သိုက်ကြိုးဝိုင်း (၄၉၁)ဧက | ၅.၆၂ | ကျွန်းစုမြို့နယ်၊ |
| ၂ | ၂၀၀၇-၂၀၀၈ | | ၃.၅၇ | |
| ၃ | ၂၀၀၈-၂၀၀၉ | | ၁.၇၆၈ | |
| ၄ | ၂၀၀၉-၂၀၁၀ | | ၂.၁၈၆ | |
| ၅ | ၂၀၁၀-၂၀၁၁ | | ၃.၀၇ | |
| ၆ | ၂၀၁၁-၂၀၁၂ | | ၆.၂၄ | |
| ၇ | ၂၀၁၂-၂၀၁၃ | | ၁.၃၂ | |
| ၈ | ၂၀၁၃-၂၀၁၄ | | ၂.၅၄ | |
| ၉ | ၂၀၁၄-၂၀၁၅ | | ၃.၀၂ | |
| | | **လုပ်ကွက်စဉ်(II)ပေါင်း** | **၂၉.၃၃၄** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၅.၃.၂.၁.၁.၂ ငှက်သိုက်ထုတ်လုပ်သည့် ကျွန်းများအားပြုစု ထိန်းသိမ်းခြင်း/ သစ်တောစိုက်ပျိုးပြုစုနည်း

တနင်္သာရီတိုင်း၊ မြိတ်ခရိုင်အတွင်း ငှက်သိုက်ထုတ်လုပ်ခြင်းကို သဘာဝကျွန်းများရှိ လှိုင်ဂူများ၌ ဇီဝဓိုးငှက်သိုက် စုသိမ်းခြင်း လုပ်ငန်း၊ သဘာဝအလျှောက် လာရောက်စွဲကပ်သည့် ဇီဝဓိုးငှက်များအား မွေးမြူသည့် အိမ်မွေးငှက်သိုက် သိမ်းခြင်း လုပ်ငန်းနှင့် နည်းပညာသုံး၍ အသံတုဖြင့်

ဇီဝဖိုးငှက် ခေါ်ယူမွေးမြူသည့် အိမ်မွေးငှက်သိုက် စုသိမ်းခြင်း လုပ်ငန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ငှက်သိုက်အား စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် ဇီဝဖိုးငှက်များ အသိုက်ပြုလုပ်သော ကျောက်ဂူများအတွင်း ကြွက်၊ လင်းနို့၊ မြွေများအား ဖမ်းဆီးသတ်ဖြတ် နှိမ်နင်းပေးခြင်း၊ ကျောက်ဂူပြင်ပ ကျောက်တောင်ပေါ်တွင် စွန်၊ သိန်းငှက်များ နားခိုခြင်း မပြုလုပ်နိုင်ရန်အတွက် ကျောက်တောင်ပေါ်တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်များကို သုံးနှစ်တစ်ကြိမ်ခန့် ခုတ်ထွင်ရှင်းလင်းရပါသည်။ ဇီဝဖိုးငှက်များသည် သစ်တော၌ ပျံနှံ့ရှင်သန်နေသော ပျားများ၊ ပဒူကောင်များနှင့် အခြားပိုးမွှားများကို ဖမ်းယူစားသောက်၍ ရှင်သန်လျက်ရှိသည့်အတွက် ဇီဝဖိုးများငှက်သိုက်ပြုလုပ်သည့် ကျောက်ဂူကျောက်တောင်များအနီးရှိ သဘာဝတောများကို ပြုစုထိန်းသိမ်းရန် အထူးလိုအပ်လှပါသည်။

### ၉.၅.၃.၂.၁.၁.၃ စုသိမ်းပတ်/ ခုတ်ပတ်

ငှက်သိုက်စုသိမ်းပတ်ကို တစ်နှစ် သတ်မှတ်ပါသည်။

### ၉.၅.၃.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့် ပမာဏ

ငှက်သိုက်အဖြူ ပြုလုပ်သော ဇီဝဖိုးငှက်သည် တစ်နှစ်လျှင် (၂)ကြိမ်ဥ အုရ၍ တစ်ကြိမ်လျှင် (၂)လုံး ဥတတ်ပြီး ငှက်သိုက် အမဲပြုလုပ်သည့် ငှက်သည်လည်း တစ်နှစ်လျှင်(၂)ကြိမ် ဥအုပြီး များသောအားဖြင့် တစ်ကြိမ်လျှင် (၁)လုံးနှုန်းသာ ဥတတ် ကြောင်း၊ ငှက်သိုက် အဖြူပွင့်သည် အလျား(၇.၀-၁၀.၀) စင်တီမီတာ၊ ဗျက် (၄.၀၀မှ၆.၀၀)စင်တီမီတာနှင့် စောက်မှာ (၂.၅-၄) စင်တီမီတာအထိ ရှိပါသည်။ ငှက်သိုက်အမဲသည် အဖြူ၏ (၂)ဆနီးပါးခန့်ရှိပြီး ငှက်သိုက် အဖြူသည် တစ်ပိဿာလျှင် (၁၀၀-၃၀၀)ပွင့် အထိ ရှိပါပြီး အမဲမှာ တစ်ပိဿာ လျှင် (၁၀၀-၁၅၀)ပွင့်အထိ ရှိပါသည်။

### ၉.၅.၃.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း

မြိတ်ခရိုင်အတွင်း နှစ်စဉ်အချိန်ကာလအလိုက် ငှက်သိုက် ဆွတ်ခူးခြင်း လုပ်ငန်းများကို ဇယား(၉.၅.၃.၂.၁.၁.၅)ဖြင့် ဖော်ပြပြီး တစ်နှစ်လျှင်(၄)ကြိမ် ဆွတ်ခူးရရှိသည့် ငှက်သိုက် ပမာဏကို နှစ်စဉ်တောထွက်အဖြစ် သတ်မှတ်ပါသည်။

## နှစ်စဉ်အချိန်ကာလအလိုက် ငှက်သိုက်ဆွတ်ခူးခြင်း

**ဇယား(၉-၅-၃-၂-၁-၁-၅)**

| စဉ် | လုပ်ငန်းအမည် | ကာလ | မှတ်ချက် |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | ပြင်ဆင်ခြင်းလုပ်ငန်း | ဒီဇင်ဘာလ(၁)ရက်မှဖေဖော်ဝါရီလကုန်အထိ | (၂)လခန့် |
| ၂ | ပထမအကြိမ်ဆွတ်ခူးခြင်း | မတ်လ(၁)ရက်နေ့မှမတ်လ(၇)ရက်နေ့အထိ | (၇)ရက်ခန့် |
| ၃ | အနားပေးခြင်း | မတ်လ(၈)ရက်နေ့မှ ဧပြီလ(၇)ရက်နေ့အထိ | (၂၅)ရက်ခန့် |
| ၄ | ဒုတိယအကြိမ်ဆွတ်ခူးခြင်း | ဧပြီလပထမအပတ်မှဒုတိယပတ်အထိ | (၇-၁၀)ရက်ခန့် |
| ၅ | အနားပေးခြင်း | ဧပြီလ(၁၂)ရက်နေ့မှ ဇွန်လ(၃၀)ရက်နေ့အထိ | (၇၅)ရက်ခန့် |
| ၆ | တတိယအကြိမ်ဆွတ်ခူးခြင်း | ဇူလိုင်လပထမပတ်မှ ဒုတိယပတ်အထိ | (၁၄)ရက်ခန့် |
| ၇ | အနားပေးခြင်း | ဩဂုတ်လ(၁)ရက်နေ့မှနိုဝင်ဘာလ(၂၀)ရက်အထိ | (၄)လခန့် |
| ၈ | စတုတ္ထအကြိမ်ဆွတ်ခူးခြင်း | နိုဝင်ဘာလ(၂၁)ရက်မှ(၃၀)ရက်အထိ | (၁၀)ရက်ခန့် |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၅.၃.၂.၁.၁.၆ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

မြိတ်ခရိုင်အတွင်း ငှက်သိုက်များ အဓွန့်ရှည်ကြာစွာ တည်တံ့နိုင်ရေးအတွက် ငှက်သိုက် အလုပ်တိုက်နယ်များ ဖွဲ့စည်း၍ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် အောက်ပါအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်မှုများအား လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

(က) ငှက်သိုက်များ ပိုမိုထုတ်လုပ်နိုင်ရန် လိုအပ်သောငှက်သိုက်ကျွန်းများအား ထိန်းသိမ်းကာကွယ်ရေး ဇရိယာအဖြစ်ဆောင်ရွက်သွားရန်။

(ခ) ငှက်သိုက်ကျွန်းများ စီမံအုပ်ချုပ်လုပ်ကိုင်ရခြင်း၏ ရည်ရွယ်ချက်များနှင့် မဟာဗျူဟာများချမှတ်ခြင်း၊ လုပ်ငန်းစီစဉ်များရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများအား ဆန်းစစ်ခြင်းများဆောင်ရွက်သွားရန်။

## ၉.၅.၄ ဒီရေတောများ

### ၉.၅.၄.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်

(၁) ဒီရေတောသယံဇာတများသည် ပြည်သူလူထု၏ အခြေခံ စားဝတ်နေရေး ဖြည့်ဆည်းပေးရုံသာမက နိုင်ငံတော်၏လူမှုစီးပွားရေး အတွက်အရေးပါပြီး ပင်လယ်ပြင်ဂေဟစနစ်နှင့် ကုန်းတွင်းပိုင်း ဂေဟစနစ်တို့ကို ဆက်စပ်ပေးသည့် ကြားခံနယ်မြေအဖြစ် ဒီရေတောဂေဟစနစ်အား ထိန်းသိမ်းကာကွယ်ရန်၊

(၂) ဒီရေတောများသည် သန္တာကျောက်တန်း၊ ပင်လယ်မြက်ခင်းနှင့် အခြားအဏ္ဏဝါ ဂေဟစနစ်များ၏ တည်ငြိမ်မှုနှင့် ရှင်သန်ရပ်တည်မှုအတွက် အထောက်အပံ့ ပေးလျက်ရှိပြီး ပင်လယ်ကမ်းရိုးတန်း၊ မြစ်ချောင်းများ၏ ကမ်းခြေဒေသများ ပင်လယ်လှိုင်းဒဏ် ဒီရေတိုက်စားမှု၊ မြေပြိုမှု၊ မုန်တိုင်း၊ ဒီရေနှင့် လေပြင်းမုန်တိုင်းစသည့် သဘာဝဘေးအန္တရာယ်တို့မှ လျော့ပါးစေရန် ကာကွယ်ပေးသဖြင့် စနစ်တကျထိန်းသိမ်းကာကွယ်ရန် ၊

(၃) ပင်လယ်ပျော်သတ္တဝါများ ငါး၊ ပုစွန်၊ ကဏန်း၊ ကမာ စသည့် ရေနေသတ္တဝါများ၏ နေထိုင်ရာ၊ ပေါက်ပွားရှင်သန်ရာ အစာရိက္ခာသိုလှောင်ရာ စားကျက်များဖြစ်ခြင်း၊ ရေထုညစ်ညမ်းမှုများအား လျော့ပါးစေခြင်း၊ သုတေသနပညာရှင်များ၏ သဘာဝဂေဟစနစ်များ လေ့လာနိုင်သည့် နေရာဖြစ်ခြင်းနှင့် သဘာဝအခြေခံခရီးသွား လုပ်ငန်းများအတွက် များစွာအကျိုးပြုလျက်ရှိပြီး ဒီရေတောများ ရေရှည်တည်တံ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(၄) လူဦးရေတိုးပွားလာခြင်းနှင့် စီးပွါးရေးလုပ်ငန်းများ ချဲ့ထွင်လာခြင်းတို့ကြောင့် ကမ်းရိုးတမ်းဒီရေတောများ သိသိသာသာ ပျက်စီးပြုန်းတီးလာပြီး တောအဆင့်အတန်းကျဆင်းလာသဖြင့် အချိန်မှီ ထိန်းသိမ်း ကာကွယ်ရန်အတွက် ဒီရေတောအလုပ်တိုက်နယ်ဖွဲ့စည်း၍ စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) ဒီရေတောသယံဇာတများ ထိန်းသိမ်းကာကွယ်ရန်အတွက် ရေရှည်ထုတ်လုပ်နိုင်ရေးအတွက် ဒီရေတောများမှရရှိသော တိုက်ရိုက်နှင့်သွယ်ဝိုက် အကျိုးကျေးဇူးများ၊ ဒီရေတောပျက်စီးရခြင်းနှင့် အကျိုးဆက်များကို ပြည်သူများ နားလည်သဘောပေါက်ပြီး ပူပေါင်းပါဝင်လာစေရန်။

### ၉.၅.၄.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

(၁) ဒီရေတောကြိုးပြင်ကာကွယ်တောများ တိုးချဲ့တည်ထောင်ဖွဲ့စည်းရန်၊ ဌာန ဒီရေတော စိုက်ခင်းများ နှစ်စဉ်တည်ထောင်စိုက်ပျိုးရန်၊ တိုးချဲ့ပညာပေးရေး လုပ်ငန်းများဆောင်ရွက်ရန်၊

(၂) မြိတ်ခရိုင်ဒေသအတွင်း အခြေခံလုပ်ငန်း သဘာဝမတူညီသော်လည်း တူညီသောရည်မှန်းချက်ထားရှိ၍ အကျိုးဆက်စပ်ပတ်သက်သူများ အားလုံးပါဝင်သော ကမ်းရိုးတန်းဒေသ သဘာဝသံဇာတထိန်းသိမ်းရေးလုပ်ငန်း ကော်မတီဖွဲ့စည်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ အချင်းချင်းညှိနှိုင်းတိုင်ပင် ပေါင်းစပ်၍ စီမံအုပ်ချုပ်လုပ်ကိုင်ရန်၊

(၃) ထိန်းသိမ်းကာကွယ်ရေးဇုန် (Conservation Zone)၊ ကြားခံဇုန် (Buffer Zone)၊ ဖွံ့ဖြိုးရေးဇုန် (Development Zone) စသည့် ဒီရေတောနယ်မြေဇုံများ ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ရန်၊

(၄) ဒေသခံများမှ သဘာဝဒီရေတောများအား စနစ်တကျထိမ်းသိမ်းကာကွယ်ရန်နှင့် ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်းဆိုင်ရာ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန်၊ ၎င်းတို့ကိုယ်တိုင် ဒီရေတောများအုပ်ချုပ်စီမံရန်အတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော များ တည်ထောင်ရန်၊

#### ၉.၅.၄.၂.၁ ဒီရေတောအလုပ်တိုက်နယ်

ဒီရေတောအလုပ်တိုက်နယ်အား ယခင်က ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ၂၀၁၆-၂၀၁၇ခုနှစ်မှ စတင်၍ အလုပ်တိုက်နယ်နှင့် ခုတ်ကွက်စဉ်များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြိတ်ခရိုင်အတွင်း မြိတ်မြို့နယ် တွင် မြိတ်ဒီရေတော ကြိုးပြင်ကာကွယ်တော ဌာနမှတည်ထောင်ထားသော ဒီရေတောစိုက်ခင်း (၆၀)ဧက နှင့် (၆၀၆၆၅)ဧက၊ ကျွန်းစုမြို့ နယ်တွင် ကျွန်းစုဒီရေတော ကြိုးပြင်ကာကွယ်တောတွင် ဌာနမှ တည်ထောင်ထားသော ဒီရေတောစိုက်ခင်း (၆၀)ဧက နှင့် (၄၇၅၈၀.၇၈) ဧက၊ အောက္ကလန်ကွေ့ ကြိုးဝိုင်းတွင် (၂၉၁၄၂.၉၉)ဧက၊ ကတန်ကျွန်း ကြိုးပြင် ကာကွယ်တောတွင် ဌာနမှ တည်ထောင်ထားသော ဒီရေတောစိုက်ခင်း (၃၀)ဧက နှင့် (၅၈၇၇)ဧက၊ ပန်းတောင်း ဒီရေတောကြိုးပြင်ကာကွယ်တောတွင် (၇၄၅၀)ဧက၊ ကျွန်းစု မြို့နယ်တွင် ဒီရေတော ပေါက်ရောက်မှု ကောင်းမွန်သော ကြိုးပြင်တော

(၂၄၅၆၈၈)ဧက၊ တနင်္သာရီမြို့နယ်တွင် ကြိုးပြင်တော (၇၆၉၉)ဧက နှင့် ပုလောမြို့နယ်တွင် မလိကြိုးပြင်ကာကွယ်တော တွင်(၁၁၂၇) ဧကနှင့် ကြိုးပြင်တောတွင် (၃၄၁၉၁)ဧကတို့အား စုစုပေါင်း ဧရိယာ (၄၃၉၅၇၀.၇၇) ဧက ကို ဒီရေတောအလုပ်တိုင်နယ်အဖြစ် ဖွဲ့စည်း ထားပါသည်။

မြိတ်ခရိုင်၊ မြိတ်မြို့နယ် ရွှေပေးကျေးရွာတွင် မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနနှင့် ပူးပေါင်း၍ လမုတောဥယျာဉ် တည်ထောင်မည့် ဧရိယာ (၇၇၈.၄၅)ဧက အနက်မှ ဦးစားပေး မြေနေရာ(၂၃၆.၇) ဧက တွင် ပညာရပ်ဆိုင်ရာ ဒီရေတောသုတေသန လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် နော်ဝေ နိုင်ငံ (Worldview International Foundation (WIF) အထောက်အပံ့ဖြင့် ဒီရေတော ပြတိုက်များ၊ Nursery Farm များ၊ Marine Resourses ပြတိုက်များ၊ ခေတ်မီရေစို ဓါတ်ခွဲခန်းများ(Wet Lab)များ၊ (Buggy Path Way) များ၊ လမ်းတံတားများ၊ လျှောက်လမ်းများ၊ နားနေဆောင်များ၊ လမ်းပြမြေပုံများပါဝင်သည့် အဆင့်မြင့် သုတေသနစခန်း တည်ဆောက် သွားမည် ဖြစ်ပါသည်။

ကျွန်းစုမြို့နယ်တွင် ဒီရေတော ပေါက်ရောက်မှု ကောင်းမွန်သော ကြိုးပြင်တော (၂၄၅၆၈၈)ဧကအတွင်း မိုင်းသွေးကျွန်း (၇၆၈၉)ဧကနှင့် သန္တာကျွန်း (၂၃၂၇)ဧကတို့အား ကြိုးပြင် ကာကွယ်တောအဖြစ်လာမည့် စီမံကိန်း ကာလတွင် အဆိုပြုတည်ထောင် သွားမည်ဖြစ်ပါသည်။

### ၉.၅.၄.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်များ ဖွဲ့စည်းခြင်း

ဒီရေတော အလုပ်တိုက်နယ် မြိတ်မြို့နယ်မှ လုပ်ကွက်စဉ် (၁)ခုနှင့် ကျွန်းစုမြို့နယ်မှ လုပ်ကွက်စဉ် (၁)ခု စုစုပေါင်း လုပ်ကွက်စဉ် (၂)ခု ဧရိယာ (၄၃၉၅၇၀.၇၇)ဧကဖြင့် ဖွဲ့စည်းထားပါသည်။ ဒီရေတော လုပ်ကွက်စဉ် ဧရိယာစာရင်းကို ဇယား (၉.၅.၃.၂.၁.၁)က ဖြင့် ဖော်ပြအပ်ပါသည်။ ဒီရေတောစိုက်ခင်း စိုက်ကွက်စဉ်တွင် နှစ်စဉ်စိုက်ကွက် (၃)ကွက် ပါဝင်ပြီး ဧရိယာ (၁၅၀)ဧကရှိပါသည်။ ဒီရေတောစိုက်ခင်း စိုက်ကွက်စဉ် စာရင်းအား ဇယား (၉.၅.၃.၂.၁.၁)ခ ဖြင့်ဖော်ပြ အပ်ပါသည်။

## ဒီရေတောအလုပ်တိုက်နယ် ဧရိယာစာရင်း

ဇယား(၉.၅.၄.၂.၁.၁)က

| လုပ်ကွက်စဉ် | ကြိုးဝိုင်း/ကြိုးပြင် အမည် | သဘာဝ ဒီရေတော ဧရိယာ (ဧက) | ဌာနဒီရေတော စိုက်ခင်း (ဧက) | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| I | **မြိတ်မြို့နယ်** | | | | |
| | မြိတ်ဒီရေတော ကြိုးပြင်ကာကွယ်တော | ၆၀၆၆၅ | ၆၀ | ၆၀၇၂၅ | |
| | **လုပ်ကွက်စဉ် (I)ပေါင်း** | **၆၀၆၆၅** | **၆၀** | **၆၀၇၂၅** | |
| II | **ကျွန်းစုမြို့နယ်** | | | | |
| | အောက္ကလန်ကွေ့ကြိုးဝိုင်း | ၂၉၁၄၂.၉၉ | | ၂၉၁၄၂.၉၉ | |
| | ကတန်ကျွန်း ကြိုးပြင်ကာကွယ်တော | ၅၈၇၇ | ၃၀ | ၅၉၀၇ | |
| | ကျွန်းစုဒီရေတော ကြိုးပြင်ကာကွယ်တော | ၄၇၅၈၀.၇၈ | ၆၀ | ၄၇၆၄၀.၇၈ | |
| | ပန်းတောင်းဒီရေတော ကြိုးပြင်ကာကွယ်တော | ၇၄၅၀ | | ၇၄၅၀ | |
| | ကြိုးပြင်တော | ၂၄၅၆၈၈ | | ၂၄၅၆၈၈ | |
| | **လုပ်ကွက်စဉ် ( III )ပေါင်း** | **၃၃၅၇၃၈.၇၇** | **၉၀** | **၃၃၅၈၂၈.၇၇** | |
| III | **တနင်္သာရီမြို့နယ်** | | | | |
| | ကြိုးပြင်တော | ၇၆၉၉ | | ၇၆၉၉ | |
| | **လုပ်ကွက်စဉ် ( II)ပေါင်း** | **၇၆၉၉** | | **၇၆၉၉** | |
| IV | **ပုလောမြို့နယ်** | | | | |
| | မလိကြိုးပြင်ကာကွယ်တော | ၁၁၂၇ | | ၁၁၂၇ | |
| | ကြိုးပြင်တော | ၃၄၁၉၁ | | ၃၄၁၉၁ | |
| | **လုပ်ကွက်စဉ် (IV) ပေါင်း** | **၃၅၃၁၈** | | **၃၅၃၁၈** | |
| ၄၃၉၄၁၉.၉၉ | လုပ်ကွက်စဉ် စုစုပေါင်း | ၄၃၉၂၀.၇၇ | ၁၅၀ | ၄၃၉၅၇၀.၇၇ | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## ဒီရေတော စိုက်ခင်းများစိုက်ကွက်စဉ်

ဇယား(၉.၅.၄.၂.၁.၁)ခ

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည်ထောင် သည့်ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| I | မြိတ် ကျွန်းစု | မြိတ်ဒီရေတော ကြိုးပြင်ကာကွယ်တော<br>ကတန်ကျွန်းကြိုးပြင် ကာကွယ်တော | ၂၀<br>၃၀ | ၆'x၆'<br>၆'x၆' | ၂၀၁၃-၁၄<br>၂၀၁၃-၁၄ | |
| | | **နှစ်စဉ် စိုက်ကွက် (I) ပေါင်း** | **၅၀** | | | |
| II | မြိတ် ကျွန်းစု | မြိတ်ဒီရေတော ကြိုးပြင်ကာကွယ်တော<br>ကျွန်းစုဒီရေတောကြိုးပြင် ကာကွယ်တော | ၂၀<br>၃၀ | ၆'x၆'<br>၆'x၆' | ၂၀၁၄-၁၅<br>၂၀၁၄-၁၅ | |
| | | **နှစ်စဉ် စိုက်ကွက် (I) ပေါင်း** | **၅၀** | | | |
| III | မြိတ် ကျွန်းစု | မြိတ်ဒီရေတော ကြိုးပြင်ကာကွယ်တော<br>ကျွန်းစုဒီရေတောကြိုးပြင် ကာကွယ်တော | ၂၀<br>၃၀ | ၆'x၆'<br>၆'x၆' | ၂၀၁၅-၁၆<br>၂၀၁၅-၁၆ | |
| | | **နှစ်စဉ် စိုက်ကွက် (I) ပေါင်း** | **၅၀** | | | |
| | | **စုစုပေါင်း** | **၁၅၀** | | | |

ဇစ်မြစ်- မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၅.၄.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ဖြူးခြေထောက်၊ဖြူးအုပ်ဆောင်း၊သမဲ့၊လမု၊ကျန၊ပင်လယ်အုန်း၊ ၄က်၊ ကနစို၊ ဖြူးမိုင်းတောင့်၊ သရော၊ သင်ပေါင်း စသည့်တို့ ပေါက်ရောက်လျှက်ရှိပြီး အချို့နေရာများတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နေရာများတွင် ပေါက်ရောက်မှုကောင်းပြီး လူသူနီးသည့် ကျွန်းများတွင် ယခင်တိုင်မျောများ ထုတ်လုပ်မှုများကြောင့် တောနိမ့် တောပျက်များ ဖြင့်တွေ့ရှိရပါသည်။ ဒေသအတွင်း ပုစွန်ကန်၊ ငါးကန်တူးဖေါ်ခြင်းလုပ်ငန်းအား ကျယ်ပြန့်စွာဆောင်ရွက်နေခြင်း မရှိပါ။ ကုမ္ပဏီအချို့မှ ဒီရေတောအခြေပြု ကဏန်းမွေးမြူခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာအနီး လယ်မြေဖေါ်ထုတ်၍ စပါးစိုက်ပျိုးခြင်း ချောင်းမြောင်းများတွင် ဒီရေအတက် အကျရှိရာနေရာ၌ ဓနိဥယျာဉ်ခြံများ ရှေးယခင်ကတည်းက လုပ်ကိုင်နေကြောင်း သိရှိရပါသည်။ ဒီရေတော သယံဇာတစာရင်း ကောက်ယူခြင်း လုပ်ငန်းအား

စီမံကိန်းကာလအတွင်း ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အောက်ခံပေါင်းပင်များ ပေါက်ရောက်မှု အခြေအနေအား ထပ်ဆင့် မှတ်တမ်း စာရင်းပြုစုပါမည်။

**၉.၅.၄.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်**

ဒီရေတောဒေသပတ်ဝန်းကျင်၌နေသည့် သူများအဆင့်အတန်းမြင့်မား လာရေးနှင့် သဘာဝဘေးအန္တရာယ် တားဆီးရေးအတွက် ပြည်သူ လူထုပူးပေါင်း ပါဝင်ဆောင်ရွက်မှုဖြင့် ဒီရေတောစိုက်ခင်းများ ထူထောင်ခြင်း၊ သဘာဝဒီရေတောပြုစုပျိုးထောင်ခြင်း၊ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်သွားပါမည်။

**၉.၅.၄.၂.၁.၁.၃ ခုတ်ပတ်**

ဒီရေတောသစ်တောများ အလုပ်တိုက်နယ်အတွင်းရှိ ခုတ်စဉ်များမှ သစ်နှင့်သစ်တော ထွက်ပစ္စည်းများထုတ်လုပ်ရန်လိုအပ်ပါက သစ်တော သယံဇာတကောက်ယူပြီး ရရှိလာသည့် အချက်အလက်များပေါ် မူတည်၍ ထုတ်လုပ်ခွင့်ပြုနိုင်သည့် သင့်တော်သည့်ခုတ်ပတ် သတ်မှတ် ပေးသွားမည်ဖြစ်ပါသည်။

**၉.၅.၄.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့်ပမာဏ**

ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားနှင့်ပမာဏ အားသတ်မှတ်ပေးသွား မည်ဖြစ်ပါသည်။

**၉.၅.၄.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်းနှင့်ထိန်းသိမ်းခြင်း**

ဒီရေတောများအား အသုံးချရာတွင် ဒီရေတောပေါ်တွင်မှီခိုနေသည့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားရေးအခြေအနေ သတင်းအချက် အလက်များစုဆောင်း၍ ထာဝစဉ်ညီတောထွက်နှင့် အမြင့်ဆုံး အကျိုး အမြတ်ရရှိစေရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်သွား ပါမည်။

### ၉.၅.၄.၂.၁.၁.၆ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

မြိတ်ခရိုင်အတွင်း ဒီရေတောများ အခွန့်ရှည်ကြာစွာ တည်တံ့နိုင်ရေး အတွက် ဒီရေတော အလုပ်တိုက်နယ်များ ဖွဲ့စည်း၍ စီမံအုပ်ချုပ် လုပ်ကိုင်ရာတွင် အောက်ပါအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်မှုများအား လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(က) ဒီရေတောပေါက်ရောက်မှုကောင်းမွန်ပြီး ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေနေသတ္တဝါများ အစားအစာနှင့် ရှင်သန်ပေါက်ပွါးသော နေရာများ၊ လှိုင်း၊ လေပြင်းဒဏ်နှင့်မြေပြိုတိုက်စားမှုတို့ကို ကာကွယ်ရန်အတွက် လိုအပ်သောဒေသများအား ထိန်းသိမ်း ကာကွယ်ရေး ဇရိယာအဖြစ် ဆောင်ရွက်သွားရန်။

(ခ) တောနိမ့်တောပျက်ဇရိယာများအား စိုက်ခင်းများတည် ထောင်ခြင်း၊ သဘာဝတောတန်ဘိုးမြင့်စိုက်ခင်းလုပ်ငန်း ဆောင် ရွက်ခြင်း၊ ကွက်လပ်ဖြည့်စိုက်အပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း နှင့် ဒေသခံပြည်သူများအတွက် အသက်မွေးကြောင်း ပြုလုပ်ရန် အတွက် တံငါလုပ်ငန်းနှင့် ရေလုပ်ငန်းများ သတ်မှတ်ဆောင်ရွက် ရန်၊

(ဂ) အလွန်အကျွံ ပျက်စီးနေသော ဒီရေတောပျက် ဇရိယာများအား၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအားအခြေခံ၍ ဒေသခံပြည်သူ အစုအဖွဲ့ ပိုင် သစ်တောလုပ်ငန်းများတည်ထောင်၍ ပြန်လည်ပြုစုပျိုး ထောင်ခြင်း လုပ်ငန်းအား ဒေသခံနှင့် ပုဂ္ဂလိကစီးပွားရေးရှင် များမှ ပံ့ပိုးမှုနှင့် စဉ်ဆက်မပြတ် အကျိုးတူပူးပေါင်း ဆောင်ရွက် ရန်၊

(ဃ) ဒီရေတော စီမံအုပ်ချုပ်လုပ်ကိုင်ရခြင်း၏ ရည်ရွယ်ချက်များနှင့် မဟာဗျူဟာများချမှတ်ခြင်း၊ လုပ်ငန်းစီစဉ်များရေးဆွဲခြင်း၊ အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများအားဆန်းစစ်ခြင်း။

### ၉.၅.၄.၂.၁.၁.၆.၁ ပြည်သူလူထုများပူးပေါင်းဆောင်ရွက်ခြင်း။

ဒီရေတောများထိန်းသိမ်းခြင်းနှင့် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူတို့မှ နားလည်သဘောပေါက်ပြီး ပူးပေါင်းပါဝင်လာစေမည့်အစီအစဉ်များ ပေါင်းစပ်ညှိနှိုင်းအကောင် အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၉.၅.၄.၂.၁.၁.၆.၂ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ နှင့်ပူးပေါင်း ဆောင်ရွက်ခြင်း။

ဒီရေတောသုတေသနလုပ်ငန်းများ အရှိန်မြှင့်၍ဆောင်ရွက်ရန်နှင့် ဒီရေတောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများ နည်းပညာပိုင်းဆိုင် ရာ ကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနိုင်ငံတကာအဖွဲ့စည်း များနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

### ၉.၅.၄.၂.၁.၁.၆.၃ သစ်တောပညာပေးခြင်း

ဒီရေတောပျက်စီးရခြင်း အကြောင်းအရင်းအား လေ့လာပါက လူထု လူတန်းစား အသီးသီးတွင် လူမှုရေးစီးပွါးရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့တွင် ဒီရေတောများ၏ အရေးပါမှုအား သိရှိ နားလည်မှု အားနည်းချက်ကြောင့် ဖြစ်သဖြင့် ဒီရေတောဆိုင်ရာ ရုပ်ရှင်၊ ဗီဒီယို၊ တီဗွီ၊ သတင်းစာ၊ စာနယ်ဇင်းများ ထုတ်ဝေဖြန့်ချီ ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းစသည်တို့ကို စဉ်ဆက် မပြတ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ

သဘာဝထိန်းသိမ်းရေးနယ်မြေများကို ဖော်ပြနိုင်ခြင်းမရှိပါ။ သို့ရာတွင် စီမံကိန်းကာလ အတွင်း တည်ထောင်ရန် ရည်ရွယ်ထားသည့် သဘာဝထိန်းသိမ်းရေး နယ်မြေအမျိုးအစား များနှင့် ဧရိယာအကျယ်အဝန်းကို ဇယား(၉.၇.၅)တွင် ဖော်ပြထားပါသည်။

## ၉.၇ သစ်တောကာကွယ်ခြင်း

### ၉.၇.၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း

မြိတ်ခရိုင်သည် နယ်မြေအေးချမ်းမှုမရှိပါသဖြင့် ကြိုးဝိုင်းနှင့် အကွက်နယ်နိမိတ်များ ပြင်ဆင်ခြင်း မပြုလုပ်သည်မှာ နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ နယ်မြေအေးချမ်း လာပါ

က အခြားသစ်တော လုပ်ငန်းများနှင့်အတူ ကြိုးဝိုင်းနှင့် အကွက်နယ်နိမိတ်များကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆောင်ရွက်ရာ၌လည်း လက်အောက် အမှုထမ်းများ အမြဲလိုက်နာရန် အမိန့် လက်စွဲ အခန်း(၆) စာမျက်နှာ (၅၀)မှ (၅၇)တွင် ဖော်ပြထားသည့် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၇.၁.၁ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း

မြိတ်ခရိုင်သည် အထက်ဖော်ပြခဲ့သည့်အတိုင်း နယ်မြေအေးချမ်းမှု မရှိပါသဖြင့် ကြိုးဝိုင်း နယ်နိမိတ်ပြင်ဆင်ခြင်း မပြုလုပ်နိုင်သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ယခုအခါ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်းကို တစ်နှစ်လျှင် (၂၀) မိုင် နှုန်းဖြင့် စီမံကိန်းကာလအတွင်း (၂၀၀) မိုင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း

ဇယား(၉.၇.၁)

| စဉ် | ဆောင်ရွက်မည့်နှစ် | ကြိုးဝိုင်းအမည် | ကြိုးဝိုင်းအရှည်မိုင် | ဆောင်ရွက်မည့် ပမာဏ (မိုင်) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | | (၄) | (၅) |
| ၁ | ၂၀၁၆-၁၇ | သိန်းခွန်း | ၂၀၀.၇၅ | ၂၀ | ပကြိမ် |
| ၂ | ၂၀၁၇-၁၈ | သကျက် | ၂၂၈.၂၀ | ၂၀ | ပကြိမ် |
| ၃ | ၂၀၁၈-၁၉ | ငဝန် | ၁၃၂.၂၅ | ၁၅ | ပကြိမ် |
| | ....။... | ရွာသစ် | ၈.၀၀ | ၅ | ပကြိမ် |
| ၄ | ၂၀၁၉-၂၀ | တောင်ဖရူး | ၆၀.၇၅ | ၅ | ပကြိမ် |
| | | ပုလော | ၁၂၅.၀၀ | ၁၅ | ပကြိမ် |
| ၅ | ၂၀၂၀-၂၁ | ပုလော | | ၂၀ | ဒုကြိမ် |
| ၆ | ၂၀၂၁-၂၂ | နတ္တလင်းတောင် | ၂၃.၀၀ | ၅ | ပကြိမ် |
| | | ငဝန် | | ၁၅ | ဒုကြိမ် |
| ၇ | ၂၀၂၂-၂၃ | ပနာတောင် | ၁၅.၀၀ | ၂၀ | ပကြိမ် |
| ၈ | ၂၀၂၃-၂၄ | အောက္ကလန်ကွေ့ | ၅၆.၁၀ | ၂၀ | ပကြိမ် |
| ၉ | ၂၀၂၄-၂၅ | သိန်းခွန်း | | ၂၀ | ဒုကြိမ် |
| ၁၀ | ၂၀၂၅-၂၆ | သကျက် | | ၁၉ | ဒုကြိမ် |
| | | ဘိုတောင် | ၃.၆၀ | ၁ | ပကြိမ် |
| | **ခရိုင်စုစုပေါင်း** | | **၈၅၃.၆၅** | **၂၀၀** | |

ဇစ်မြစ်- မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၇.၁.၂ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း

အကွက်နယ်နိမိတ်များကို သစ်တောလုပ်ငန်းဖြစ်သည့် သစ်မာပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်း နှင့်အတူ ဆောင်ရွက်သွားပါမည်။ တစ်နှစ်လျှင် (၁၀)မိုင်နှုန်းဖြင့် စီမံကိန်းကာလအတွင်း (၁၀၀)စတုရန်းမိုင် ဆောင်ရွက်သွားပါမည်။

**အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း**

**ဇယား(၉.၇.၂)**

| စဉ် | ဆောင်ရွက်မည့်နှစ် | ကြိုးဝိုင်းအမည် | ဆောင်ရွက်မည့် ပမာဏ (စ/မိုင်) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ၂၀၁၆-၁၇ | သိန်းခွန်း၊ | ၁၀ | |
| ၂ | ၂၀၁၇-၁၈ | သကျက်၊ | ၁၀ | |
| ၃ | ၂၀၁၈-၁၉ | ဝေန်၊ပုလော | ၁၀ | |
| ၄ | ၂၀၁၉-၂၀ | တောင်ဖရူး၊ | ၁၀ | |
| ၅ | ၂၀၂၀-၂၁ | သိန်းခွန်း၊ | ၁၀ | |
| ၆ | ၂၀၂၁-၂၂ | သကျက်၊ | ၁၀ | |
| ၇ | ၂၀၂၂-၂၃ | ဝေန်၊ပုလော | ၁၀ | |
| ၈ | ၂၀၂၃-၂၄ | တောင်ဖရူး၊ | ၁၀ | |
| ၉ | ၂၀၂၄-၂၅ | သိန်းခွန်း၊ | ၁၀ | |
| ၁၀ | ၂၀၂၅-၂၆ | သကျက်၊ | ၁၀ | |
| | **ခရိုင်စုစုပေါင်း** | | **၁၀၀** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၇.၂ မီးကာကွယ်ခြင်း

စိုက်ခင်းများကိုမှ (၅)နှစ်သားအထိ မီးကာကွယ်ရမည်ဖြစ်ပါသည်။ ဇန်နဝါရီ(၁၅)ရက်မှ မေလ(၁၅)ရက်အထိ (၄)လကာလကို မီးကာကွယ်သော ကာလအဖြစ် သတ်မှတ်ထားရှိပြီးဖြစ်ပါသည်။ နွေရာသီအစတွင် စိုက်ခင်းပတ်လည်(၁၀)ပေအကျယ် မီးတားလမ်းကိုပါ ဖောက်လုပ်ထားပေးရပါမည်။ ဖြစ်နိုင်လျှင် မီးလုန်ကွက်များ ပြုလုပ်ပြီး ဆောင်းရာသီတွင် ထိန်းသိမ်းကြိုတင်မီးရှို့ခြင်း၊ Control burning လုပ်ပေးနိုင်လျှင် ပိုကောင်းပါသည်။ အချက်အချာကျသော နေရာများတွင် မီးမျှော်စင်များ ဆောက်လုပ်ပြီးမီးစောင့်များကို တာဝန်ချထားပေးရပါမည်။ မီးတားလမ်း တစ်လျှောက် မီးကပ်များကို ထားပေးရပါမည်။ စိုက်ခင်းအတွင်း ဝင်ရောက်သူများအား မီးဂရုစိုက်ရန် ပညာပေးခြင်း၊ နှိုးဆော်ခြင်းပြုလုပ်ပေးရပါမည်။ စိုက်ခင်းပတ်လည် လူဝင် လူထွက်

များသောနေရာများတွင် မီးသတိပြု ဆိုင်းဘုတ်များ စိုက်ထူထားပေးရပါမည်။ မီးစောင့်များနှင့် ဝန်ထမ်းများ တွဲဖက်၍ တာဝန်ကျစောင့်ရှောက် နေရမည်ဖြစ်ပြီး မီးအန္တရာယ် ကြုံတွေ့ရပါက အချက်ပြဆက်သွယ်ရေး အစီအစဉ်၊ အကူအညီ ယူရမည့် အစီအစဉ်၊ ဝိုင်းဝန်းငြိမ်းသတ်မည့် အစီအစဉ်များကို ကြိုတင်ပြင်ဆင်လေ့ကျင့် ထားရှိရပါမည်။ စိုက်ခင်းများတွင်လည်း နှစ်စဉ်မီးစီမံချက်များတွင်လည်း နှစ်စဉ် မီးစီမံချက်ကို ရေးသားစေပြီး စီမံချက်ပါအတိုင်း ဆောင်ရွက်ရန် ကြီးကြပ်လုပ်ကိုင် ဆောင်ရွက်နေမည်ဖြစ်ပါသည်။

## ၉.၇.၃ ပိုးမွှားနှင့်ရောဂါအန္တရာယ်ကာကွယ်ခြင်း

ခရိုင်အတွင်းရှိ သဘာဝတောများနှင့် သစ်တောစိုက်ခင်းများတွင် ပိုးမွှားနှင့် ရောဂါအန္တရာယ်များ ကျရောက်ပါက ဖြစ်ပွားမှုအခြေအနေပေါ်မူတည်၍ သစ်တော သုတေသနဌာန၊ မြန်မာ့စိုက်ပျိုးရေးဌာနတို့နှင့် ညှိနှိုင်းပြီး လိုအပ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ ရယူ၍ ကျရောက်သော ပိုးမွှားရောဂါနှင့် အခြားရောဂါများကို ကာကွယ်သွားမည် ဖြစ်ပါသည်။ ယခင်မှတ်တမ်းများအရ ပိုးမွှားနှင့် ရောဂါအန္တရာယ် များ ဆိုးသွမ်းစွာ ကျရောက်ခြင်း မရှိခဲ့ ကြောင်း သိရှိရပါသည်။

## ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း

ခရိုင်အတွင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနှင့် သစ်တောစိုက်ခင်းများကို ကာကွယ် စောင့်ရှောက်ရန် ဘိနယ်တာဝန်ခံများက မိမိတာဝန်ယူရသော ဘိနယ်အတွင်း လှည့်လည် စစ်ဆေးပြီး တွေ့ရှိချက်များကို မြို့နယ်ဦးစီးမှူးထံ တင်ပြရမည်။ စိုက်ခင်း များတွင် စိုက်ခင်းတာဝန်ခံဝန်ထမ်းများကို သီးသန့် တာဝန်ပေးထားပါ သည်။ မြို့နယ်မှလည်းသစ်တော ထိန်းသိမ်းရေးလုပ်ငန်းအတွက် လှုပ်ရှားအဖွဲ့များ ဖွဲ့စည်း၍ အလျင်းသင့်သလို လှည့်လည်စစ်ဆေး ဆောင်ရွက်သွားရပါမည်။ ၎င်းလှည့်လည် စစ်ဆေးသည့်အဖွဲ့များသည် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်း ကျူးကျော် တောင်ယာခုတ်ခြင်း၊ တရားမဝင် သစ်ထုတ်ယူခြင်းနှင့်အခြား သစ်တောပြစ်မှုများကို ဖောက်ဖျက် ကျူးလွန်မှုများကိုတွေ့ရှိရပါက မြို့နယ်ဦးစီး အရာရှိများမှ သစ်တော ဥပဒေအရ အရေးယူ ဆောင်ရွက်ချက်များကို လက်ထောက် ညွှန်ကြားရေးမှူး ထံတင်ပြ အစီရင်ခံနေရမည် ဖြစ်ပါသည်။

## ၉.၇.၅ ကြိုးဝိုင်းတော၊ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း

မြိတ်ခရိုင်တွင် စီမံကိန်းကာလအတွင်း ကြိုးဝိုင်း(၂)ခုနှင့် ကြိုးပြင်ကာကွယ်တော (၉)ခု ဖွဲ့စည်းတည်ထောင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းကာလအတွင်း တည်ထောင်ရန် ရည်ရွယ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစားများနှင့် ဧရိယာအကျယ်အဝန်းကို ဇယား(၉.၆)ဖြင့် ဖော်ပြထားပါသည်။

**မြိတ်ခရိုင်အတွင်း ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ထားသည့်**
**ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများစာရင်း**

ဇယား(၉.၇.၅)

| စဉ် | အကြောင်းအရာ | မြို့နယ် | ဧရိယာအကျယ်အဝန်း(ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | **ကြိုးဝိုင်းတော** | | | |
| ၁ | နန်းသီလာ | ပုလော | ၄၆၀၈၀ | အဆိုပြုရန်ဆောင်ရွက်ဆဲ |
| ၂ | ပိန္နဲကျွန်းငှက်သိုက်(တိုးချဲ့) | ပုလော | ၁၂၈၀ | ။ |
| | **ပေါင်း** | | **၄၇၃၆၀** | |
| | **ကြိုးပြင်ကာကွယ်တော** | | | |
| ၁ | နန်းတော်ရာ | မြိတ် | ၂၄၉၆၀ | အဆိုပြုရန်ဆောင်ရွက်ဆဲ |
| ၂ | ခြေတော်ရာ | တနင်္သာရီ | ၂၄၉၆၀ | ။ |
| ၃ | ပဝ-ဖိုးမဲ | တနင်္သာရီ | ၇၄၆၄၀ | ။ |
| ၄ | လယ်သစ်ဒီရေတော | တနင်္သာရီ | ၂၅၆၀ | ။ |
| ၅ | မိုင်းသွေးဒီရေတော | ကျွန်းစု | ၇၆၈၀ | ။ |
| ၆ | မစမ်းပါးဒီရေတော | ကျွန်းစု | ၂၅၆၀ | ။ |
| ၇ | အနိုင်း–ကော့ကနင်း | ကျွန်းစု | ၃၉၆၈၀ | ။ |
| ၈ | ပြင်းဘုကြီးဒီရေတော | ပုလော | ၇၀၄၀ | ။ |
| ၉ | ကျောက်ကာဒီရေတော | ပုလော | ၁၈၅၆၀ | ။ |
| | **ပေါင်း** | | **၁၈၂၄၇၈၅** | |
| | **သဘာဝထိန်းသိမ်းရေးနယ်မြေ** | | | |
| ၁ | တနင်္သာရီအမျိုးသားဥယျာဉ် | တနင်္သာရီ | ၆၄၀၀၀၀ | ဖွဲ့စည်းရန်အမိန့်ကြော်ငြာ ထုတ်ပြန်ပြီး |
| ၂ | လေညာအမျိုးသားဥယျာဉ်(တိုးချဲ့) | တနင်္သာရီ | ၃၄၅၆၀၀ | ။ |
| ၃ | သားငှက်ဖြတ်ကူးလမ်း | တနင်္သာရီ | ၃၂၁၀၁၃ | အဆိုပြုရန်ဆောင်ရွက်ဆဲ |
| ၄ | သရောသကန်ကြီးအဏ္ဏဝါ အမျိုးသားဥယျာဉ် | ကျွန်းစု | ၂၆၅၀၃၂ | ။ |
| ၅ | မလိအဏ္ဏဝါအမျိုးသားဥယျာဉ် | ပုလော | ၂၀၅၇၈၀ | ။ |
| | **ပေါင်း** | | **၁၇၇၇၄၂၅** | |
| | **စုစုပေါင်း** | | **၃၆၄၉၅၇၀** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## ၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး

### ၉.၈.၁ လေ့ကျင့်ရေး

ခရိုင်အတွင်းရှိ ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည် အရည်အသွေး မြင့်မားတိုးတက်ရန်အတွက် ပြည်တွင်းပြည်ပသင်တန်းများ လေ့လာရေး ခရီးစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခဲ့ပါသည်။ တက်ရောက်ပြီးစီးမှု အခြေအနေများကို အတွဲ(၂)၊ ဇယား(၄.၄) တွင်ဖော်ပြထားပါသည်။ စီမံကိန်း ကာလအတွင်းတွင်လည်း သစ်တောဦးစီးရုံးချုပ်၊ လေ့ကျင့်ရေးနှင့် သုတေသန ဌာနခွဲနှင့်ညှိနှိုင်းပြီး သင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများကို ဝန်ထမ်းများ တက်ရောက်အတွက် စီစဉ်ဆောင်ရွက်ပေးထားမည် ဖြစ်ပါ သည်။

### ၉.၈.၂ သုတေသန

မြိတ်ခရိုင် သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်းမရှိသေးပါ။ သို့ရာတွင် စီမံကိန်း ကာလအတွင်း အလျဉ်းသင့်သလို သုတေသနလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၈.၃ ဖွံ့ဖြိုးရေး

ခရိုင်အတွင်းရှိ ဝန်ထမ်းများကို ပြည်တွင်းပြည်ပသင်တန်းများ လေ့လာရေး ခရီးစဉ်များ သွားရောက်စေခြင်းဖြင့် အသိပညာကြွယ်ဝခြင်း၊ နိုင်ငံတကာတွင် တိုးတက်နေသော အတွေးအမြင်များကို ခံစားသိရှိရခြင်း၊ ဗဟုသုတ တိုးပွားခြင်း၊ လုပ်ငန်းခွင်အတွေ့အကြုံ ပိုမိုရင့်ကျက်ခြင်း၊ ခေတ်မီနည်း ပညာရပ်များကို ဆည်းပူးရမိခြင်းစသော အကျိုးခံစားမှုများ ရရှိပြီး မိမိသိရှိ ရရှိလာသော အတွေ့အကြုံ ဗဟုသုတများကို လုပ်ငန်းခွင်တွင်အသုံးချပြီး မိမိလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ မိမိနှင့်အတူ လုပ်ငန်းခွင်တွင် ထိတွေ့နေသော ဝန်ထမ်းများ ၄င်းတို့နှင့်အတူ လုပ်ငန်းခွင်တွင် လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့်ပြည်သူများတွင် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ရရှိလာမည်ဖြစ်ပါသည်။ ဝန်ထမ်းများကို လုပ်ငန်းခွင်သင်တန်းများ တက်ရောက်စေခြင်းဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်တက်ပြီး ဗဟုသုတ တိုးပွားရန်၊ သင်တန်းတွင်ရရှိသော အတွေ့အကြုံ ဗဟုသုတများကို လုပ်ငန်းခွင်တွင် အသုံးချခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်လာပြီး နိုင်ငံတော်အတွက် အကျိုးရှိလာမည်ဖြစ်ပါသည်။ လုပ်ငန်းခွင် စွမ်းရည်မြင့်မားပါမှ လုပ်ငန်းတွင် ပါဝင်ဆောင်ရွက် နေကြ

သော လုပ်သားပြည်သူများနှင့် လုပ်ငန်းရလာဒ်အပေါ် အကျိုးခံစားခွင့်ရှိသော ပြည်သူများ၏ လူမှု စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

### ၉.၈.၄ အဏ္ဏဝါအမျိုးသားဥယျာဉ်

၂၀၁၆-၂၀၁၇ ခုနှစ်မှစ၍တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ဒေသအတွင်းတွင် ကျွန်းများသည် အဏ္ဏဝါပင်လယ်ကမ်းရိုးတန်းဂေဟစနစ်တွင် အရေးပါသော ဂေဟစနစ်ဖြစ်သည့် သန္တာကျောက်တန်းများနှင့် ၎င်းပတ်ဝန်းကျင်တွင်နေထိုင် ကျက်စားကြကုန်သော သက်ရှိအစုအဝေးများအား စနစ်တကျ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရန် လိုအပ်လျက်ရှိသဖြင့် ကျွန်းများ၏ဇီဝမျိုးစုံမျိုးကွဲ တည်ရှိသော နယ်မြေများ (Key Biodiversity Areas) သည် ကျွန်းများ၏ပတ်လည်နေရာများတွင် အဏ္ဏဝါဂေဟစနစ်များ ကောင်းမွန်စွာ ကျန်ရှိနေသဖြင့် အဏ္ဏဝါအမျိုးသားဥယျာဉ်များ တည်ထောင်ခြင်း( Marine Protected Area. – MPA)နှင့် ဒေသခံများပါဝင်သော အဏ္ဏဝါထိန်းသိမ်းရေးဧရိယာများ(Local Mangement Marine Areas-LMMA) တည်ထောင်ခြင်းလုပ်ငန်းစဉ်များအား ပုလောမြို့နယ် ကြိုးပြင်ကာကွယ်တောနှင့် ကျွန်းစုမြို့နယ် သရောသဟန်ကြီးနှင့်လင်းကျွန်းအုပ်စုတို့တွင် အဏ္ဏဝါဂေဟစနစ် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရန် ရည်ရွယ်ထားရှိပါသည်။

အဏ္ဏဝါအမျိုးသာဥယျာဉ်တည်ထောင်ခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အထောက်အကူပြုခြင်း၊ ငါးလုပ်ငန်းနှင့် အဏ္ဏဝါကမ်းရိုးတန်းဒေသကို ထိန်းညှိပေးပြီး အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ ကျက်စားနေထိုင်ရန်နှင့် ရေနေသတ္တဝါများ သားပေါက်မျိုးပွားရန်အတွက် သန္တာကျောက်တန်းဂေဟစနစ် ရေရှည်တည်တံ့စေခြင်း ငါးမိုင်းခွဲခြင်း၊ ပိုက်ဒရွတ်ဆွဲ ငါးဖမ်းခြင်း၊ ကျောက်ဆူးချခြင်းကြောင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲနှင့် ငါးမျိုးစိတ်များ ပြုန်းတီးခြင်းနှင့် ဆလုံလူမျိုးစု၏ ရိုးရာဓလေ့ ယဉ်ကျေးမှုများ ပျောက်ကွယ်မှုမရှိစေရန် ထိန်းသိမ်းကာကွယ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

## ၉.၉ သစ်တောအခြေခံလုပ်ငန်း

### ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ

မြိတ်ခရိုင်အတွင်း နိုင်ငံပိုင်သစ်ခွဲစက်မရှိပါ။ ယခုလောလောဆယ် နယ်မြေအခြေအနေအရ ပြည်တွင်းသုံး သစ်လုံးများကိုပင် ကိုယ်တိုင်ထုတ်ယူ ခြင်းမရှိဘဲ နည်း(၁)ဖြင့် မြန်မာ့သစ်လုပ်ငန်းမှ ကြီးကြပ်ခယူပြီး ပုဂ္ဂလိကများအား ထုတ်လုပ်

ရောင်းချခွင့်ပြုထားပါသည်။ သို့ရာတွင် စီမံကိန်း ကာလအတွင်း နယ်မြေအေးချမ်းလာပါက မြန်မာ့သစ်လုပ်ငန်း ကိုယ်တိုင် သစ်ထုတ်လုပ်ခွဲစိတ်ပြီး ပြည်တွင်းပြည်ပသို့ ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်သွား နိုင်မည် ဖြစ်ပါသည်။

## ၉.၉.၂ သမဝါယမပိုင် ကဏ္ဍ

မြိတ်ခရိုင်အတွင်း သမဝါယကဏ္ဍမှ သစ်တောခြေခံစက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု မရှိပါ။

## ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ

မြိတ်ခရိုင်တွင် သစ်နှင့်သစ်တောထွက်ပစ္စည်း ဖက်စပ်လုပ်ငန်း ဆောင်ရွက်ခြင်းမရှိသေးပါ။ သို့ရာတွင် မြိတ်မြို့သည် စက်မှုဇုံအဖြစ် သတ်မှတ် ထားပြီးဖြစ်၍ စီမံကိန်းကာလအတွင်း သစ်ထုတ်လုပ် ခွဲစိတ်ရောင်းချရာ၌ မြန်မာ့သစ်လုပ်ငန်းဖြင့်လည်းကောင်း၊ ခရိုင်အတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေ နှင့် အမျိုးသားဥယျာဉ်များ၊ သဘာဝသားငှက်တိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ဒီရေတော သစ်မျိုးများ လေ့လာရေးအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို သစ်တောဦးစီးဌာန အနေဖြင့်လည်းကောင်း (သို့မဟုတ်) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးဌာနတို့နှင့် ဖက်စပ်ပြီး ရင်းနှီးမြှုပ်နှံလိုသူများနှင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၉.၄ ပုဂ္ဂလိကကဏ္ဍ

မြိတ်ခရိုင်တွင် သစ်ခွဲစိပ်ခြင်းလုပ်ငန်းသည် အခြေခံစက်မှု လုပ်ငန်း၊ လျှာထိုးစက်လုပ်ငန်း၊ ပရိဘောဂလုပ်ငန်းများ၊ သစ်တောထွက် ပစ္စည်း အရောင်းဆိုင်များ၊ လယ်ယာသုံး ကရိယာများ အရောင်းဆိုင်များကို ပုဂ္ဂလိက များက ဆောင်ရွက်နေကြပြီးဖြစ်ပါသည်။

မြိတ်ခရိုင်တွင် သစ်စက်(ပုဂ္ဂလိကစက်ကြီး) (၂)လုံး၊ (စက်သေး)(၄၀)လုံး၊ အချောထည်စက်(၃)လုံး၊ လျှာထိုးစက်(၂၂)လုံး၊ အိမ်တွင်းစက်မှုလက်မှုစက်(၃၀) လုံး၊ စုစုပေါင်း (၉၇) လုံးရှိပါသည်။ အခြေခံစက်မှုလုပ်ငန်းများ၏ စာရင်းများအား အတွဲ(၂) ဇယား (၉.၁.၂) တွင် ဖော်ပြအပ်ပါသည်။

မြိတ်မြို့သည် စက်မှုဇုံဖြစ်နေပြီး ဖြစ်ပါသဖြင့် စီမံကိန်းကာလအတွင်း စက်မှုကုန်ကြမ်းဖြစ်သော သစ်နှင့် သစ်တောထွက်ပစ္စည်းများကို စနစ်တကျ ထုတ်လုပ်ခွဲစိပ်ဖြန့်ဖြူးရောင်းချပေးရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကုန်ကြမ်းရရှိနိုင်မှုနှင့်

အာမခံချက် ပေးနိုင်မှုအပေါ်မူတည်၍ ပုဂ္ဂလိက သစ်လုပ်ငန်းရှင်များသည် လုပ်ငန်းများကို ရင်းနှီး လုပ်ကိုင်သွားကြမည်သာ ဖြစ်ပါသည်။

## ၉.၁၀ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့်အချက်များ

မြန်မာနိုင်ငံတွင် သစ်တောဦးစီးဌာနမှ လက်ရှိကျင့်သုံးနေသော မြန်မာ့ ရွေးချယ်ထုတ်လုပ်ခြင်းနည်းစနစ်သည် ထာဝစဉ်ညီတောထွက် ရရှိရေးအတွက် အထောက်အကူပြုပြီး မြန်မာနိုင်ငံနှင့် သင့်တင့်သော နည်းစနစ် ဖြစ်ပါသည်။ သဘာဝတောများကို အုပ်ချုပ်ရာတွင် ဤနည်းစနစ်သည် ကောင်းမွန်ပါသည်။ ယခုအခါ လူဦးရေ များပြားလာသည်နှင့်အမျှ သစ်လိုအပ်ချက်များပြားလာပြီး တရားဝင် ထုတ်လုပ်မှုများရှိသကဲ့သို့ များလည်း များပြားလာသဖြင့် သဘာဝတောများလျော့ပါးမှု တိုးပွားလာပါသည်။ သဘာဝ တောကို ထိန်းသိမ်းကာကွယ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးမှု အနည်းဆုံး ဖြစ်အောင် ဆောင်ရွက်သည့်အပြင် ငွေကြေးကုန်ကျမှု နည်းပါးစွာဖြင့် သစ်တောများ ပြန်လည်ထူထောင်သည့် နည်းစနစ်တစ်ခုပင် ဖြစ်ပါသည်။ သဘာဝတောများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရုံဖြင့် အနာဂတ်အတွက် သစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် မဖြစ်နိုင်တော့သဖြင့် စိုက်ခင်းများ တည်ထောင်ပြီး သစ်လိုအပ်ချက်ကို ဖြည့်ဆည်း ပေးရန် ဆောင်ရွက်လာရပါသည်။

### ၉.၁၀.၁ သစ်တောစိုက်ခင်းများ

သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် အဖိုးတန် စီးပွားရေးသစ်မျိုးများကို ဧရိယာ ကျဉ်းကျဉ်းအတွင်း ထုထည်များများ ထုတ်လုပ်လာနိုင်ပါသည်။ သဘာဝတောများအတွင်း လျော့နည်းလာသည့် အဖိုးတန်သစ်မျိုးများကို စိုက်ခင်းများပြုလုပ်၍ အားဖြည့်ပေးခြင်း ဖြစ်ပါသည်။ သို့သော် စိုက်ခင်းများ ပြုလုပ်ခြင်းဖြင့် နိုင်ငံတော်တွင် ရင်းနှီးမြှုပ်နှံငွေ မြောက်မြားစွာ ကုန်ကျရပါသည်။ စိုက်ခင်းလုပ်ရာတွင် တောင်ယာစနစ်ဖြင့် တောကို အပြောင်ရှင်း၊ ခုတ်လှဲ၊ မီးရှို့ပြီး အသစ်ပြန်လည်စိုက်ပျိုးသောကြောင့် သဘာဝဝန်းကျင်တွင် ပြောင်းလဲမှုများ ဖြစ်ပေါ်လာရပါသည်။ သစ်မျိုး တစ်မျိုးတည်းကို အစုလိုက် ဧကများစွာ စိုက်ပျိုးခြင်းကြောင့် ပိုးမွှားအန္တရာယ်ကျရောက်ခြင်း ရောဂါအန္တရာယ်ကျ ရောက်ခြင်း၊ ဖြစ်ပေါ်ပါက ဆုံးရှုံးမှုပမာဏ များပြားတတ်ပါသည်။ သစ်မျိုးများ ရောနှောစိုက်ပျိုးခြင်းသည် အထက်ဖော်ပြပါ အခြေအနေဆိုးများကို အတိုင်းအတာ တစ်ခုအထိ ထိန်းသိမ်းနိုင်ပါသည်။ သို့သော် သစ်တောပြုစု ထိန်းသိမ်းခြင်းကို ဆက်လက်ဆောင်ရွက်သည့်အခါ မူလရည်ရွယ်ချက်ကို မလေ့လာဘဲ အဖိုးတန်သစ်မျိုးကို ဦးစားပေး၍ ကျန်သစ်မျိုးများကို ပင်ကြပ်နှုတ်ရာတွင် ခုတ်လှဲထုတ်လုပ်

လိုက်ပါက ရလာဒ်သည် တစ်မျိုးပြောင်းလဲသွားမည်ဖြစ်ပါသည်။ စိုက်ခင်းများ ပြုလုပ်ရာတွင် ဧရိယာကျယ်ပြန့်စွာ အပြောင်ခုတ်လှဲ၊ မီးရှို့ပြီး စိုက်ပျိုးခြင်းထက် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း အစားထိုးစိုက်ပျိုးခြင်းစနစ်များကို အသုံးပြု၍ ဆောင်ရွက်မည်ဆိုပါက သဘာဝဝန်းကျင်ပျက်စီးမှု နည်းပါးပြီး သဘာဝတောတွင် အဖိုးတန်သစ်မျိုးများ တိုးပွားလာမည် ဖြစ်ပါသည်။ သို့သော် အုပ်ချုပ်ရေး ရှုထောင့်မှကြည့်လျှင် နေရာကျယ်ပြန့်စွာ ဆောင်ရွက်ရခြင်းကြောင့် ဝန်ထမ်းအင်အား ပိုမိုအသုံးပြုရ မည်ဖြစ်ပါသည်။

## ၉.၁၀.၂ သစ်ထုတ်လုပ်ခြင်း

မြိတ်ခရိုင်အတွင်း ယခုလက်ရှိ ကျင့်သုံးနေသော သစ်ထုတ်လုပ်ရေးစနစ်မှာ တောတောင် ထူထပ်မတ်စောက်သောကြောင့် ကျွဲကွက်မရှိဘဲ ဆင်ကွက်သာရှိပါသည်။ ဆင်ဖြင့် ဖောင်ဖွဲ့ နိုင်သည့် မြစ်ဆိပ်၊ချောင်းဆိပ်အထိ ဆွဲယူပြီး လှူဖြင့် လည်းကောင်း၊ စက်လှေဖြင့် လည်းကောင်း ဆွဲယူရပါသည်။ သို့ရာတွင် ယခုအချိန်တွင် မော်တော်ကားလမ်းဖောက်ပြီး ဖြစ်ပါသဖြင့် နောင်တစ်ချိန်တွင် စက်ယန္တရားဖြင့် သစ်ထုတ်လုပ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ယန္တရားဖြင့် သစ်ထုတ်လုပ် ဆောင်ရွက်ခြင်းထက် ကျွဲ၊ နွား၊ ဆင်များ ဖြင့် သစ်ထုတ်လုပ်ခြင်းက သဘာဂပတ်ဂန်းကျင် ပျက်စီးမှုကို နည်းပါးစေပါသည်။ ငွေကုန်နည်း သကဲ့သို့ သစ်ထွက်မှု ပမာဏလည်း နည်းပါးသည်။ ယန္တရားအသုံးပြုပါက ရင်းနှီးငွေများစွာ မြှုပ်နှံရပြီး အချိန်တိုအတွင်း သစ်ပမာဏ များများထုတ်လုပ်နိုင်ပါသည်။ ယန္တရားဂင်ရောက်ခြင်းဖြင့် ယန္တရားများသွားလာနိုင်အောင် လမ်းကြောင်းထိုးရခြင်း၊ ကွင်းရှင်းခြင်းများ ဆောင်ရွက်ရသောကြောင့် မလိုလားအပ်ပဲ သစ်ပင်ကြီးများ ရှင်းပစ်ရခြင်း၊ ကွက်လပ်များ ဖြစ်အောင် သစ်ပင်များရှင်းပစ်ရခြင်းကြောင့် သစ်ပင်များ ဆုံးရှုံးရသည့်အပြင် ကွက်လပ်များ၊ လမ်းကြောင်းကြီးများ ဖြစ်ပေါ်စေပါသည်။ ထိုအပြင် ၄င်း ဧရိယာများတွင် အပေါ်ယံမြေဆီလွှာများ ပြုန်းတီးနေခြင်း၊ သဘာဂပတ်ဂန်းကျင် ပျက်စီးခြင်းများ ဖြစ်ပေါ်ရပါသည်။ သဘာဝပတ်ဂန်းကျင်ပျက်စီးမှု အနည်းဆုံး ဖြစ်အောင် ယန္တရားများကို လိုအပ်သလောက်သာ အသုံးပြုစေပြီး သစ်ထုတ်လုပ်ငန်း ပြီးပါက ယန္တရားများကြောင့် ပျက်စီးသွားသော သဘာဂပတ်ဂန်းကျင်ကို ပြန်လည်ပြုစုပေးရပါမည်။ ဤသို့ ပြန်လည်ထိန်းသိမ်းပြုစုရာတွင် ကုန်ကျမည့် ငွေကြေးပမာဏကို ထုတ်လုပ်သည့် အဖွဲ့အစည်းမှ တာဂန်ယူဆောင်ရွက်စေသင့်ပါသည်။

## ၉.၁၀.၃ အပန်းဖြေခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း

အပန်းဖြေခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ တိုးတက်လာမည် ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် ဝင်ငွေရရှိလာမည်ဖြစ်ပါသည်။ ဖွင့်လှစ်သည့် စခန်းများကို စနစ်တကျ စည်းကမ်းများ ချမှတ်ပြီး ချမှတ်ထားသော စည်းကမ်းအတိုင်း လိုက်နာအောင် ကြီးကြပ်ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု မရှိနိုင်ပါ။ စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုမရှိလျှင် မီးဘေးအန္တရာယ်များကျ ရောက်ခြင်း၊ ထိန်းသိမ်းထားသော ဧရိယာကို ဖျက်ဆီးခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိလာနိုင်ပါသည်။ သို့ဖြစ်၍ အပန်းဖြေခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဆောင်ရွက်ပါက စည်းကမ်းချက်များ စနစ်တကျရေးဆွဲ ချမှတ်ပြီး လိုက်နာဆောင်ရွက်အောင် ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ စီမံကိန်းကာလအတွင်း မြိတ်ခရိုင်တွင် အခြေအနေပေးပါက အဆိုပြုထားသော သဘာဝထိန်းသိမ်းရေး နယ်မြေနှင့် အမျိုးသားဥယျာဉ်များတွင် သဘာဝအခြေခံသွား လုပ်ငန်းအတွက် နေထိုင်ရန် စခန်းနှင့် သွားလာရန် ရေယာဉ်များ စီစဉ်သွားမည်ဖြစ်ပါသည်။

## ၉.၁၀.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ

သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိသော သဘာဝတောကို မှီခိုနေထိုင်ကြသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် သဘာဝအတိုင်း မှီတည်းရှိ နေကြမည် ဖြစ်ပါသည်။ တောတွင်းသို့ ကားလမ်းများဖောက်လုပ်ပြီး လူအဝင် အထွက်များလာသည် နှင့်အမျှ သဘာဝအပင်များကို လူများက စုဆောင်းခိုးယူပြီး တောရိုင်းတိရစ္ဆာန်များကို ပစ်ခတ်ဖမ်းဆီးခြင်း၊ တောရိုင်းတိရစ္ဆာန်များအနေဖြင့်လည်း လူရောက်ရှိလာပါက လူနှင့် ဝေးရာဒေသသို့ ရွှေ့ပြောင်းသွားရခြင်းစသော ဆိုးကျိုးတရားများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကို ကာကွယ်ရန် ကာကွယ်တောနှင့်ဘေးမဲ့တောများကို သတ်မှတ်ပြီး ဥပဒေအရ ထိရောက်စွာ ကာကွယ်ပေးခြင်းဖြင့် လူတို့၏ နှောက်ယှက်ဖျက်ဆီးမှု ကင်းဝေးသွားပါက သဘာဝပတ်ဝန်းကျင်ကလည်း အလိုလိုထိန်းသိမ်းပြီး ဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကို ထိန်းသိမ်းခြင်းသည် သဘာဝဝန်းကျင်နှင့် အပြန်အလှန်အကျိုးကျေးဇူးပြုနေခြင်းသာ ဖြစ်ပါသည်။

## ၉.၁၁ အခြေခံအဆောက်အဦ

### ၉.၁၁.၁ အဆောက်အအုံလမ်းနှင့် တံတားများ

စီမံကိန်းကာလအတွင်း တည်ထောင်မည့် ရုံးများ၊ အိမ်များ၊ ဧည့်ရိပ်သာများကိုဇယား (၉.၁၁.၁)က ဖြင့်လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းမည့်အစီအစဉ်များကို ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**စီမံကိန်းကာလအတွင်း ပြုပြင်မွမ်းမံမည့် အိမ်များ၊ တည်းခိုရိပ်သာများစာရင်း**

ဇယား(၉.၁၁.၁)

| မြို့နယ် | အဆောက်အဦ | အမျိုးအစား | တည်နေရာ | ပြုပြင်မည့် လုပ်ငန်း | ပြုပြင်မည့် ခုနှစ် | ခန့်မှန်းကုန်ကျမည့်ငွေ (ကျပ်) |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| မြိတ် | ဧည့်ရိပ်သာ | အုပ်ညှပ်၊ သွပ်မိုး | ရှမ်းချောင်း ပို့ဥယျာဉ်၊ မြိတ်မြို့ | တိုးချဲ့ပြင်ဆင်ခြင်းလုပ်ငန်း | ၂၀၁၆-၁၇ | ၅၀ သိန်း |
| မြိတ် | လ/ထညွှန်မှူးရုံး နေအိမ် | သွပ်မိုး အုပ် | ရုံးဝင်း အတွင်း | သွပ်မိုး၊ အမိုးပြင် | ၂၀၁၆-၁၇ | ၃၀ သိန်း |
| ကျွန်းစု | ရုံးအဆောက်အဦ | သွပ်မိုး အုပ်ညှပ်၊ | ရုံးဝင်း အတွင်း | မျက်နှာကြက် သွပ်မိုး | ၂၀၁၆-၁၇ | ၁၅ သိန်း |
| မြိတ်ခရိုင် မြိတ် | လ/ထညွှန်မှူး နေအိမ် | သွပ်မိုး | ရုံးဝင်း အတွင်း | အမိုးပြင်၊ ဆေးသုတ်၊ အောက်ကြမ်းခင်းပြင် | ၂၀၁၆-၁၇ | ၂၀သိန်း |
| မြိတ် | ဦးစီးအရာရှိ နေအိမ် | အုပ်ညှပ်၊ သွပ်မိုး | ရုံးဝင်း အတွင်း | အောက်ကြမ်းခင်းပြင် | ၂၀၁၆-၁၇ | ၂၀ သိန်း |
| တနင်္သာရီ | ဦးစီးအရာရှိရုံး | ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး | ရုံးဝင်း အတွင်း | ကြမ်းခင်း၊ ဆင့်ယက်မ၊ ကဘန်းပျား၊ ဆင့်၊ ကြမ်းခင်း၊ ပျဉ်ကာ | ၂၀၁၆-၁၇ | ၂၀ သိန်း |
| ပုလော | ရုံးအဆောက်အဦ | အုပ်ညှပ်၊ သွပ်မိုး | အမှတ်(၃) ရပ်ကွက်၊ | မျက်နှာကျက် အမိုးပြင် | ၂၀၁၆-၁၇ | ၁၅ သိန်း |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၁၁.၂ ဆက်သွယ်ရေး

စီမံကိန်းကာလအတွင်း မြို့နယ်အသီးသီးတွင် Internet တပ်ဆင်ခြင်း လုပ်ငန်းများကို အခြေအနေပေးသည့်အတိုင်း ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

### ၉.၁၁.၃ စက်နှင့် စက်ကိရိယာများ

စီမံကာလတွင် ခရိုင်အတွင်းအသုံးပြုမည့် စက်နှင့်စက်ကိရိယာများ စာရင်းကို ဇယား (၉.၁၁.၃)တွင် ဖော်ပြထားပါသည်။

**စီမံကိန်းကာလအတွင်း လိုအပ်သော ယာဉ်ယန္တရားများ၊ စက်ကိရိယာများစာရင်း**

ဇယား(၉.၁၁.၃)

| စဉ် | မြို့နယ် | ယာဉ်/ယန္တရား စက်ကိရိယာအမည် | ဦးရေ | အသုံးပြုမည့် လုပ်ငန်း | လိုအပ်သည့် ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | မြိတ် | မြက်ဖြတ်စက် | ၁ | ပျိုးဥယျာဉ် | ၂၀၁၆-၁၇ | |
| | | ကူဘိုတာရေစုပ်စက် | ၁ | ပျိုးဥယျာဉ် | ၂၀၁၆-၁၇ | |
| | | ကူဘိုတာရေစုပ်စက် | ၁ | ဦးစီးမှူးရုံး/အိမ် | ၂၀၁၆-၁၇ | |
| ၂ | တနင်္သာရီ | ထော်လာဂျီ | ၁ | ပျိုးဥယျာဉ် | ၂၀၁၆-၁၇ | |
| | | တရုတ်နီ(၁၃)ကောင် | ၁ | ပဲ့ထောင်တွင်တပ်ရန် | ၂၀၁၆-၁၇ | |
| ၃ | ပုလော | မြက်ဖြတ်စက် | ၁ | ပျိုးဥယျာဉ် | ၂၀၁၆-၁၇ | |
| | | ရေစုပ်စက် | ၁ | ပျိုးဥယျာဉ် | ၂၀၁၆-၁၇ | |
| | | ထော်လာဂျီ | ၁ | ပျိုးဥယျာဉ် | ၂၀၁၆-၁၇ | |
| ၄ | ကျွန်းစု | ထော်လာဂျီ | ၁ | ပျိုးဥယျာဉ် | ၂၀၁၆-၁၇ | |
| | | ရေစုပ်စက် | ၁ | ပျိုးဥယျာဉ် | ၂၀၁၆-၁၇ | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၁၂ ဝန်ထမ်းအင်အားနှင့် ဘတ်ဂျက်

#### ၉.၁၂.၁ ဝန်ထမ်းအင်အား

စီမံကိန်းကာလအတွင်း ဝန်ထမ်းအင်အားကို မြို့နယ်အလိုက် ဖွဲ့စည်းပုံ အရ ခွင့်ပြုအင်အားအတိုင်း အပြည့်အဝ ခန့်ထားပေးသင့်ပါသည်။ အထူးသဖြင့် တောအုပ်ကြီးနှင့် တောအုပ်နေရာများတွင် ဦးစားပေး ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ သစ်တောလုပ်ငန်းများတွင် လိုအပ်သောနေရာများသို့ ဝန်ထမ်းအင်အား

ချထားရေးအတွက် လက်ထောက်ညွှန်ကြားရေးမှူးမှ ခရိုင်အတွင်းရှိ ဝန်ထမ်းအင်အားကို အသုံးပြု၍ ဆောင်ရွက်သွားရပါမည်။ တိုင်းအတွင်း ဝန်ထမ်းအင်အားဖြင့် မလုံလောက်ပါက ရုံးချုပ်သို့တင်ပြပြီး ဝန်ထမ်းအင်အား ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နှစ်အလိုက် သစ်တောလုပ်ငန်းအလိုက် လုပ်သား လိုအပ်ချက်စာရင်းကို ဇယား(၉.၁၂.၁) တွင် ဖော်ပြထားပါသည်။

**စီမံကိန်းကာလအတွင်း သစ်တောလုပ်ငန်းအလိုက် နှစ်စဉ်လိုအပ်သော လုပ်သားများစာရင်း**

ဇယား (၉.၁၂.၁)

| စဉ် | လုပ်ငန်းအမျိုးအစား | လိုအပ်သော လုပ်သားအင်အား | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မြိတ် | တနင်္သာရီ | ကျွန်းစု | ပုလော | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကျွန်းသင်းသတ်ခြင်း | - | - | - | - | - | |
| ၂ | ကျွန်းစိုရိုက်မှတ်ခြင်း | - | - | - | - | - | |
| ၃ | သစ်မာပင်ထောင်ရိုက်မှတ်ခြင်း | - | ၃၀ | - | - | ၃၀ | |
| ၄ | ပဝတ္တိမျိုးဆက်ခြင်း | ၂၀ | - | ၂၀ | - | ၄၀ | |
| ၅ | ဓမ္မတာမျိုးဆက်ခြင်း | ၃၀ | ၁၂၀ | ၃၀ | ၅၀ | ၂၃၀ | |
| ၆ | ပေါင်းသင်ရှင်းလင်းခြင်း | ၅၀ | - | ၅၀ | - | ၁၀၀ | |
| ၇ | ပင်ကျပ်နှုတ်ခြင်း | - | - | - | - | - | |
| ၈ | နွယ်ဖြတ်ညောင်ပတ်လှဲခြင်း | - | - | - | - | - | |
| ၉ | သစ်တောလမ်းဖောက်လုပ်ခြင်း | - | ၃၀ | - | - | ၃၀ | |
| ၁၀ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း | - | ၂၀ | - | - | - | |
| ၁၁ | အကွက်နယ်နိမိတ်ပြင်ခြင်း | - | - | - | - | - | |
| ၁၂ | မီးကာကွယ်ခြင်း | ၇၀ | - | ၇၀ | - | ၁၄၀ | |
| | **စုစုပေါင်း** | **၁၇၀** | **၂၀၀** | **၁၇၀** | **၅၀** | **၅၉၀** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## ၉.၁၂.၂ ဘတ်ဂျက်

စီမံကိန်းကာကအတွင်း သစ်တောလုပ်ငန်း အမျိုးအစားအလိုက် သာမန်အသုံးစရိတ်လိုအပ်ချက်ကို ဇယား (၉.၁၂.၂)က ဖြင့်လည်း ကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်လိုအပ်ချက် ဇယားကို (၉.၁၂.၂)ခ ဖြင့်လည်းကောင်း ဖော်ပြထားပါသည်။

## စီမံကိန်းကာလအတွင်း မြိတ်ခရိုင်တွင် သစ်တောတောလုပ်ငန်းအမျိုးအစားအလိုက် နှစ်စဉ်ဘတ်ဂျက်လိုအပ်မှု (သာမန်အသုံးစရိတ်)

ဇယား(၉.၁၂.၂)က

| ခုနှစ် | လုပ်ငန်းအမျိုးအစား | ရေတွက်ပုံ | ပမာဏ | ခွင့်ပြုနှုန်း (ကျပ်) | လိုအပ်သည့် ရန်ပုံငွေ |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| တစ်နှစ်အတွက် | ပေါင်းသင်ရှင်းလင်းခြင်း | ဧက | ၅၀ | ၉၀၀၀ | ၄၅၀၀၀၀ |
| | မီးကာကွယ်ခြင်း | ဧက | ၅၀ | ၂၇၀၀ | ၁၃၅၀၀၀ |
| | သစ်ပင်ပွဲတော်အတွက် ပျိုးပင်များဖြန့်ဝေခြင်း | ပင်ရေ | ၁၃၆၉၀၀ | ၁၃ | ၁၇၇၉၇၀၀ |
| | စုစုပေါင်း | | | | ၂၃၆၄၇၀၀ |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

## စီမံကိန်းကာလအတွင်း မြိတ်ခရိုင်တွင် သစ်တောတောလုပ်ငန်းအမျိုးအစားအလိုက် နှစ်စဉ်ဘတ်ဂျက်လိုအပ်မှု (ငွေလုံးငွေရင်း)

ဇယား(၉.၁၂.၂)ခ

| ခုနှစ် | လုပ်ငန်းအမျိုးအစား | ပမာဏ | ခွင့်ပြုနှုန်း (ကျပ်) | လိုအပ်သည့် ရန်ပုံငွေ | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| တစ်နှစ်အတွက် | ပဝတ္တိမျိုးဆက်ခြင်း | ၅၀ | ၁၁၉၃၀၀ | ၅၉၆၅၀၀၀ | |
| | **စုစုပေါင်း** | **၅၀** | **၁၁၉၃၀၀** | **၅၉၆၅၀၀၀** | |

ဇစ်မြစ် - မြိတ်ခရိုင်၊သစ်တောဦးစီးဌာန

### ၉.၁၂.၃ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ဆန်းစစ်ခြင်း

သစ်မာပင်ထောင်ရိုက်ခြင်းလုပ်ငန်းတွင် ယခုခွင့်ပြုထားသော ရန်ပုံငွေဖြင့် လုပ်ကိုင်ဆောင်ရွက် နိုင်သော်လည်း အစစအရာရာ ကုန်ဈေးနှုန်းကြီးမြင့်နေသည့်အခါ ကာလတွင်ခွင့်ပြု ရန်ပုံငွေဖြင့် လုပ်သားရရှိရေးမှာ များစွာအခက် အခဲကြုံရပါသည်။ ပြင်ပလုပ်အားခ ပေါက်ဈေးနှုန်းဖြင့် ပေးချေနိုင်ရန် ရန်ပုံငွေ ခွဲဝေချထားခွင့်ပြုမှသာ လုပ်ငန်းများ ကောင်းမွန်သပ်ရပ်ပြီး အချိန်မှီ ပြီးစီးနိုင်မည် ဖြစ်ပါသည်။

ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ခွင့်ပြုရန်ပုံငွေမှာ နည်းလွန်းသဖြင့် ခွင့်ပြုရန်ပုံငွေဖြင့် လုံလောက်အောင် ဆောင်ရွက်ရသောကြောင့် လုပ်ငန်းတွင် ထိရောက်မှု အားနည်းပါသည်။ လုပ်သင့်လုပ်ထိုက်သလို မလုပ်နိုင်ဘဲ ငွေကုန်သည့်အခါ လုပ်ငန်းရပ်ဆိုင်းလိုက်ရသဖြင့် သတ်မှတ်ဧက အပြည့်အဝ ဆောင်ရွက်ရန် အခက်အခဲ တွေ့ရပါသည်။ ပြင်ပပေါက်ဈေးဖြင့် ရန်ပုံငွေခွဲဝေချပေးပါက လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်လာ မည်ဖြစ်ပါသည်။

ပေါင်းရှင်းလင်းခြင်း လုပ်ငန်းမှာ တစ်ဧကလျှင် အနည်းဆုံး(၅) ယောက်လုပ်ကိုင်မှ သပ်ရပ်မှုရှိပါသည်။ ခွင့်ပြုရန်ပုံငွေဖြင့် လုပ်သား (၅)ယောက် မရနိုင်သဖြင့် ရသလောက် လုပ်သား(၂)ယောက် (၃) ယောက်ဖြင့် ခုတ်ရသောကြောင့် ပေါင်းခုတ်ကြမ်းခြင်းဖြစ်လာသည်။ ပေါင်းခုတ်ကြမ်းသဖြင့် စိုက်ပင်များ ရှင်သန် ကြီးထွားမှု နှောင့်နှေးပြီး စိုက်ခင်းများ အရည်အသွေး ကျဆင်းလာပါသည်။ တခါတရံ မူလစိုက်ခင်းဧက အပြည့် မခုတ်နိုင်ဘဲ ပေါင်း(၂)ကြိမ်အစား (၁)ကြိမ် တည်းသာ ခုတ်ရခြင်းများ ဖြစ်ပေါ်လာတတ်ပါသည်။ သို့ဖြစ်၍ ပြင်ပ ပေါက်ဈေးနှုန်းဖြင့် တစ်ဧကလူ(၅)ယောက်အတွက် ရန်ပုံငွေခွဲဝေချထားပေးမှသာ ပေါင်းသင် ရှင်းလင်းခြင်းလုပ်ငန်းကို သပ်ရပ်စွာဆောင်ရွက်နိုင်ပြီး စိုက်ခင်းများ အရည်အသွေး မြင့်မားလာမည် ဖြစ်ပါသည်။

နွယ်ဖြတ်ညှောင်ပင်လှဲခြင်းလုပ်ငန်းမှာ လုပ်ကိုင်ရန် အလွန်လိုအပ်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ သင်းသတ်ခြင်း၊ သစ်မာပင်ထောင်ရိုက်ခြင်း လုပ်ငန်းများရှိသည့်အခါ ၎င်းလုပ်ငန်းနှင့်အတူတွဲ၍ တောများကိုကောင်းအောင် ပြုပြင်ပေးရခြင်းဖြစ်ရာ ၎င်းအချိန်တွင်ထိ ရောက်စွာ လုပ်ကိုင်နိုင်ရေးအတွက် ရန်ပုံငွေများကို လုံလောက်စွာ ဖြည့်ဆည်းပေးပို့သင့်ပါသည်။ ခွင့်ပြုရန်ပုံငွေ လုံလောက်စွာ ခွဲဝေမပေးပါက ခွင့်ပြုရန်ပုံငွေအတွင်းမှသာ လုပ်သားငှားရမ်း လုပ်ကိုင်ရသဖြင့် လုပ်နိုင်သည့်နေရာတွင် အကျိုးတရား ခံစားရသော်လည်း ငွေမလုံလောက်၍ မလုပ်နိုင်သော နေရာများတွင် အကျိုးဖြစ်ထွန်းမှု မရရှိနိုင်ကြောင်း တွေ့ရသည်။

ကြိုးဝိုင်း နယ်နိမိတ်ပြင်ဆင်ခြင်းနှင့် အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း လုပ်ငန်းမှာ ခွင့်ပြုရန်ပုံ ငွေနည်းသဖြင့် ထိထိရောက်ရောက် လုပ်ကိုင်နိုင်ခြင်းမရှိကြောင်း တွေ့ရပါသည်။ ခွင့်ပြုရန်ပုံ ငွေအတွင်းမှ လုပ်သင့်လုပ်ထိုက်သည်များကိုသာ ဆောင်ရွက်ထားခြင်း တွေ့ရသည်။ နယ်နိမိတ်ကို ခက်ခက်ခဲခဲရှာယူရသည်အထိ တွေ့ရှိ နေရပါသည်။ နယ်နိမိတ်ပြင်ဆင်ခြင်းကို စီမံချက်တစ်ရပ်အသွင်ချမှတ်ပြီး

သင့်တော် လုံလောက်သည့် ရန်ပုံငွေခွဲဝေပေးပြီး ဆောင်ရွက်ခြင်းသည် သင့်တော်မည် ဖြစ်ပါသည်။

မီးဘေးအန္တရာယ် ကျရောက်မှုမှာ အဆိုးဝါးဆုံးဖြစ်သည်။ ကြိုတင် ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ မီးတားလမ်းဖောက် လုပ်ရန် ရန်ပုံငွေတိုးမြှင့်ခွဲဝေပေးသင့်ပါသည်။ မီးစောင့်များ လုံလောက်စွာခန့်ထားခြင်း၊ မီးငြိမ်းသတ်ကိရိယာများ ဖြည့်ဆည်းပေးခြင်းများ၊ ဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ကို အတိုင်း အတာ တစ်ခုအထိ ကာကွယ်နိုင်ပါသည်။

## ၉.၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

ကြီးကြပ်စစ်ဆေးခြင်းသည် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်ကာလအတွင်း ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပြီး အကဲဖြတ်ခြင်းမှာ စီမံကိန်းအစီအစဉ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် ထွက်ပေါ်လာသည့် ရလဒ်များကို တန်ဖိုးဖြတ်သည့် လုပ်ဆောင်မှု တစ်ခုဖြစ်ပါသည်။

### ၉.၁၃.၁ ရည်ရွယ်ချက်များ

**ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာ ရည်ရွယ်ချက်များ**

(က) တိုးတက်မှုနှင့် ရလဒ်များကို ခန့်မှန်းအကဲဖြတ်ရန် ၊

( ခ )အခက်များ ကြုံတွေ့ဖွယ်ရှိသည့်နယ်မြေ (Potential Problem Areas)များကို မီးမောင်းထိုးပြရန် ၊

( ဂ )ကုန်ကျစရိတ်သက်သာသည့် လုပ်ကိုင်နည်းစနစ်များကို တိုးတက် ဖြစ်ပေါ်လာစေရန်၊

(ဃ) ပိုမိုထိရောက်မှုရှိပြီး စနစ်ကျသည့် လုပ်နည်းကိုင်နည်းများကို ကျင့်သုံးရာတွင် စီမံကိန်းအကောင်အထည်ဖော်သူ မန်နေဂျာ များကို ပံ့ကူညီရန်တို့ ဖြစ်ပါသည်။

**အကဲဖြတ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များ**

(၁) စီမံကိန်း/လုပ်ငန်းအစီအစဉ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှ ရရှိလာသည့် ကျိုးကြောင်း ဆီလျော်မှု/ အခြေခိုင်ခြင်း (Validity)၊ ထိရောက်မှု (Effectiveness)၊ လျော်ကန်သင့်မြတ်မှု (Worthiness)စသည့်

အချက်များအပေါ် အခြေခံသော လက်တွေ့သင်ခန်းစာများကို နောင်လုပ်ကိုင်မည့် အလားတူ လုပ်ငန်းများအတွက် ထုတ်ဖော်အသုံးချသွားနိုင်ရန် ၊

(၂) လုပ်ဆောင်မှုများနှင့် ဆက်နွယ်နေသည့်အကြောင်းအရာများ၊ အကျိုးသက်ရောက်မှုများနှင့် လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကို ဓမ္မဓိဋ္ဌာန်ကျကျ စီစစ်ရန် ၊

## ၉.၁၃.၂ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းစနစ်/နည်းလမ်း

သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းတိုးတက်မှုကို ကြီးကြပ်သည့်စနစ် (Monitoring System) သည် အောက်ပါ အချက်အလက်များကို သုံးသပ်သွားမည် ဖြစ်ပါသည်။

(၁) ရေးဆွဲချမှတ်ထားသည့် စီမံကိန်းပါ အချက်အလက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ရရှိသည့် အောင်မြင် မှုများနှင့် ကြုံတွေ့ရသည့် အခက်အခဲအတားအဆီးများ၊

(၂) တာဝန်ယူဆောင်ရွက်မှုများ၏ အရည်အသွေး၊

(၃) ကုန်ကျမှုနှင့် အကျိုးရှိမှု၊

(၄) ဝင်ငွေနှင့် သုံးငွေ၊

(၅) သွင်းအားစုများ (ငွေကြေး၊ လူအင်အားနှင့် လုပ်ငန်းသုံး ပစ္စည်းများ စသည်) ရရှိနိုင်မှုနှင့် အသုံးပြုမှု၊အကဲဖြတ်သည့်စနစ် (Evaluation System) သည်လည်း စီမံကိန်းကာလ တစ်လျှောက်လုံးတွင် အကဲဖြတ်ခြင်း (၄)မျိုးကို ဆောင် ရွက်မည်ဖြစ်ပါသည်။

(၁) စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း

(၂) စီမံကိန်းအလယ်အကဲဖြတ်ခြင်း

(၃) စီမံကိန်းအဆုံး အကဲဖြတ်ခြင်း

## ၉.၁၃.၃ စီမံကိန်းအလယ်/စီမံကိန်းအဆုံးတွင် အကဲဖြတ်ခြင်း

စီမံကိန်းအလယ်(၅)နှစ်တွင် တစ်ကြိမ်အကဲဖြတ်ခြင်းဖြင့် ချမှတ်ထားသော မူဝါဒများကို ပြန်လည်သုံးသပ်နိုင်ပြီး ဖွံ့ဖြိုးမှုလမ်းကြောင်းကိုလည်း လိုအပ်ပါက ပြန်လည်တည့်မတ်ပေးနိုင်မည်ဖြစ်ပါသည်။ အကဲဖြတ်ခြင်းကြောင့် ချမှတ်ထားသော ရည်မှန်း

ချက်များကို ပြန်လည်ပြင်ဆင်နိုင်ပြီး စီမံကိန်းဆိုင်ရာ လုပ်ဆောင်ချက်များကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေနိုင်ပါသည်။

စီမံကိန်းအဆုံးတွင် စီမံကိန်းအတွက် ချမှတ်ထားသော ရည်ရွယ်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ၊ စီမံကိန်းကို ရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်ခြင်းကြောင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ (ကောင်းကျိုး/ဆိုးကျိုး) ကို ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။

## ၉.၁၄ အထွေထွေ

မြိတ်ခရိုင်အတွင်းရှိ သစ်တောသယံဇာတများကို ယခုကဲ့သို့ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း၊ တစ်ရပ်ရေးဆွဲ၍ စနစ်တကျအုပ်ချုပ်ခြင်းနှင့် ထုတ်ယူသုံးစွဲခြင်းတို့ကို ဆောင်ရွက်ရာတွင် ချမှတ်ထားသော လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်မှာ သစ်တောဦးစီးဌာနရှိ ဝန်ထမ်းများ၏ နိုင်ငံတော်အပေါ် တာဝန်သိမှုနှင့် သစ္စာရှိမှု၊ ပြည်သူများ၏ အသိစိတ်ရှိရှိဖြင့် ပူးပေါင်းပါဝင်မှုနှင့် ရေးဆွဲချမှတ်ထားသော သစ်တောဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာမှုမရှိမဖြစ် လိုအပ်သည့် အချက်များ ဖြစ်ပါ သည်။

# ၁၀။ မြေပုံနှင့်နောက်ဆက်တွဲများ

မြိတ်ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းတွင် အောက်ပါမြေပုံများ ပါဝင်ပါသည် -

(၁) ခရိုင်အုပ်ချုပ်မှုမြေပုံ

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများပြမြေပုံ

(၃) အလုပ်တိုက်နယ်နှင့်ခုတ်စဉ်နယ်နိမိတ်များပြမြေပုံ

(၄) သစ်တောဖုံးလွှမ်းမှု အခြေအနေပြမြေပုံ

(၅) သစ်တောအုပ်ချုပ်လုပ်ကိုင်မှုပြမြေပုံ

(၆) တည်ထောင်ပြီး စိုက်ခင်းများတည်နေရာပြမြေပုံ

(၇) ပုဂ္ဂလိကစိုက်ခင်းများတည်နေရာပြမြေပုံ

(၈) မြေယာအသုံးချဇုန်နယ်မြေခွဲဝေခြင်းပြမြေပုံ

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်
# မြေယာအသုံးချဇုန်နယ်မြေခွဲဝေခြင်းပြမြေပုံ




N

စကေး – ၁ လက်မ = ၁၄ မိုင်

ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်
- မြို့နယ်နယ်နိမိတ်
- ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနယ်နိမိတ်/
- အမျိုးသားဥယျာဉ်နှင့်ဘေးမဲ့တောနယ်နိမိတ်
- ရေ/မြစ်/ချောင်း
- ကားလမ်း
- မြို့
- (ဝိုင်း) ကြိုးဝိုင်းတော
- (ပြင်) ကြိုးပြင်ကာကွယ်တော

- သစ်နှင့်သစ်တောထွက်ပစ္စည်းများထုတ်လုပ်ရေးဇုန်
- လယ်မြေများဇုန်(ဌာန)
- သစ်တောစိုက်ခင်းများဇုန်(ဌာန)
- သစ်တောစိုက်ခင်းများဇုန်(ပုဂ္ဂလိက)
- ဒေသထောက်ပံ့ရေးဇုန်
- ရေဝေရေလဲထိန်းသိမ်းရေးဇုန်
- သဘာဝနယ်မြေများထိန်းသိမ်းရေးဇုန်
- မြေအောက်သယံဇာတတူးဖော်ရေးဇုန်
- ဖွံ့ဖြိုးရေးဇုန်
- ဒီရေတောထိန်းသိမ်းရေးဇုန်
- စက်မှုကုန်ကြမ်းစိုက်ခင်းများဇုန်

စစ်မြေပုံ – 95 _K 4, 10, 11, 12, 15, 16
95 _O 3, 4
95 _L 1, 5 to 16
95 _P 1 to 4, 6, 7, 8, 12
96 _I 5, 6, 9, 10, 12, 14
96 _M 1, 2, 3, 5, 6, 7, 9, 10

TZM

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်
# အလုပ်တိုက်နယ်နှင့် ခုတ်စဉ်နယ်နိမိတ်များပြမြေပုံ



# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်
# ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ နယ်နိမိတ်များပြမြေပုံ




ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်
- မြို့နယ်နယ်နိမိတ်
- ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနယ်နိမိတ်/
- အမျိုးသားဥယျာဉ်နှင့်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်နိမိတ်
- အကွက်နယ်နိမိတ်
- ရေ/မြစ်/ချောင်း
- ကားလမ်း
- မြို့

(ဝိုင်း) ကြိုးဝိုင်းတော

(ပြင်) ကြိုးပြင်ကာကွယ်တော

ဇစ်မြစ် – 95 _K 4, 10, 11, 12, 15, 16
95 _O 3, 4
95 _L 1, 5 to 16
95 _P 1 to 4, 6, 7, 8, 12
96 _I 5, 6, 9, 10, 12, 14
96 _M 1, 2, 3, 5, 6, 7, 9, 10

TZM

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်
# ပုဂ္ဂလိကပိုင်စိုက်ခင်းများတည်နေရာပြမြေပုံ




ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်
- မြို့နယ်နယ်နိမိတ်
- ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနယ်နိမိတ်/ အမျိုးသားဥယျာဉ်နှင့်ဘေးမဲ့တောနယ်နိမိတ်
- ရေ/မြစ်/ချောင်း
- ကားလမ်း
- မြို့

(ဝိုင်း) ကြိုးဝိုင်းတော

(ပြင်) ကြိုးပြင်ကာကွယ်တော

- တည်ထောင်ပြီးစိုက်ခင်းများ
- တည်ထောင်မည့်စိုက်ခင်းများ

စစ်မြေပုံ – 95 _K 4, 10, 11, 12, 15, 16
95 _O 3, 4
95 _L 1, 5 to 16
95 _P 1 to 4, 6, 7, 8, 12
96 _I 5, 6, 9, 10, 12, 14
96 _M 1, 2, 3, 5, 6, 7, 9, 10

TZM

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်
# သစ်တောဦးစီးဌာန စိုက်ခင်းများတည်နေရာပြမြေပုံ




ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်
- မြို့နယ်နယ်နိမိတ်
- ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနယ်နိမိတ်/
- အမျိုးသားဥယျာဉ်နှင့်ဘေးမဲ့တောနယ်နိမိတ်
- ရေ/မြစ်/ချောင်း
- ကားလမ်း
- မြို့
- (ဝိုင်း) ကြိုးဝိုင်းတော
- (ပြင်) ကြိုးပြင်ကာကွယ်တော
- တည်ထောင်ပြီးစိုက်ခင်းများ
- တည်ထောင်မည့်စိုက်ခင်းများ

စစ်မြစ် – 95 _K 4, 10, 11, 12, 15, 16
95 _O 3, 4
95 _L 1, 5 to 16
95 _P 1 to 4, 6, 7, 8, 12
96 _I 5, 6, 9, 10, 12, 14
96 _M 1, 2, 3, 5, 6, 7, 9, 10

TZM

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်
# သစ်တောဖုံးလွှမ်းမှု အခြေအနေပြမြေပုံ




စကေး - ၁ လက်မ = ၁၄ မိုင်

ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်
- မြို့နယ်နယ်နိမိတ်
- ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနယ်နိမိတ်/ အမျိုးသားဥယျာဉ်နှင့်ဘေးမဲ့တောနယ်နိမိတ်
- ရေ/မြစ်/ချောင်း
- ကားလမ်း
- မြို့
- (ဝိုင်း) ကြိုးဝိုင်းတော
- (ပြင်) ကြိုးပြင်ကာကွယ်တော

- ရွက်အုပ်ပိတ်တော
- ရွက်အုပ်ပွင့်တော
- တောနိမ့်
- စိုက်ပျိုးမြေ
- ရေ
- ဒီရေတော

ဇစ်မြစ် - FRA (၂၀၁၅) ခုနှစ်

IRS Liss III

tzm

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်
# သစ်တောဘိနယ်အုပ်ချုပ်မှုပြမြေပုံ




ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်
- မြို့နယ်နယ်နိမိတ်
- ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနယ်နိမိတ်/
- အမျိုးသားဥယျာဉ်နှင့်ဘေးမဲ့တောနယ်နိမိတ်
- ဘိနယ်နယ်နိမိတ်
- အကွက်နယ်နိမိတ်
- ရေ/မြစ်/ချောင်း
- ကားလမ်း
- မြို့
- (ဝိုင်း) ကြိုးဝိုင်းတော
- (ပြင်) ကြိုးပြင်ကာကွယ်တော

ဓါတ်မြေပုံ – 95 _K 4, 10, 11, 12, 15, 16
95 _O 3, 4
95 _L 1, 5 to 16
95 _P 1 to 4, 6, 7, 8, 12
96 _I 5, 6, 9, 10, 12, 14
96 _M 1, 2, 3, 5, 6, 7, 9, 10

TZM

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်
# အုပ်ချုပ်မှုပြမြေပုံ




ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်
- မြို့နယ်နယ်နိမိတ်
- ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနယ်နိမိတ်/ အမျိုးသားဥယျာဉ်နှင့်ဘေးမဲ့တောနယ်နိမိတ်
- ရေ/မြစ်/ချောင်း
- ကားလမ်း
- မြို့

(ဝိုင်း) ကြိုးဝိုင်းတော

(ပြင်) ကြိုးပြင်ကာကွယ်တော

ဇစ်မြစ် – 95 _K 4, 10, 11, 12, 15, 16
95 _O 3, 4
95 _L 1, 5 to 16
95 _P 1 to 4, 6, 7, 8, 12
96 _I 5, 6, 9, 10, 12, 14
96 _M 1, 2, 3, 5, 6, 7, 9, 10

TZM